www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၇ အောက်တိုဘာ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - ချယ်ရီမေ
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြဲ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကေန်မင်း ၃၉၈.၂
မဖဲဝါနဲ့ တစ္ဆေပျော်များ/ ကေန်မင်း။
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၇။
၁၉၇-စာ၊ ၁၂ x ၁၈ စင်တီ

# မဖဲဝါ
# နဲ့
# တစ္ဆေပျော်များ

ကေန်မင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ မဖဲဝါနဲ့ ကစ္ဆေပျော်များ ၃

၂။ တမလွန်ကစောင့်နေမည် ၃၄

၃။ သရဲပြက် စိန်မျက်ခုံး ၆၇

၄။ ကဝေ့ရန်ငြိုး ၁၁၂

၅။ အပင်းနဲ့အတိုက် ၁၅၀

၆။ (၃၆)ဗိုက်ပူပေါ်မှာကြုံတဲ့သရဲ ၁၇၃


BURMESE CLASSIC .com

# မဖဲဝါနဲ့ တစ္ဆေပျော်များ

"ဟဲ့ ... လုံးတင် ... ကြားပြီးပြီလား"

"ဘာကိုကြားရမှာလဲ ... အရီးပုရဲ့"

"ရွာထိပ်တံတားမှာ ဆိုင်ကယ်နဲ့တံတား ခေါင်းချင်းဆိုင် တိုက်ပြန်ပြီတဲ့"

"ဒီဆို အနည်းဆုံး တစ်ယောက်တော့ သေမှာ ကျိန်းသေပဲ"

"တစ်ယောက်မဟုတ်ဘူး ... နှစ်ယောက် ဆိုင်ကယ်ပေါ် ပါလာတဲ့ လင်မယားနှစ်ယောက်လုံး ပွဲချင်းပြီးတဲ့"

"နင့်ယောကျ်ား သောန်း မပြောဘူးလား"

"မပြောဘူး ... အရီးပုရေ ... သူက ရပ်ရေးရွာမှုကိစ္စ တော်ရုံနဲ့ ကျွန်မ သိရတာမဟုတ်ဘူး ... ဘေးကကြားလို့ ပြန်မေးမှ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အဲဒီနေရာမှာသေတာ ဘယ်နှည်းတော့မလဲ"

"ငါသိသမျှတော့ လူငယ်လူကြီး ရှစ်ယောက်လားမသိဘူး ... ပိုချင်ပိုနိုင်တယ်"

"ပရိတ်နာတာလည်း သုံးကြိမ်ရှိပြီ မဟုတ်လား၊ သေတာက လျော့မသွားဘူး အခုထိ တိုက်နေတုန်းပဲ"

"ကံတားက ကျဉ်းကျဉ်းလေးလည်း မဟုတ်ဘူး လုံးတင်ရယ် ... ကားနှစ်စီးတောင် အသာလေးရှောင်လို့ ရနေတာပဲ ... ကံတားက သရဲစီးနေလို့ပဲ နေဖြစ်မယ်"

ထိုစဉ် ခြံထဲသို့ လူရွယ်တစ်ယောက် ဝင်လာသည်။

"ဒေါ်လေးလုံးတင် ... အဘသန်းရှိလား၊ အဘွားလေးလည်း ရောက်နေတယ်"

"အေး ... ငါ တင်မေတို့အိမ်လာရင်း လှည့်ဝင်လာတာ၊ နင့်အမေ ငါ့အိမ်ကို လွှတ်လိုက်ဦး ... ဟိုနေ့က ယူသွားတဲ့ တင်းတောင်းကို ယူလာခဲ့ဖို့ သတိပေးလိုက်ဦး"

"အမေက စပါးခြင်ပြီးတာနဲ့ ကျွန်တော့်ကို ပြန်ပို့ခိုင်းတာ မေ့နေလို့ အဘွားလေးရဲ့"

"နင်က သိန်းဆောင်ဆိုင်နဲ့ တင်ထွန်းဆိုင်ဆို ... မေ့မှာ မဟုတ်ဘူး"





တင်ထွန်းက အရက်ပုန်းရောင်းသူ၊ သိန်းဆောင်က [illegible] ရောင်းသူဖြစ်သည်။

"အခုတော့ မေ့ထားရပြီ အဘွားလေးရေ"

"ကျောက်ဒိုးတို့ ... အကျွတ်တရား ရသွားပြီနဲ့တူတယ်"

"ပိုက်ဆံပြတ်နေလို့ အကျွတ်တရား ရသွားပြီနဲ့တူတယ်"

"ပိုက်ဆံပြတ်နေလို့ ဒေါ်လေးလုံးတင်ရေ ... အဘွားမလေးနဲ့ တွေ့တုန်း ပိုက်ဆံတောင်းရဦးမယ် ... စေတနာမရှိရင်လည်း ချေးငှားထားပါလား ... ကိုယ့်မြေးလေးပဲ"

"ငါက လူမိုက်အားပေးလည်း မဖြစ်ပါရစေနဲ့ ... အခု ငါ့မှာ ပိုက်ဆံဆိုလို့ တစ်ကျပ်တောင် ပါမလာဘူး"

"မညာနဲ့နော် ... ရဲကြီးတတ်တယ်၊ မပေးရင် နှိုက်ယူမှာ"

"ဟဲ့ ကျောက်ဒိုး ... နင့်အဘနဲ့ တွေ့ချင်ရင် ခြံနောက်ဘက်မှာရှိတယ် လိုက်သွား"

"ဒါနဲ့ အဘွားလေးနဲ့ ဒေါ်လေးလုံးတင်တို့ တစ်နေ့က ဆိုင်ကယ်တိုက်တဲ့အကြောင်း ပြောနေတာလား"

"ဟုတ်တယ် နင်ရောကြားလား"

"ရွာနဲ့သိပ်ဝေးတာမှ မဟုတ်ဘဲ ... ကျုပ်တော် [illegible] လိုက်သေးတယ်။ အဲ့ဒီနေရာက သရဲစီးနေတာ ညညဆို [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကားလမ်းပေါ်မှာ မြမြကြီးတွေ ရိပ်ခနဲ ရိပ်ခနဲ သွားနေတာတဲ့"

"မင်းက ဘယ်လိုသိတာလဲ"

"ကိုသံချောင်းတို့ ကင်းတဲက မကြာမကြာ ညမှောင်ပြီဆို မြင်ရတယ်တဲ့"

"ရွာလယ်ပိုင်းက ကိုကျော်ကြီး ပြောဖူးတယ်၊ သူ့ဆိုင်ကယ် ဖောက်ဆီကုန်လို့ ရွာထဲမှာဝယ်တာ မရတာနဲ့ အလယ်ရွာမှာ ဓာတ်ဆီ သွားဝယ်တယ်၊

သူဓာတ်ဆီဝယ်ပြီး ပြန်လာတော့ နည်းနည်းမှောင်နေပြီတဲ့၊ အဲ့ဒီ ... တံတားနားလည်းရောက်ရော ... ကောင်လေး နှစ်ကောင်နဲ့ လူကြီးသုံးယောက် တံတားအလယ်မှာ ရုတ်တရက် ပေါ်လာပြီး ... လမ်းပိတ်ထားတယ်တဲ့၊

ရုတ်တရက်မြင်လိုက်တော့၊ လူမှန်း သရဲမှန်း မစဉ်းစားမိလိုက် ဘူး။ သူတို့ကို တိုက်မိမှာ စိုးတာနဲ့ ဆိုင်ကယ်ကို လမ်းဘေး ဘက် ခေါင်းလှည့်ချလိုက်တယ် ... ကံကောင်းလို့ တံတားအုတ်ခုံနဲ့ သီသီလေး လွတ်သွားတယ်၊

ဆိုင်ကယ်က အပေါ်မှာကျန်ခဲ့ပြီး လူက ချောင်းထဲပစ်ကျ သွားလို့ မသေတာလို့ ပြောတယ်"

"ရေက ခါးလောက်ပဲ ရှိမယ်ထင်တယ်"





"ဟုတ်တယ် ဒေါ်လေး ... သူအပေါ်ပြန်တက်လာတော့ တံတားပေါ်မှာ ဘယ်သူမှ မရှိတော့ဘူး။ ကားလမ်းပေါ်မှာလည်း လမ်းလျှောက်သွားတဲ့လူ မရှိဘူးတဲ့"

သူတို့ စကားဝိုင်းရှိရာသို့ ဦးသန်း ရောက်လာသည်။

"အခု ... ဆိုင်ကယ်နဲ့ကား တိုက်မိတာ၊ အုတ်ခုံနားမှာ ဝင်တိုက်မိတာ၊ ဝိညာဉ်သရဲတွေ ရုတ်တရက်ပေါ်လာလို့ ဝင်တိုက် မိမှာစိုးတာရယ်၊ ကြောက်လန့်တာရယ်၊ ရှောင်ရင်းတိမ်းရင်း ... တိုက်မိကုန်တာဖြစ်မယ်"

"အေး ... ဟုတ်တယ် ... မင်းပြောတာဖြစ်နိုင်တယ်"

ဦးသန်းက ဝင်ထောက်ခံသည်။ ပြီး ... ဦးသန်းက သူသိသော အဖြစ်အပျက်တစ်ခုကိုလည်း ပြောပြသေးသည်။

"အလယ်ရွာက အောင်ဖေ ... မနက်စောစော ဆိုင်ကယ် စီးပြီးလာခဲ့တာ တံတားနားလည်းရောက်ရော ... ဆိုင်ကယ်ကို နောက်က အတင်းဆွဲလိုက်တာ ဆိုင်ကယ်ရှေ့မသွားဘဲ ဂုန်းခနဲ ပစ်လဲသွားတယ်တဲ့၊

ဆိုင်ကယ်ပစ်လဲတာ အရှိန်ကို လျှော့ထွက်မသွားဘဲ ဆိုင် ကယ်ပေါ်ကလူက လမ်းဘေးမြောင်းထဲ ပစ်ကျသွားတယ်တဲ့၊

သူ့ဆိုင်ကယ်ကို ဝိညာဉ်သရဲတွေ ဆွဲလိုက်တာလို့ ပြောတယ်

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသတင်းလည်း … မကြားမိဘူး"

"မကြားဆို အဲ့ဒီအောင်ဖေက လက်မောင်းနဲ့ပေါင် ပွန်းပဲ့ရုံပဲမို့ ဆေးခန်းနဲ့တင် ပြီးသွားလို့ သူ့သတင်း လူတွေ မကြားရတာ"

"ကဲ … ကျောက်ဒိုး … ငါ့ကိုလာရှာတာ ဘာကိစ္စရှိလို့လဲကွ"

"ဦးလေးတင်မောင်က မင်းလမ်းကြုံလို့ အဘသန်းတို့အိမ်ဘက်ရောက်ရင် အားတဲ့အချိန် ငါတို့အိမ်ကို လာခဲ့ပါဦးလို့ပြောခိုင်းလိုက်တယ်"

"အေး … နေ့လည်စာ စားပြီးမှပဲ … သွားလိုက်တော့မယ်"

"ဟုတ်ကဲ့ … ဒါဆို ကျွန်တော်ပြန်ဦးမယ်"

"အဘွားလေး … မပြန်သေးဘူးလား"

"ငါ့ဟာငါ ပြန်ပြန် မပြန်ပြန်၊ လမ်းချင်းဆုံတာ မဟုတ်ဘူး"

"အိမ်ပြန်ပြီး အဘိုးလေးကို ဝင်ပြောဦးမယ် … အဘွားလေးတစ်ယောက် ဦးလေးသန်းတို့အိမ်မှာ အစောကြီးကတည်းက ရောက်နေတာ တွေ့တယ်လို့"

"အေး … ငါက ဒီပြန်ရင်း … နင့်အိမ်ဝင်မှာ … နင်တော့လား"

"ကျွန်တော်က … အိမ်မပြန်ဘူး … ရွာထဲသွားမှာ၊ အိမ်ကို ညစာစားချိန်မှ ပြန်ရောက်မယ်"

"အဲ့ဒါသာကြည့်တော့ … လုံးတင်ရေ"

"ကဲ ပြန်ဦးမယ် ဒီနေ့အိမ်က အဘိုးကြီးကို စပါးကြိတ်လွှတ်မလို့ တင်းတောင်းဝင်ယူဦးမယ်"

ဒေါ်ပုလည်း ဒေါ်လုံးတင်အား နှုတ်ဆက်ပြီး ရွာထဲသို့ထွက်သွားသည်။

* * * * * * * *

ဦးသန်းတစ်ယောက် ဦးတင်မောင် ခေါ်ခိုင်းသည့်အတွက် နေ့လယ်စာ စားပြီးသည်နှင့် ခမောက်တစ်ချပ်ဆောင်းကာ ထွက်လာခဲ့သည်။

ဦးတင်မောင်၏ ခြံဝိုင်းကြီးက ပေနှစ်ရာပတ်လည်ခန့် ကျယ်သည်။

"ဟာ ကိုသန်း အောက်မှာထိုင်ဗျာ … ကျုပ် အောက်ဆင်းလာခဲ့မယ် … အောက်မှာက အေးတယ်"

ရေနွေးဓာတ်ဘူးထည့်ထားသော လင်ဗန်းကိုကိုင်၍ အိမ်အောက် ကွပ်ပျစ်ရှိရာသို့ ဆင်းလာခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်အေးမာရေ အမေတို့အတွက် လက်ဖက်သုပ်ပြီး ယူခဲ့ကွယ်"

"ဟုတ်ကဲ့ ... အမေ"

"ကျုပ် ... ခင်ဗျားကို မျှော်နေတာ"

ကိုတင်မောင်က ရေနွေးပန်းကန်များအတွင်း ရေနွေးကြမ်းများ ငှဲ့ထည့်လိုက်သည်။

"ရေနွေးတွေ စောစောကမှ ထည့်ထားတာ သောက်ဗျာ"

"သောက်မှာ ... စိတ်ချ၊ ထမင်းစားပြီးချင်း ပလုပ်ပဲ ကျင်းခဲ့တယ်၊ ဒီကျမှ ရေနွေးသောက်တော့မယ်စိတ်ကူးနဲ့ ထွက်လာခဲ့တာ"

"ကိစ္စထူးလာ ... ကိုတင်မောင်"

"ထူးတယ် ကိုသန်း၊ ညက တစ္ဆေနှစ်ကောင် ရွာအရှေ့ပိုင်း လှငွေတို့အိမ်ဝိုင်းထဲဝင်ပြီး ကြက်ခြံထဲကကြက်တွေ သတ်စားသွားတယ်တဲ့၊

ကြက်အော်သံတွေကြားလို့ လှငွေ အိမ်အောက်ဆင်းပြီး ဓာတ်မီးနဲ့ထိုးကြည့်တာ ကြက်ခြောက်ကောင် စားပြီးနေပြီတဲ့၊

ဓာတ်မီးနဲ့ထိုးလိုက်တာနဲ့ မည်းမည်းနှစ်ကောင် ရိပ်ခနဲ ပျောက်သွားတယ်တဲ့၊

ကျော်အေးကလည်း ကွပ်ပျစ်ပေါ်မှာ အိပ်ပျော်နေတာ ည





တစ်နာရီလောက်မှာ နိုးလာတာနဲ့ အိပ်ပေါ်တက်ပြီး အိပ်မယ်လို့ အထ အိမ်ရှေ့က မည်းမည်းနှစ်ယောက် ရိပ်ခနဲ ထွက်သွားတာ တွေ့လိုက်တယ်တဲ့၊

မသက်ာလို့ ခြံဝထွက်ကြည့်တော့ လှငွေတို့ခြံထဲ ဝင်သွားတာ တွေ့လိုက်တယ်တဲ့၊

အဲ့ဒါ ဘယ်လိုဖြစ်တာလဲ ... ခင်ဗျားက နာနာဘာဝတွေ၊ ပယောဂတွေရဲ့ အကြောင်းသိတဲ့လူဆိုတော့ ခေါ်ပြီးပြောပြတာ၊ ခင်ဗျားလုပ်တတ်ကိုင်တတ်ရင်လည်း အဲ့ဒီကိစ္စ ရှင်းလင်းပေးစမ်းပါ"

"ချက်ချင်းကြီးတော့ အဖြေမပေါ်နိုင်သေးဘူး ကိုတင်မောင်ရဲ့၊ တစ်ညနှစ်ညလောက် စောင့်ကြည့်ရမှာပဲ"

"အင်း ... ဘယ်လိုဖြစ်ပြီး မကောင်းဆိုးဝါးက ရောက်လာလဲ မသိပါဘူးဗျာ"

"ရွာထိပ်က တံတားမှာလည်း မကြာခဏ လူတွေ သေကြတာဆိုတော့ မကျွတ်မလွတ်တဲ့ သရဲတစ္ဆေတွေများ ရွာထဲကို ဝင်လာတာလား ခင်ဗျားဘယ်လိုထင်လဲ"

"ပထမညက တစ်ည၊ နှစ်ည စောင့်ကြည့်ကြတာပေါ့ ... ရွာထဲမှာ ကင်းလေးကင်း ရှိတယ်မဟုတ်လား ... သူတို့မမြင်ဘူးလား"

"ရွာအရှေ့ပိုင်းမှာ ဖြစ်တာဆိုတော့ သူတို့အိပ်ပျော်နေတုန်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတာဖြစ်မယ်"

"ဟာ မဖြစ်နိုင်ဘူး ကိုတင်မောင်၊

တောစောက ကိုတင်မောင် ပြောတယ်မဟုတ်လား ... ကျော်အေးနိုးတာ တစ်နာရီဆို သူလိုက်ကြည့်တော့ လှဝင္ဇကို ခြံထဲ ဝင်သွားတယ်ဆို၊ ညတစ်နာရီဆို ကင်းတဲမှာ စကားကောင်းကြ ကုန်းပဲ နှစ်နာရီဆိုရင်တော့ စိတ်မချရဘူး၊

သူတို့က ကမ္ဘဇိဒ္ဓိရှိတဲ့ လောကသားတွေမဟုတ်လား၊ မမြင်စေချင်ရင် မမြင်အောင်လုပ်ပြီးသွားမှာပဲ၊

တစ်ညနှစ်ညစောင့်ကြည့်လို့ ဆက်တိုက် ရွာထဲဝင်ပြီး စားသောက်နေမယ်ဆိုရင် ကျွန်တော်တတ်သမျှ ကာကွယ်ပေးမယ်၊ ကျွန်တော် မနိုင်ဘူးထင်ရင်၊ ကျွန်တော့်ဆရာရှိတယ်၊ မဖဲဝါလည်း ရှိတယ်"

"ခင်ဗျား မဖဲဝါရဲ့ အကူအညီနဲ့ သရဲတစ္ဆေ နှိမ်နင်းပေးတာ ကျွန်တော်ကြားနေတာကြာပြီ ... ကိုယ်တွေ့မကြုံသေးဘူး"

"မဖဲဝါကို ... ဘယ်သူမှမမြင်ရပါဘူး ... ကြားခံလူနဲ့ပဲ ဆောင်ရွက်တာ ... တစ်ကြိမ်ကတော့ ဒီကိစ္စတွေ ဆောင်ရွက်ပေးရင်း တစ်ကြိမ်မြင်လိုက်ရတယ်၊ သဲသဲကွဲကွဲတော့ မဟုတ်ဘူး... မည်းမည်းအရိပ်ကြီးပဲ မြင်ရတယ်။ အရပ်ကြီးက ကိုးပေဆယ်ပေ





နီးပါးရှိမယ်"

"သူ့မှာ ခွေးနက်ကြီးတွေ ပါသေးတယ်ဆို"

"ဟုတ်တယ် ... ပါတယ်၊ လိုအပ်ရင် မဖဲဝါကိုယ်တိုင် မပါဘဲ သူ့လက်စွဲခွေးကြီးတွေနဲ့ နှိမ်နင်းပေးတယ်"

"မဖဲဝါမှာ အစ်ကိုကြီးရှိသေးတယ်နော် ... ကွင်းပိုင်ကြီး ဆိုလားပဲ ... ကြားဖူးတာ၊ အသေအချာတော့ မသိဘူး"

"မဖဲဝါရဲ့အစ်ကိုက ဦးစံမှတ်တဲ့၊ တစ်ပွဲစားကွင်းပိုင်ကြီးပေါ့၊ သားစိမ်းငါးစိမ်းပဲစားပြီး နေလာတဲ့လူကြီး ရွှေတိဂုံဘုရားသွားဖူးတာ အကုသိုလ်ဘယ်လောက်များလဲဆိုတော့ ဘုရားကို သူ့မိသားစုက ဖူးခွင့်ရခဲ့တယ်၊

သူကတော့ ရွှေတိဂုံဘုရားကြီးကို ဘယ်လိုမှ မမြင်ရဘူးတဲ့၊ ဘုရားတရေးကွယ်တဲ့လူကြီး ... ဘုရားဖူးကပြန်လာတော့ အင်း ထဲက ငါးရောင်းရငွေကို ရွှေတွေဝယ်သွားပြီး ဘုရားရွှေချမလို့ဟာ မချခဲ့တော့ဘဲ သူ့အင်းထဲက ဆည်ကိုင်တွေကို ရွှေတုံးတွေ အရည် ကျိုပြီး အကုန်သုတ်လိမ်းပစ်လိုက်တယ်တဲ့၊

နောက်ပိုင်း သူနှမရင်း မဖဲဝါကို တစ္ဆေသရဲဖမ်းပြီး ပြန်သတ် မိလို့ မဖဲဝါသေခဲ့ရတာ၊

သရဲဖြစ်သွားတဲ့ မဖဲဝါ နေစရာ အပိုင်မရှိလို့ ဘားဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်က သချိုင်းမှန်သမျှ အပိုင်စား ပေးခဲ့တယ်လို့ အချို့က ဆိုကြတယ်၊

အချို့ကတော့ မကောင်းဆိုးဝါးတစ္ဆေသရဲတွေကို ထိမ်းချုပ်ရတဲ့နတ်ကြီးက အပိုင်စားပေးတာလို့လည်း ပြောကြဆိုကြတယ်၊

ဘယ်ဟာက မှန်လဲဆိုတာ ကျွန်တော်တော့ လေ့လာနေတုန်းပဲ"

"သူတို့က အင်းသူကြီးမျိုးရိုးလား"

"မဟုတ်ဘူး ကိုတင်မောင်၊ သူတို့မောင်နှမက သာမန်အရပ်သားမဟုတ်ဘူး။ ကျွန်တော်သိသလောက်က နန်းတွင်းသူ နန်းတွင်းသားတွေ သာလွန်မင်းတရားရဲ့ သားတော်နဲ့ မအောင်မြင်တဲ့ နန်းတွင်းပုန်ကန်မှုမှာ ပါဝင်ခဲ့တဲ့အတွက် မင်းဘေးကို ကြောက်ပြီး အောက်ပြည်ကို ရှောင်ထွက်ပြေးလာကြတာ၊

ကျုံပျော်အပိုင် အင်းရဲကြီးအင်းက အင်းသူကြီးလက်အောက်မှာ အလုပ်ဝင်လုပ်ရင်း အင်းသူကြီးရဲ့သမီးနဲ့ မောင်စံမှတ် အကြောင်းပါပြီး အင်းပိုင်အင်းသူကြီး ဖြစ်သွားတာ"

"အင်း ... သူတို့မောင်နှမအကြောင်းကို ကြားရတာ စိတ်မကောင်းစရာပဲ"

"ကဲ ရေနွေးသောက်ဦး ... လက်ဖက်တွေလည်း စားဦး





လေဗျာ"

"အဘ ... ရွာထိပ်က လူစောစောသောတဲ့ တံတားမှာ ပရိတ်ရွတ်တာ မထူးခြားဘူးလား"

ဦးသန်းနှင့် ဦးတင်မောင်တို့ စကားပြောနေသည်တို့ကို ထိုင်နားထောင်နေသော ဦးတင်မောင်၏သမီး အေးအေးမောက သိလိုသည့်အကြောင်းကို မေးသည်။

"ပရိတ်ရွတ်တာပေါ့၊ ပြီးခဲ့တဲ့လက နောက်ဆုံးရှုတ်တာ သုံးကြိမ်မြောက်ပဲ၊ ဗိုလ်ဦးတွေ ထွက်သွားပြီထင်တာ မကြာပါဘူး၊ လင်မယားနှစ်ယောက် စီးလာတဲ့ဆိုင်ကယ်နဲ့ 'ဗ'ဘီးကား မျက်နှာချင်းဆိုင်တိုက်တာ ပွဲချင်းပြီးသွားတာပဲ မဟုတ်လား"

"ရွာထဲဝင်တဲ့ သရဲနှစ်ကောင်က သူတို့လင်မယားများ ဖြစ်နေမလား"

"သရဲထီးနဲ့ သရဲမလို့တော့ တပ်အပ်သေချာပြောလို့ မရသေးဘူး။ ကဲ ... စကားပြောလို့တော့ကောင်းပါတယ် ... ပြန်ဦးမယ် ကိုတင်မောင်"

ဦးသန်းလည်း ဦးတင်မောင်ကို နှုတ်ဆက်ပြီးပြန်ခဲ့သည်။

❖❖❖❖❖❖❖

အုန်းလွင်တစ်ယောက် အလယ်ရွာ ရှင်ပြုအလှူ[illegible] တူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါက်ကို ... သာမဏေအဖြစ် ထည့်သွင်းထားသည့်အတွက် လွန်ခဲ့သော နှစ်ရက်ကတည်းက ဆိုင်ကယ်တစ်စီးနှင့် ထန်းတော ရွာနှင့် အလယ်ရွာ သွားချည်လာလှည့် လုပ်နေရသည်။

ထိုအချိန်က ရွာတစ်ရွာမှာ ဆိုင်ကယ် ဆယ်စီးခန့်မျှသာ ရှိသေးသည်။ စက်ဘီးကတော့ အိမ်တိုင်းရှိကြသည်။ ဆိုင်ကယ် ရှိသော အုန်းလွင် နားရသည်ဟူ၍ မရှိ၊ ဆွမ်းမျိုးအလှူဖြစ်၍ အလှူပွဲပြီးသော်လည်း မပြန်ရသေး။ အိုးခွက်ပန်းကန်သိမ်းခြင်း၊ အလှူမဏ္ဍပ်ဖျက်ရာမှာလည်း ဝိုင်းကူညီရသေးသည်။

အားလုံး လုပ်စရာမကျန်တော့သည့်အခါ ဝိုင်းကူလုပ်ကိုင်ကြ သူတို့အား အရက်ဝယ်တိုက်ပြီး ထမင်းကျွေးသည်။

စားသောက်ပြီး ရွာပြန်လာတော့ ခြောက်နာရီခွဲနေပြီ။ နေဝင်၍ မှောင်နေပြီး အရက်လေး ခပ်ထွေထွေနှင့် ဆိုင်ကယ်ကို မှန်မှန်စီး ခဲ့သည်။

အုတ်တံတားကို ခပ်ဝေးဝေးကပင် လှမ်းမြင်နေရသည်။ လမ်းပေါ်မှာ ကားအသွားအလာ ရှင်းနေသည်။

"ဝေး ... ဝေး"

"ဟေး ... ဟေး ... ဟေး"

"ဟေး ... ဆွဲဟ ... မိအောင်ဆွဲဟေ့"





သူ့ဆိုင်ကယ်ဘေးမှ လူငယ်အသံလိုလို လူကြီးအသံလိုလို ကြားနေရသည်။

"ဝူး ... ဝူး ... ဝူး ..."

"ဆွဲဟေ့ ... ဆွဲဟ ... ဆွဲ"

ထူးဆန်းသောစကားသံကို ... လူမမြင်ရဘဲ ကြားနေရသည့် အတွက် ... ဆိုင်ကယ်ဇါလီဗာကို တင်ပြီး တံတားကိုဖြတ်ရန် မြင်လိုက်စဉ် ...

"ဝူး"

"ဟာ"

သူ့ဆိုင်ကယ်ကို ရှေ့သို့ မသွားအောင် နောက်မှ ဝိုင်းဆွဲ ထားသည့်အတွက် ဆိုင်ကယ်က ရှေ့သို့ အတင်းရုန်းဆွဲနေသော် လည်း ရှေ့သို့ တစ်လက်မပင် မရွေ့တော့။

"ဝူး ... ဝူး ..."

လီဗာကို အစွမ်းကုန်တင်သော်လည်း ရှေ့ဘီး ဘယ်ညာယိမ်း သွားကာ နောက်ဘီးက ကြီးမားသောအားတစ်ခုက ဆွဲထားခြင်း ကြောင့် ဘီးအပေါ်မြောက်ကာ လေထဲမှာ လည်ပတ်နေသည်။

"ဟား ... ဟား ... ဟာ း... ဟုတ်ပြီဟေ့ ဆွဲထားကြ"

အခြေအနေကို အုန်းလွင် သဘောပေါက်သွားသည် ...



www.burmeseclassic.com

www.burmeseclassic.com



သည်နားမှာ မကြာခဏ သေကုန်ကြသော လူတွေ၊ ဝိညာဉ်တွေ မကျွတ်မလွတ်ဘဲ သူ၏ဆိုင်ကယ်ကို ဝိုင်းဆွဲနေခြင်းဖြစ်သည်ဟု သဘောပေါက်သွားသည်။

ဆိုင်ကယ်ပေါ်က ခုန်ချရန်လည်း မလွယ်၊ ဆိုင်ကယ်ကို ဆွဲထားသည့် သူတို့လက်ကို လွှတ်လိုက်လျှင် အရှိန်နှင့် ပြေးထွက်သွားနိုင်သည်။

သူ့ရှေ့က တံတားပေါ်မှာလည်း ပိတ်ပြီးရပ်နေသော ဖြူဖြူ အရိပ်သုံးခုကို တွေ့လိုက်သည်။

နောက်ကဆွဲထားသလို ရှေ့ကလည်း ပိတ်ပြီး ရပ်နေသဖြင့် မည်သို့လုပ်ရမည်မသိတော့။ အရက်မူးနေတာလည်း ပျောက်သွားပြီဖြစ်သည်။

ထိုအချိန်မှာ နောက်ဘက်လှမ်းလှမ်းမှ ကားကြီးတစ်စီး၏ မီးရောင်က သူ့အပေါ်ကို ထိုးကျလာသည်။

ဆိုင်ကယ်ကို ဝိညာဉ်သရဲများက မလွှတ်ဘဲ ဤအတိုင်းဆွဲထားမည်ဆိုပါက ကားကြီးက ဆိုင်ကယ်ကိုမြင်၍ ရပ်လိုက်လျှင် တော်သေးသည်။

မမြင်ဘဲ မောင်းချလာပါက ပွဲချင်းပြီးရပေတော့မည်။

"လွှတ် ... လွှတ် ... လွှတ်ပေးကြပါ"



"တီ ... တီ ... တီ ..."

ကားဟွန်းသံကြောင့် ဆိုင်ကယ်ကို ကားမောင်းသူ မြင်သွားပုံရသည်။ သို့ကြောင့် ဟွန်းကို အဆက်မပြတ်တီးရင်း ဖြည်းဖြည်း မောင်းလာသည်။

"ဝူး"

အုန်းလွင်ကလည်း ကြောက်ကြောက်လန့်လန့်နှင့် သူတို့လက်မှ ရုန်းထွက်ရန် လီဗာကို အားကုန်လှည့်ထားစဉ် ဆိုင်ကယ်ကို ဆွဲထားရာမှ ရုတ်တရက် လွှတ်လိုက်သဖြင့် လေးညှို့မှ လွှတ်လိုက်သော မြားတစ်ချောင်းနှယ် ပြေးထွက်သွားသည်။

နောက်ဘီးတွန်းအားကြောင့် ရှေ့ဘီးခေါင်းလည်ထွက်သွားကာ လူရောဆိုင်ကယ်ပါ တံတားအောက် အုတ်ခုံဆီ ဦးတည်သွားတော့သည်။

"ဝုန်း"

လူက တံတားအုတ်ခုံပေါ်မှကျော်ကာ ချောင်းထဲသို့ အရှိန်ဖြင့် ပစ်ကျသွားတော့သည်။

ဆိုင်ကယ်က အုတ်ခုံနှင့် ကျယ်လောင်သောအသံကြီး မြည်ကာ ကားဝင်တိုက်လိုက်သည်။ ခဏအတွင်းမှာပင် ဆိုင်ကယ် မီးထလောင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်တင်ကားကြီးလည်း ရပ်နေရာမှ ဖြည်းဖြည်းမောင်း၍ တံတားအလွန်မှာ လမ်းဘေးချရပ်ပြီး အခြေအနေကို ဆင်းကြည့်ကြသည်။

တံတားမှ ဗိညာဉ်များအကြောင်းကို မသိသော ရပ်ဝေးသယ်ယူပို့ဆောင်သော ကုန်တင်ကား ဖြစ်ပေမည်။ ကားပေါ်မှ ဆင်းလာသူ သုံးယောက်တွင် နှစ်ယောက်က ဓာတ်မီးတွေပါသည်။

ရွာထဲမှလည်း ဆိုင်ကယ်မီးလောင်နေသည်ကို မြင်သဖြင့် ဓာတ်မီးကိုယ်စီနှင့် ထွက်လာကြသည်။

"ဘယ်လိုဖြစ်တာလဲ ကားနဲ့တိုက်မိပြန်ပြီလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ ရှေ့ကသွားနေတဲ့ ဆိုင်ကယ်က တံတားနားလည်းရောက်ရော တံတားဘောင်နဲ့တိုက်မိပြီး လူက ရေထဲကျသွားတယ်၊

ရေထဲဆင်းကြည့်မလားဆိုပြီး ကားရပ်ပြီး ဆင်းလာင

"ဟာ ဒါဆို ... ရေထဲဆင်းကြည့်ရအောင်"

"ရေနက်လား"

"မနက်ဘူး ... ခါးလောက်ပဲရှိမယ် ... ခင်ဗျားတို့ မဆင်းနဲ့ ကျုပ်တို့ပဲ ဆင်းမယ်"

ရွာသားတို့က ကားနှင့်ပါလာသူတို့ ရေထဲမဆင်းစေဘဲ





သူတို့ထဲမှ လူနှစ်ယောက်က ရေထဲဆင်းသွားကြသည်။

အပေါ်မှ ဓာတ်မီးများနှင့် ဝိုင်းထိုးပေးထားကြသည်။

"ဗျို့ ... ကျုပ်သည်မှာ အား ... ကျွတ် ... ကျွတ်"

"ဟာ ... အုန်းလွင်ကြီးပဲ ... မသေသေးဘူး"

"ကျုပ် ... ကျုပ်ရဲ့ ... ခြေထောက်တစ်ဖက်နဲ့ လက်တစ်ဖက် ... လှုပ် ... လှုပ်လို့ ... မ ... ရ ... တော့ဘူး၊ အား ... လား ... လား ... နာ ... နာ ... တယ် ... ဗျ"

လူလေးငါးယောက်ဆင်းပြီး အုန်းလွင်အား ကားလမ်းပေါ်သို့ သယ်လာခဲ့သည်။ သူတစ်ကိုယ်လုံး ရေများ ရွှဲနေသည်။

"ဒီကားရောက် ... ရောက် ... လာ ... လို့ ... ကျုပ် မ ... သေတာ ... ကား ... သာ ရောက် ... မ ... လာရင် ... သူတို့ အား ... ကျွတ် ... ကျွတ် ... ကျုပ်ကို ... ဘယ်လို ... လုပ်ကြ ... မလဲ မသိဘူး ... အား ... လက်က ... အထဲက ... ကိုက်တယ် ... ဗျာ ကျိုးသွားလား ... မ ... သိဘူး ... အား"

အုန်းလွင်လည်း စကားပြောပိုက် ... နာကျင်၍ အော်လိုက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း လက်နဲ့ခြေထောက် အဆစ်ပြုတ်သွားတာဖြစ်မယ်"

"ချောင်းစပ်ကို ပစ်ကျ ... လို့ ... ရေ ... ထဲ ... ညှ ... ထည့် ... ကျရင် အခု ... လောက်ဖြစ်မှာ ... မဟုတ်ဘူး ... အား"

"ရှေ့က ရွာကြီးမှာ တိုက်နယ်ဆေးရုံရှိတယ် ... ဆရာကြီး တို့ကားနဲ့ တင်သွားပေးပါလား"

"ဟာ ... ရပါတယ် ... နောက်ကတော့ တင်လို့မရဘူး၊ ခေါင်းခန်းက တင်သွားပေးမယ် ... ကျွန်တော့်လူနှစ်ယောက်ကို ဆေးရုံအထိ ဆိုင်ကယ်နဲ့လိုက်ပို့ပေးပါလား"

"ပို့ပေးမယ် ရွာက ဆိုင်ကယ်တွေ သွားယူပြီး နောက်က လိုက်လာခဲ့မယ်"

"ဒါဆို လူနာကို ကားပေါ် မတင်ပေးပါ"

အုန်းလွင်အား အတွင်းခံဘောင်းဘီပါသူ၊ စွပ်ကျယ်ပါသူတို့ အဝတ်အစားများ ချွတ်ပေးကာ ... ရေစိုအဝတ်များကို လဲပေးပြီး ကားပေါ်တင်လိုက်ကြသည်။

သို့ဖြင့် မကြာခင်မှာ အုန်းလွင်အား ဆေးရုံတင်လိုက်သည်။

အုန်းလွင် ဆေးရုံပို့ရသောည ... သန်းခေါင်အလွန်မှာ ရွာထဲလမ်းတစ်လျှောက် ခွေးဟောင်သံများ ဆူညံစွာ ကြားရသဖြင့်





အချို့က ကြောက်လန့်နေကြသည်။

တိရစ္ဆာန်မွေးမြူထားသူများက နေစရာမရှိအောင် ... ကြောက်လန့်နေကြသည်။

"ဒေါင် ... ဒေါင် ... ဒေါင်"

ကင်းထဲမှ သံချောင်းခေါက်သော်လည်း ဘယ်သူမှ အပြင် မထွက်ဝံ့ကြ၊ ခါတိုင်း သံချောင်းခေါက်သံကြားသည်နှင့် တုတ် ဓါး ကိုယ်စီကိုင်၍ လမ်းပေါ်သို့ ထွက်လာကြသည်။

သရဲနှစ်ကောင်အား ညရောက်သည်နှင့် ရွာထဲမှာ တွေ့သည် ဆိုသော စကားကြောင့် မထွက်ရဲခြင်းလည်းဖြစ်သည်။

ကင်းတဲလေးလုံးမှ ... သံချောင်းခေါက်သံများ ဆူညံစွာ ပေါ်ထွက်လာပြီး ခဏအတွင်းမှာပင် ပြန်လည်တိတ်ဆိတ်သွားသည်။

ထိုညလွန်မြောက်၍ မိုးလင်းတော့ ဒေါ်ဘုမတို့ အိမ်မှာ ကြက်ဆယ်ကောင်မွေးထားရာ၊ မနက်လင်းတော့ ... ကြက် ခြောက်ကောင် ပျောက်နေသည်။ ကြက်ခြံထဲ ရှိနေရိုးဝင်သည် မဟုတ်၊ ကာရံထားသော ကြက်ခြံကို ဆွဲဖျက်တာ ဝင်စားသွားခြင်းဖြစ်သည်။

သရဲနှစ်ကောင် တစ်ခါဝင်စားလျှင် ကြက်ငါးကောင် ခြောက် ကောင်ခန့် စားသည်။

"အင်း ... ဒီအတိုင်းဆို၊ ညရောက်ရင် ဘယ်ကြက်ခြံရှိ



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားဦးမလဲ မသိဘူး"

"အိမ်မှာ ကျူပ်ရယ်၊ ကလေးသုံးယောက်ရယ်ပဲရှိတာ … သူတို့မိဘတွေက လယ်ထဲပြောင်းနေကြတာ"

"ကိုတင်မောင်ရဲ့သားလည်း ကြက်တွေ မွေးထားသေးတယ်၊ သတိထားနိုင်းဦး"

"သရဲဝင်ဆွဲသွားမှတော့ … သတိထားလည်း ဘယ်သူ အိမ်ပေါ်က အိမ်အောက် ဆင်းကြည့်ရဲပါ့မလဲ … မဘုမ ခြံထဲ သရဲဝင်တာ အသံမကြားရဘူးလား"

"ကြားတာပေါ့ ကြက်ခြံကို ဆွဲဖြဲတာနဲ့ ကြက်တွေ ထအော်တာပဲ … ကျွန်မလည်း ကြောက်အားကြီးပြီး သတိမေ့သွားတာ လားမသိဘူး … သရဲစားနေတာလည်း မသိဘူး။ သရဲ ပြန်ထွက်သွားတာလည်း မသိဘူး၊ သတိရတော့ မိုးလင်းနေပြီ"

"ဒေါ်ဘုမ အိပ်ပျော်သွားတာ ဖြစ်မှာပေါ့"

ဦးတင်မောင်နှင့်အတူ သတင်းလာမေးသူတို့က ဒေါ်ဘုမအား အပြောင်အပျက် ပြောကြသည်။

"ဟဲ့ ကြက်တွေက ဒီလောက်အော်နေတာ … ဟိုလူငွေ ကြက်တွေ ဝင်စားတာ ငါသိထားတော့၊ ငါ့ခြံထဲ သရဲဝင်စားနေပြီ ဆိုတာ ငါအတတ်သိတယ်"





"ငါ … လိပ်ပြာ လွင့်မတတ်ဘဲ"

"အေး … မဘုမ ပြောမှပဲ … တို့ရွာက ကြက်မွေးတဲ့ လူတွေကို သတိပေးဖို့ ငါသွားလိုက်ဦးမယ်"

ဦးတင်မောင်လည်း ဒေါ်ဘုမကို နှုတ်ဆက်ပြီး … လမ်းပေါ် ရောက်မှ ဦးသန်းအိမ်သို့သွားရန် ဆုံးဖြတ်ထွက်ခဲ့သည်။

❖❖❖❖❖❖❖

"ကိုတင်မောင် … လာ … လာ … အိမ်ပေါ်တက်ခဲ့ဗျာ … ဒီမှာ ရေနွေးအိုးအသင့်ပဲ၊

ညက ကျူပ်တို့ဆယ်နာရီမှ ရွာပြန်ရောက်တယ်။ အိမ် ရောက်လို့မကြာခင် အိပ်မောကျသွားတာနဲ့ သံချောင်းတွေခေါက် တာတောင် မသိလိုက်ဘူး၊

အိမ်ကသမီးတွေက အိပ်ပါစေဆိုပြီး မနှိုးဘဲထားတာ၊ ဒီမနက်မှပဲ … ရွာကအခြေအနေတွေကို သိရတယ်၊

ဒါနဲ့ … အုန်းလွင်ရဲ့အခြေအနေ ဘာထူးသေးလဲ"

"အခြေအနေကောင်းပါတယ် … ကျွန်တော်တို့ဆရာဝန် ဆေးစစ်ချက်ထွက်မှ ပြန်လာခဲ့ကြတာ၊ ဒီကောင်ရဲ့လက်ဖျံရိုး အက် သွားတယ်တဲ့ … ပေါင်ရင်းအဆစ် ပြုတ်သွားတယ်ဆိုလားပဲ၊

ဒီကောင့်လက်ကို ကြပ်စီးနေတဲ့အချိန် လူစောင့်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့တာ၊

ဒီရွာက အခြေအနေကိုတော့ … လာမယ့်ညအထိ စောင့်မနေစေချင်တော့ဘူး … ညကဒေါ်ဘုမရဲ့ ကြက်ခြံထဲက ကြက်ဖြောက်ကောင်ကို ဝင်စားသွားပြန်ပြီ”

ဦးသန်း၏သားဖြစ်သူက အနီးသို့ရောက်လာပြီး …

“ဒီအတိုင်းဆို ညတိုင်းဝင်မွှေနေမှာပဲ … ကြက်မရှိရင် ဝက်တို့ နွားတို့ ဝင်ဆွဲလိမ့်မယ်ထင်တယ်”

“တိရိစ္ဆာန်တွေ မဆွဲဘဲ … လူတွေကို ဝင်ဆွဲမှ ဟုတ်ပေ့ဖြစ်နေမယ်”

“မနက်သုံးနာရီလောက်ကလည်း ရွာပြင်တံတားနားမှာ ခွေးဟောင်သံတွေ ဆူညံနေတာပဲလို့ … ကင်းသမားတွေပြောတယ် … သရဲတွေ ခွေးယောင်ဆောင်ပြီး ကင်းသမားတွေကို ခြောက်လှန့်တာများလား”

“အဲဒီလိုတော့ မဖြစ်နိုင်ဘူးထင်တယ် … လမ်းပေါ်မှာ ခွေးတွေ ပြေးရင်းလွှားရင်း ဝိညာဉ်သရဲတွေကို မြင်လို့ ဝိုင်းပြီး ဟောင်တာ ဖြစ်မှာပေါ့”

“ဒီဝိညာဉ်တွေကို စောစောစီးစီး နှင်လို့ရရင်နှင်၊ နှိမ်နင်းမှရမယ်ဆိုလည်း နှိမ်နင်းလိုက်ရင် မကောင်းဘူးလား”





“ကဲ ကိုတင်မောင် ဒီလိုလုပ်မယ်ဗျာ … ကျုပ်ခါတိုင်းလိုပဲ မဖဲဝါကို နတ်ကတော်ဒေါ်ဂွတ်ထော်ရဲ့ အကူအညီနဲ့ … ပင့်ကြည့်မယ် … အကျိုးအကြောင်းသိရတာပေါ့၊

မဖဲဝါ နှိမ်နင်းလို့ရရင်လည်း နှိမ်နင်းခိုင်းလိုက်မယ်”

“ကျွန်တော့်သဘောကလည်း အဲ့ဒီလိုပဲ … လုပ်ကြည့်လိုက်စေချင်တယ်”

“ကဲ … ဒီညရွာပြင်သချိုင်းသွားပြီး မဖဲဝါကို ပင့်မယ် … ခင်ဗျားတို့လည်း ဝိုင်းကူလုပ်ပေးကြဦး”

ဦးတင်မောင်က ဦးသန်း၏သား ထွန်းနောင်အား …

“ကျွန်တော့်သားအိမ်မှာ ကြက်တွေမွေးထားတယ်၊ ထွန်းနောင် မင်းသူငယ်ချင်းအိမ်ကိုသွား၊ ကြက်တစ်ကောင်ဖမ်းပြီး မင်းအဖေက လာခဲ့ဦးလို့သွားပြော မင်းပါပြန်လာခဲ့ ပြီးဝိုင်းကူလုပ်ပေးဦး”

“ဟုတ်ကဲ့ဦးလေး … ကျွန်တော်ကျော်ညွန့်ကို ရှင်းပြပြီး အမြန်ပြန်လာခဲ့ပါ့မယ်”

“သိပ်အမြန်မလိုပါဘူး ကိုတင်မောင်ရဲ့၊ ညရှစ်နာရီမထိုးခင်ပြီးရင် တော်ပါပြီ ထမင်းဆန်လေးလုံးချက်ဖို့လည်း မမေ့နဲ့ဦးနော်”

“အိမ်မှာပဲ အားလုံးစီစဉ်လိုက်မယ် … ကိုသန်း ညရှစ်နာရီ မထိုးခင်လာခဲ့လေ … အဆင်သင့် ပြင်ထားမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုသန်းရေ ... ကျွန်တော်အိမ်ပြန်ရင်း ဒေါ်ဂွက်ကို ဝင်ပြောသွားလိုက်မယ်"

ဦးတင်မောင်လည်း ဦးသန်းတို့အိမ်မှအပြန် ဒေါ်ဂွက်အိမ်သို့ ဝင်၍ ညရောက်လျှင် မဖဲဝါပင့်ရန် အိမ်သို့လာခဲ့ရန်ပြောပြီး ... ပြန်ခဲ့သည်။

ဒေါ်ဂွက်လည်း ဦးသန်းနှင့်အတူ မဖဲဝါကို နှစ်ကြိမ် သုံးကြိမ်ခန့် ပင့်ဖူးသည်ဖြစ်၍ အထွေအထူး ရှင်းပြနေစရာ မလိုတော့ပေ။

❖❖❖❖❖❖❖

ညရှစ်နာရီထိုးသည်နှင့် ဦးသန်း ဦးဆောင်၍ ရွာပြင်သင်္ချိုင်းသို့ ထွက်ခဲ့ကြသည်။

ရွာသင်္ချိုင်းက ဂူအနည်းငယ်သာရှိသည်။ ထိုအချိန် အနည်းငယ်သော ဂူထဲမှ သင့်တော်သည့် ဂူတစ်လုံးကိုရွာပြီး အပေါ်ကို ရှင်းလင်းကာ ငှက်ပျောရွက်များ ဖြန့်ခင်းလိုက်သည်။

ငှက်ပျောရွက်ပေါ်မှာ ထမင်းများကိုပုံပြီး အပေါ်မှ ကြက်သား ဟင်းကို ပုံထားလိုက်သည်။ ဖယောင်းတိုင်တစ်တိုင်ကို ဂူထိပ်မှာ ထွန်းထားလိုက်သည်။

ဖလားတစ်လုံးထဲသို့ ပုလင်းထဲဖြည့်ထားသော သောက်ရေကို လောင်းထည့်လိုက်သည်။ အားလုံးစေ့စပ်စွာ ပြင်ဆင်ပြီးသည်နှင့်





ဒေါ်ဂွက်အား ဆံပင်ကို ဖြန့်ချထားစေသည်။

ဒေါ်ဂွက် ဂူဘေးမှာ ဒူးထောက်ထိုင်လိုက်သည်။ ဒေါ်ဂွက် ကလည်း အတွေ့အကြုံရှိသူမို့ အဆင်ပြေဆောင်ရွက်ပေးသည်။

"ကဲ ... မဖဲဝါကိုပင့်တော့မယ် နည်းနည်းနောက်ဆုတ်ကြ"

ဦးသန်းက မဖဲဝါအား စတင်ပင့်ခေါ်လိုက်ပါသည်။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်မြောက် ရူပံအတွင်းရှိနေရာ ... ရောက်နေရာအရပ်မှ မဖဲဝါအမြန်ကြွရောက် ပါရန် ကျွန်ုပ်ပင့်ဖိတ်ပါသည်၊

သင်္ချိုင်းတို့၏ အရှင်သခင်မအား အကူအညီတောင်းလိုသဖြင့် ရောက်နေရာဒေသမှ ... အမြန်ကြွခဲ့ပါမဖဲဝါ"

ခဏမကြာခင်မှာပင် ... အနီးဝန်းကျင်မှ သစ်ပင်သစ်ရွက်တို့ လှုပ်ရှားသံကြားလိုက်သည်။ ဂူပေါ်မှ ဖယောင်းတိုင်မီးကလည်း ယိမ်းထိုးသွားသည်။

"ဝူး ... ဝူး ... အီး"

ခဏအတွင်းမှာပင် ဒေါ်ဂွက်ထံမှ လုံးထွေးမပီသသော အသံ ထွက်လာပြီး မဖဲဝါ ဝင်ရောက်ပူးကပ်သွားတော့သည်။

ဒေါ်ဂွက်တစ်ကိုယ်လုံး တွန့်လိမ်သလိုဖြစ်သွားကာ၊ လက်နှင့် ဘက်လုံး ကွေးကောက်လျက် ဂူပေါ်သို့ လျင်မြန်စွာ ခုန်တက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဂူပေါ်မှာ ဆောင့်ကြောင့်ထိုင်ကာ ထမင်းကို အားရပါးရစားနေတော့သည်။ ထမင်းပုံကြီး ကုန်ကာနီးမှ ဦးသန်းအား မျက်လုံးလှန်ကြည့်လိုက်သည်။

“ကဲ ... ဘာသိချင်တာလဲ ... ပြော”

“ဒီလိုပါပဲ မဖဲဝါ ... အခုရက်ပိုင်း သရဲနှစ်ကောင် ရွာထဲဝင်ပြီး ကြက်ဆွေ ဖမ်းစားနေပါတယ်၊ ပြီးတော့ ရွာအစွန်ကတံတားမှာလည်း ဝိညာဉ်သရဲတွေ သောင်းကျန်းနေပါတယ်၊

ဖြတ်သွားဖြတ်လာကားနဲ့ ဆိုင်ကယ်တွေကို အသက်သေသည်အထိ အနှောင့်အယှက် ပေးနေပါတယ် ... အဲ့ဒါကြောင့် မဖဲဝါကို ကြည့်ရှုဆုံးမ နှိမ်နင်းပေးဖို့ အကူအညီတောင်းရခြင်းဖြစ်ပါတယ်”

“အင်း ... မင်းတို့လာတာ နောက်ကျသွားပြီ၊

ငါ့ကို လာကျွေးတော့လည်း ငါစားရတာပေါ့”

“ဘယ်လိုနောက်ကျသွားတာလဲ သရဲတွေက လက်ဦးသွားလို့လား”

“ဟဲ့ ... မဟုတ်ဘူး ... ငါလက်ဦးသွားလို့ ... မင်းတို့နောက်ကျသွားပြီလို့ ပြောတာ၊

ညက မင်းတို့ရွာထဲက သံချောင်းတွေ ခေါက်တယ်မဟုတ်





လား”

“ဟုတ်ပါတယ် သရဲနှစ်ကောင်ကိုတွေ့လို့ ခေါက်ကြတာပါ”

“ငါက ကျေးရွာတွေ၊ ရပ်ကွက်တွေအတွင်းမှာ စည်းကင်းဖောက်တဲ့သရဲတွေကို ထောက်လှမ်းရှာဖို့လွှတ်ထားတဲ့ ငါ့ရဲ့လက်ရုံးသရဲဖိုးနီနဲ့ အဲဒီသရဲနှစ်ကောင်တွေ့လို့ နောက်ကို ရွာထဲ မဝင်ဖို့ပြောတာ လက်မခံဘဲ သူတို့က သရဲဖိုးနီကို ပြန်ပြီး တိုက်ခိုက်တဲ့အကြောင်း ငါ့ကို ဖိုးနီက လာပြောတယ်၊

ငါလည်း ဒီသရဲနှစ်ကောင် ဘယ်ကလာတာလဲ ... ကြည့်လိုက်တော့ ရွာဦးတံတားက မကျွတ်မလွတ်သေးတဲ့ သရဲတွေဆိုတာ သိလိုက်တယ်၊

အဲ့ဒီသရဲတွေထဲမှာ ... ပထမဆုံးရောက်တဲ့ ဝိညာဉ်လူရွယ်နှစ်ယောက်က ကားနဲ့ဝင်တိုက်ပြီး သေသွားတာ၊ သူတို့နှစ်ကောင်က ဆိုင်ကယ်စီးလာတဲ့ လူမှန်သမျှ သူတို့လိုဖြစ်အောင် လိုက်နှောင့်ယှက်နေတာ၊

သူတို့က ပျော်စေပျက်စေသဘောနဲ့၊ ခြောက်လှန့်ရင်း ... ဆိုင်ကယ်တွေကို လိုက်ဆွဲတယ်၊ ဆိုင်ကယ်ရှေ့က ရပ်ပြတယ်၊ အခု အုပ်စုလိုက်ကို ရပ်ပြတဲ့ဝိညာဉ်က ရပ်ပြ၊ နောက်ကဆွဲတဲ့ဝိညာဉ်က ဆွဲနဲ့ ... အခြောက်အလှန့်ခံရတဲ့လူတွေက ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်ပြီး ကမူးရှူးထိုးလျှောက်လုပ်တော့ မသေသင့်ဘဲ သေကုန်ကြတာပေါ့၊

နောက်သေတဲ့ ဗိညာဉ်တွေကလည်း မကျွတ်မလွတ်ဘဲ ... သူတို့နဲ့ သွားပေါင်းမိပြီး သူတို့လုပ်တဲ့အတိုင်း လျှောက်လုပ်နေတာ၊

နောက်ဆုံး သေသွားတဲ့လင်မယားက ကြက်၊ ဘဲဒိုင်ပိုင်ရှင်ပေါ့၊ သူတိုကသေလို့ ဝိညာဉ်လည်းဖြစ်ရော ရွာထဲ ကြက်အရှာထွက်ပြီး လျှောက်သတ်စားနေတာ၊

မင်းတို့ မစိုးရိမ်နဲ့တော့ ငါ့ကို ဒိုးနီလာပြောကတည်းက ခွေးကြီးနှစ်ကောင်လွှတ်ပြီး ဂူတားမှာ ပျော်နေတဲ့ ဗိညာဉ်တွေရယ် ကြက်တွေသတ်စားနေတဲ့ သရဲလင်မယားရယ် ... အခု သချိုင်းထဲ ခေါ်ဆုံးမပြီး နေရာချထားပေးလိုက်ပြီ၊

နင်တို့ရွာ ဖအေးအေးချမ်းချမ်း ဖြစ်သွားပါပြီ ... မင်းတို့ပြန်ကြတော့ ငါလည်းသွားတော့မယ်”

“ဝမ်းသာလိုက်တာ မဖဲဝါရယ် ... တစ်ရွာလုံးကိုယ်စား ကျေးဇူးတင်ပါတယ်”

မဖဲဝါပူးကပ်ထားရာမှ ထွက်သွားသဖြင့် ဒေါ်ဂွက်ဂူပေါ်မှာပင် သတိမေ့လဲကျသွားသည်။

ဦးသန်းတို့လည်း ဒေါ်ဂွက်အား သတိရအောင်ပြုစုပြီး ရွာထဲ





သို့ ပြန်လာခဲ့ကြသည်။

သချိုင်းထဲ ... မဖဲဝါကိုအကူအညီတောင်းရန်သွားကြသော ရွာသားတို့လည်း ဒေါ်ဂွက်ကို ဝင်ပူးပြီး ပြောသွားသော မဖဲဝါ၏ စကားကိုကြားပြီး ပျော်ရွှင်လာကြသည်။

ဦးသန်းတို့ပြန်အလာကို စောင့်နေကြသော၊ ဦးတင်မောင်တို့လူစုလည်း ဦးသန်းနှင့် ရွာသားများ ပြန်ပြောသောစကားကိုကြားပြီး ဝမ်းသာနေကြသည်။

“ကင်းတဲက ကောင်လေးတွေ ပြောတာ ... ညနှစ်နာရီဝန်းကျင်လောက်က တံတားကြီးအနားမှာ ခွေးဟောင်သံတွေ ကြားနေဟာပဲဆိုပဲ ... မဖဲဝါရဲ့ခွေးကြီးတွေ သရဲတွေကို မောင်းထုတ်နေတာကိုး”

“အင်း ခုမှပဲ ... ခရီးသွားတွေအတွက်ရော ... တို့ရွာသားတွေအတွက်ရော ... အန္တရာယ်ကင်းသွားပြီ”

ထို့နောက် ညဆယ့်တစ်နာရီခန့်မှ စကားဝိုင်းဖြတ်ပြီး အိမ်သို့အသီးသီး ပြန်သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# တမလွန်ကစောင့်နေမယ်

"ဟား ... ဟား ... ဟား"

"မင်းသေရမယ် ...

မင်းကို ငါတမလွန်က စောင့်နေမယ်၊

မင်း ငါ့ရဲ့ပစ္စည်းတွေ ယူသွားတယ် ... ငါ့ဒီသားစုရသင့်တဲ့ ပစ္စည်း မင်းယူသွားတယ်၊ မင်းကိုငါသတ်မယ် ... ဟား ... ဟား ... ဟား ...၊

မင်း မကြာခင် တမလွန်ကို ရောက်လိမ့်မယ်"

"သွား ... သွား ... ခပ်ဖျားမလာနဲ့ ... တမလွန်ကလည်း မစောင့်နဲ့ ... သွား ... သွား ... သွား ... ကျုပ်အနားက ... သွား"





"မင်းက ... ငါ့ကို နှင်ထုတ်တယ်ပေါ့၊ ငါပြောတဲ့အတိုင်း မင်း ... လာကိုလာရမယ် ... ငါစောင့်နေမယ်၊ ဟား ... ဟား ... ဟား ..."

ချောက်ချားဖွယ်ရာ ... ရယ်သံကြီးက လူမမြင်ရဘဲ ကား နောက်ခန်းမှ ထွက်ပေါ်လာသည်။

ဤအသံကို အိမ်မှာရော ... ကားပေါ်မှာပါ အခါမလပ် ကြားနေရသည်။

သူပြဿနာဖြစ်ပြီးစ အသံရှင်က ထိုမျှလောက် ... စိုးရိမ် ကြောက်လန့်ဖွယ် မကောင်းခဲ့။

ယခုတော့ အချိန်ပြည့်နီးပါး ... နားမှာ ကြားနေရသည်။ သူ့လောဘက သူ့ကို ဒဏ်ခတ်သည်လား ...

✣✣✣✣✣✣✣

ကလင် ... ကလင် ... ကလင် ...

တိတ်ဆိတ်နေသောအခန်းတွင် ဆူညံသောဖုန်းသံ မြည်လာ သည့်အတွက် စာရင်းရေးမှတ်နေသော ဦးဘသိန်းလည်း ထိုင်ရာက ထပြီး ဖုန်းရှိရာသို့သွားကာ ကောက်ကိုင်လိုက်သည်။

"ဟဲလို ... ပြောပါ"

"အစ်ကိုကြီးလား"



www.burmeseclassic.com

www.burmeseclassic.com

"အေး ဟုတ်တယ် ... တင်ညွန့်ပြော"

"အစ်ကိုကြီးဆီမှာ အပ်ထားတဲ့ အပွင့်တွေ ပြန်ယူတော့မယ် ... ဒီမှာ အရောင်းအဝယ်တည့်နေပြီ"

"ဒါဆို ... မင်းပြောတဲ့အတိုင်း ပေးဖို့မမေ့နဲ့နော်"

"အစ်ကိုကြီး ထိန်းသိမ်းပေးထားတဲ့အတွက် ... ငါးပုန်းမနက်ဖြန် လာပေးပါ့မယ် ... အစ်ကိုကြီး ယုံကြည်ရတဲ့လူနဲ့ပို့ပေးလိုက်ပါ"

"အေး ... အေး ... ဆယ့်ငါးမိနစ်အတွင်း ရောက်အောင်ပို့ပေးလိုက်မယ်"

ထိုအချိန် စိုးလွင်တစ်ယောက် ဦးဘသိန်းက သံပုရာရည်ယူခိုင်းထားသည့်အတွက် အိမ်ပေါ်သို့ တက်လာစဉ် ဦးဘသိန်းဖုန်းပြောနေသံကြားသဖြင့် အနှောင့်အယှက်မဖြစ်ရန် တံခါးဝမှာရပ်နေလိုက်သည်။

"အပွင့်က ၂၅ တိတိပဲနော်"

"ဟုတ်ပါတယ် ၂၅ ပွင့်ပါ၊ အမြန်ပို့ပေးလိုက်ပါ"

ဦးဘသိန်းက ဖုန်းခွက်ချလိုက်ပြီး အံဆွဲကို ဆွဲထုတ်ကာဘူးတစ်ခုထဲမှ ကတ္တီပါအိတ်အနီလေး ထုတ်လိုက်သည်။

ထိုအိတ်ထဲမှ လက်ငါးပြင်ထဲသို့ တစ်လုံးချင်း ရေတွက်





ထည့်နေသည်။

ထို့နောက် ကျေနပ်သွားဟန်ဖြင့် ကတ္တီပါအိတ်အနီလေးထဲသို့ ယုယုယယ ထည့်နေသည်။

တံခါးက အနည်းငယ်ဟနေ၍ အခန်းထဲမှ ဦးဘသိန်းပြုမူလုပ်ကိုင်နေသည်ကို အတိုင်းသား မြင်နေရသည်။

"ခေါက် ... ခေါက် ... ခေါက်"

တံခါးခေါက်သံပေးရင်း ဟနေသောတံခါးကို ဆွဲဖွင့်လိုက်သည်။

"အေး ... စိုးလွင်လား"

"ဟုတ်ကဲ့ ဆရာ"

"တွန်းပြီး ... ဝင်ခဲ့ကွာ"

"ဒီစားပွဲပေါ်မှာ ထားခဲ့ရမလားဆရာ"

"အေး ... အေး ... ထားခဲ့"

စိုးလွင်က သံပုရာဖျော်ရည်ပန်းကန်ကို စားပွဲပေါ်ချပြီးပြန်အထွက် ...

"ဟေ့ စိုးလွင် ...

နောက် ဆယ့်မိနစ်လောက်ကြာရင် အခန်းထဲပြန်လာခဲ့ဦး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com


စိုးလွင်လည်း ဆယ်မိနစ်ခန့်မှန်းပြီး ဦးဘသိန်းအခန်းသို့ ပြန်သွားသည်။

"အေး ဝင်လာခဲ့"

စိုးလွင် ဦးဘသိန်းအနီးသို့သွားကာ ရပ်နေစဉ် ကျွတ်ကျွတ်အိတ်ထဲထည့်ထားသော စက္ကူကတ်ထူဘူးလေးကို ကမ်းပေးသည်။

"မင်း … ဒီဘူးနဲ့အိတ်ကို ဦးတင်ညွန့်အိမ်ကို သွားပြီးပေး၊ ဘယ်မှမဝင်နဲ့၊ ဦးတင်ညွန့်လက်ထဲ ရောက်အောင်ပေး … ဦးတင်ညွန့်စောင့်နေတယ်"

"ဟုတ်ကဲ့ အခုပဲသွားလိုက်ပါ့မယ်"

"မင်းဘာနဲ့သွားမှာလဲ"

"တက်စီငှားစီးသွားမယ် … ဆရာ"

"ငါ့ကား ယူသွား"

"ပို့ပြီးရင် ကျွန်တော်ပြန်လာဖို့လိုသေးလို့လား မလိုရင် တက်စီငှားစီးသွားမယ်"

"အေး အချိန်လည်း မရှိတော့ဘူးဆိုတော့ မင်းပြန်မလာလည်း ရပါတယ်၊ ဒီဘူးကိုသာ … သူ့ကို သေသေချာချာပေးလိုက်၊ ရော့ တက်စီခ"

ဦးဘသိန်းက အံဆွဲထဲမှ ပိုက်ဆံငါးထောင်တန်တစ်ရွက်ကို ယူပြီး စိုးလွင်ကို ပေးလိုက်ပါသည်။

စိုးလွင်က ဦးဘသိန်းအိမ်မှ ကားဒရိုင်ဘာဖြစ်သည်။

ဦးဘသိန်းက မြောက်ဥက္ကလာနှင့် တောင်ဒဂုံမှာ စားသောက်ဆိုင်များ ဖွင့်ထားသည်။ မြောက်ဥက္ကလာမှာနှစ်ဆိုင်၊ တောင်ဒဂုံမှာ တစ်ဆိုင် အဆင့်မြင့်စားသောက်ဆိုင်များဖြစ်သည်။

ဆိုင်ကို မန်နေဂျာများဖြင့် တာဝန်ပေးထားပြီး … သူက တစ်နေ့လုံး ကားတစ်စီးနှင့် ထိုသုံးဆိုင်ကို လှည့်ပတ်သွားလာ စစ်ဆေးသည်။

ညနေပိုင်း လူစည်ချိန်ရောက်သည်နှင့် ဆိုင်မှပြန်လာသည့် စိုးလွင်က သူသွားလိုရာနေရာများကို ကားမောင်းပြီး လိုက်ပို့ရသည်။

စောစောကမှ ပြန်ရောက်လာခြင်းဖြစ်ပြီး ဆိုင်မှပေးလိုက်သော စာရင်းများကို စစ်ဆေးနေခြင်းဖြစ်သည်။

✤✤✤✤✤✤✤

စိုးလွင်လည်း ဘူးထည့်သောအိတ်ဖြင့် ဘူးကိုပတ်လိုက်ပြီး သူအလုပ်လာလျှင်ယူခဲ့သော ကျောပိုးအိတ်လေးထဲ သေချာထည့်ကာ အိမ်မှထွက်လာခဲ့သည်။

လမ်းပေါ်ရောက်တော့ တက်စီငှားလိုက်သည်။

အချိန်က ခြောက်နာရီကျော်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဘူးထဲမှာ သိန်းရာပေါင်းများစွာတန်သည့် စိန်ပွင့် ၂၅ လုံးပါသည်ကို စိုးလွင်သိသည်။

တက်စီကားကိုရသည်နှင့် သွားချင်သည့်လိပ်စာကို … ပြောလိုက်သည်။

ကားပေါ်စီးလိုက်လာရင်း အိတ်ကို ပွေ့ပိုက်ထားကာ မိမိအကြောင်းကို ပြန်စဉ်းစားနေမိသည်။

အိမ်မှာ သူ၏ဇနီးရှိနေသည်။ ပြီးခဲ့သည့်နှစ်ကမှ လက်ထပ်ပေါင်းသင်းခဲ့သည်။ ယခု ဇနီးဖြစ်သူမှာ ကိုယ်ဝန်သုံးလ ရှိနေပြီ။

ဇနီးက ရုံးတစ်ခုမှာ စာရေးဖြစ်သည်။ သူက သူဌေးတစ်ယောက်၏ ဒရိုင်ဘာဖြစ်သည်။ နှစ်ဦးပေါင်းလစာနှင့် လုံးချင်းအိမ်လေးတစ်လုံး ငှားနေကြသည်။ မိဘများနှင့်အတူမနေ ခွဲ၍ ကိုယ့်ဒူးကိုယ်ချွန်ခဲ့ကြသည်။

သူတို့နှစ်ယောက်ပေါင်းဝင်ငွေက စားစရိတ် အိမ်လခကို အဆင်ပြေစွာ ဖြေရှင်းနိုင်သည်။ ပိုငွေကတော့ မရှိ၊ ကလေးမွေးဖွားပါက စရိတ်အပိုမရှိ၊ ယခုအချိန်ကစပြီး စုနိုင်မှ။

သူများတွေကတော့ ချမ်းသာလိုက်တာ၊ ယခု ဦးတင်ညွှန့်ကို ပေးခိုင်းလိုက်သည့် စိန်ထုတ်က သူ့လက်ထဲမှာ ပါလာသည်။

ဤစိန်ထုပ်သာ သူ့ပစ္စည်းဖြစ်ပါက သူလောက်ပျော်မည့်သူ





မရှိနိုင်တော့ဟု ထင်မိသည်။ သူများပစ္စည်းကို ကိုယ့်ပစ္စည်းလုပ်ကာ သူဌေးလေးဦးစိုးလွင်အဖြစ် စီးမြောစံစားနေလိုက်သည်။

❖❖❖❖❖❖❖

ထိုအချိန် ဦးတင်ညွှန့်အိမ်ပေါ်မှာ ရှန်းရင်းဆန်ခတ် ဖြစ်နေသည်။ လူသုံးဦးက ခေါင်းကိုယ်စီနှင့် ကျန်နှစ်ယောက်က သေနတ်ထုတ်ကိုင်ထားသည်။

သေနတ်ပြ၍ ဦးတင်ညွှန့်ထံမှ စိန်ထုတ်ကို တောင်းနေသည်။ ဦးတင်ညွှန့်ကလည်း သူ့မှာမရှိဟု ငြင်းဆိုနေသည်။

ထိုအချိန် စိုးလွင်က ကားပေါ်ကဆင်းပြီး ခြံဝမှာ ရပ်လိုက်စဉ် အိမ်တံခါးဝမှာ ခေါင်းကိုင်ထားသောလူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်သဖြင့် အုတ်တိုင်ကွယ်၍ အကဲခတ်ကြည့်လိုက်သည်။

"ဒိုင်း … ဒိုင်း … ဒိုင်း …"

အိမ်ထဲမှ ထွက်ပေါ်လာသော သေနတ်သံကြားလိုက်သည်နှင့် အပြင်က ခေါင်းကိုင်ထားသောလူ အိမ်ထဲပြေးဝင်သွားသည်။

"ဒိုင်း … ဒိုင်း"

ခဏနေတော့ သေနတ်သံများ ငြိမ်သွားသည့်အပြင် ထွက်လာသူ တစ်ယောက်မှ မရှိသည့်အတွက် သတိထားပြီး အိမ်ထဲဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ လူငါးယောက် သွေးအလိမ်းလိမ်းနှင့် သေနေကြသည်။

အားလုံးပွဲကြမ်းပြီး ဓားချက်နှင့်သေသူသေ သေနတ်အပစ်ခံရ၍ သေသူသေနှင့် ဧည့်ခန်းထဲမှာ အတုံးအရုန်းဖြစ်နေသည်ကို စိုးလွင် တွေ့လိုက်သည်။

အရေးကြီးသော အဓိကလူဖြစ်သည့် ဦးတင်ညွန့်က သေနတ်နှစ်ချက် မှန်ထားသော်လည်း မသေသေး ... ဆက်တီခုံပေါ် လဲကျလျက် လှုပ်ရှားနေသည်။

ဦးတင်ညွန့် မသေသေးသည့်အတွက် စိုးလွင်က အနီးသို့ တိုးကပ်သွားသည်။

ဦးတင်ညွန့်ကို ပစ္စည်းပေးအပ်ရန် အနီးသို့ သွားခြင်းဖြစ်သော်လည်း အခြေအနေကိုမြင်ပြီး စဉ်းစားမိသွားသည်။

ကျည်ဒဏ်ရာနှင့်ဆိုလျှင် ... ဦးတင်ညွန့် အသက်ရှင်ဖွယ်မမြင်တော့။ အားလုံးလည်း သေကုန်ပြီ၊ သူ့လက်ထဲမှာ ပစ္စည်းရှိနေသည်ကို ဘယ်သူမှမသိ။

သိသူတစ်ယောက်တော့ရှိသည်။

သူသာမရှိလျှင် သိသူမရှိတော့။

သို့ကြောင့် လက်ဆန့်တန်းပြီး ပစ္စည်းတောင်းနေသော





ဦးတင်ညွန့်အနီးသို့ ရောက်သွားသည်။

ဒါပေမဲ့ ဦးတင်ညွန့်ကို ပေးရန်မဟုတ်၊ သူ့အနီးမှာ ... တစ်ယောက်ယောက် လွတ်ကျထားပုံရသော အသွားရှစ်လက်မခန့် ဓားတစ်ချောင်းကို ကောက်ယူလိုက်သည်။

ထိုဓားဖြင့် ဦးတင်ညွန့်၏ နှလုံးနေရာကို နှစ်ချက်ဆင့်ထိုးလိုက်သည်။

"မင်း ... မင်း ... ငါ့ကို သတ်တယ်၊

မင်း ... မင်းကို ငါ ... ငါမကြေဘူး၊ မင်းကို ... ငါ တမလွန်က ... စောင့်မယ် ... မင်း ... မင်း ... သေရမယ်"

ထိုစကားပြောပြီး ခေါင်းငိုက်စိုက်ကျသွားသည်။ စိုးလွင်က ဓားလက်ကိုင်ကို ပုဆိုးနှင့်ပွတ်သုတ်လိုက်ပြီး လဲနေသူတစ်ယောက်၏ လက်ထဲသို့ထည့် ဓားကို ဆုတ်ကိုင်ထားစေသည်။

ထို့နောက် ထိုနေရာက ပြန်လာခဲ့သည်။

အပြင်မှာ မှောင်နေသည်။ ထိုအချိန်ထိ ဦးတင်ညွန့်၏အိမ်မှ မိသားစုများကို မမြင် ... ကြောက်လန့်၍ ... ပုန်းနေကြခြင်းဖြစ်နိုင်သည်။

စိုးလွင် လမ်းဘေးမှာ လမ်းလျှောက်နေသည်။ သူ့ရှေ့မှ ရဲကားနှစ်စီး ဖြတ်သွားသည်ကို တွေ့လိုက်သည်။ ဦးတင်ညွန့်အိမ်



www.burmeseclassic.com

www.burmeseclassic.com



သို့သွားခြင်း ဖြစ်နိုင်သည်။

အသံများ ငြိမ်သွားသည့်အတွက် မိသားစုများ ပုန်းအောင်းရာက ထွက်လာမှ အပြင်က အခြေအနေကိုမြင်ပြီး ဖုန်းဆက်လိုက်သောကြောင့် ရဲများ ရောက်လာခြင်းဖြစ်သည်။

အနည်းငယ်မေးမြန်းပြီး ... သေဆုံးသူများကို ဆေးရုံသို့ သယ်ဆောင်သွားကြသည်။

ဦးတင်ညွန့်၏အိမ်မှ ပြန်ထွက်လာသော စိုးလွင်လည်း တက္ကစီငှားစီးရန် ပိုက်ဆံမလုံလောက်သည့်အတွက် အိမ်သို့ လမ်းလျှောက်ပြန်ရန် ဆုံးဖြတ်လိုက်သည်။

လိုင်းကားစီးရန်လည်း အင်္ကျီလက်မောင်းမှာ သွေးများ ပေလာသည့်အတွက် မဖြစ်နိုင်တော့။ ခြေလျင်လျှောက်လျှင် အိမ်သို့ တစ်နာရီခွဲကြာနိုင်သည်။

ယခု ခုနစ်နာရီ ဆယ်မိနစ်ရှိပြီဖြစ်၍ အိမ်သို့ ရှစ်နာရီခွဲခန့်မှ ပြန်ရောက်မည်ဖြစ်သည်။

အေးအေးဆေးဆေး လမ်းလျှောက်ပြန်ခဲ့သည်။

လက်ထဲမှာ သိန်းပေါင်းများစွာတန်သည့် စိန် ၂၅ လုံး ပါလာသည်။ ဦးဘသိန်းမေးလျှင် ဦးတင်ညွန့်ကို ပေးလိုက်ပြီဟု ပြောမည်။





ဦးတင်ညွန့်ကိုလည်း မေး၍မရနိုင်တော့။

ပိရိဖို့သာ အရေးကြီးသည်။

အိမ်သို့ပြန်ရောက်တော့ ညရှစ်နာရီခွဲပြီ။

"သက်ရေ ... သက် ..."

"ဟင် ... အစ်ကို ... နောက်ကျလှချည်လား"

"ဟင် အင်္ကျီလက်မောင်းမှာ ... ဘာတွေလဲ ... သွေးတွေလား ... ဟင်"

"ကဲ ... အမေးအမြန်းထူမနေနဲ့၊ လာစမ်းပါမိန်းမရာ"

"ဘာဖြစ်လို့လဲ၊ ဘာပြောမလို့လဲ ရင်တုန်လိုက်တာတော်"

စိုးလွင်က ဇနီးဖြစ်သူလက်မောင်းကိုဆွဲပြီး အိမ်ခန်းထဲကို ခေါ်သွားသည်။

အိမ်ကလုံးချင်းအိမ်လေးဖြစ်၍ လွတ်လွတ်လပ်လပ် ပြောဆို၍ ရသည်။

စိုးလွင်လည်း ဇနီးဖြစ်သူ သက်သက်အား အဖြစ်အပျက်ကိစ္စအားလုံး အစမှအဆုံး ရှင်းပြလိုက်သည်။

ဒါပေမဲ့ သူဦးတင်ညွန့်၏နောက်ဆုံးထွက်သက်ကို ဓားနှင့် အဆုံးသတ်ပေးခဲ့သည့်အကြောင်းကိုတော့ ချွင်းချက်အဖြစ် ချန်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ဒီပစ္စည်းတွေက ... ကျွန်မတို့နဲ့ထိုက်လို့ရတာပေါ့၊ ဦးတင်ညွန့်လည်း သေပေးရတယ် ... တစ်ဖက်လူတွေလည်း သေပေးရတယ်၊

ပိုင်ရှင်က ဘယ်သူလဲသိလား"

"မသိဘူး ဦးတင်ညွန့်ကို တစ်ဖက်လူတွေက ရောင်းခိုင်းထားလား ... အပ်ထားတာလား ... သူကပဲ ခေါ်ရောင်းတာလား ... မသိဘူး ... အဲ စဉ်းစားမရတာက ဦးတင်ညွန့်က ပစ္စည်းကို သူ့လက်ထဲမထားဘဲ ... ဆရာထံမှ ဘာကြောင့် သိမ်းခိုင်းထားတာလဲ၊

တစ်ခုကောင်းတာက ဆရာဦးဘသိန်းလက်ထဲမှာ အပ်ထားလို့သာ အခုလို ကိုယ်တို့လက်ထဲရောက်လာတာ၊ ဒီပစ္စည်းတွေကို ချက်ချင်းထုခွဲလို့မဖြစ်ဘူး"

"အစ်ကိုရဲ့ဆရာကိုပေးပြီးပြီလို့ ပြောရင်ပြီးတာပဲ မဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်တာပေါ့ မိန်းမရာ ... ကိုယ်တို့လိုလူမျိုးက ချက်ချင်းပြောင်ပြောင်ရောင်ရောင်ဖြစ်ပြီး ချမ်းသာသွားတယ်ဆိုရင် ... အများစိတ်ဝင်စားစရာ ဖြစ်သွားမှာပေါ့၊

ဒါကြောင့် နှစ်ဦးဝင်ငွေလေးနဲ့ တစ်နှစ်တန်သည် တစ်နှစ်ခွဲ





တန်သည် မထုခွဲသေးဘဲ သိုသိုသိပ်သိပ် နေကြတာပေါ့ ဟုတ်လား"

"ဒီကိစ္စ ဘယ်သူ့မှ မပြောရဘူးနော်"

"မင်းကိုပဲ ... သတိပေးရမှာ ... မင်းနဲ့ကိုယ်ကလွဲပြီး... မိဘညီအစ်ကိုမောင်နှမကိုလည်း မပြောကြေး"

နှစ်ဦးသဘောတူတိုင်ပင်ကာ ဘူးလေးကို လုံခြုံအောင် သိမ်းထားလိုက်တော့သည်။

✣✣✣✣✣✣✣

ဝုန်း ...

ဒုန်း ...

"ဂွမ်း ... ဂလုံး ... ဝုန်း"

"အမယ်လေး ... သရဲ ... သရဲ"

"အစ်ကို ... အစ်ကို မီးဖိုထဲက ဘာသံတွေလဲ"

စိုးလွင်လည်း အိပ်ပျော်နေရာမှ အသံများကြောင့် နိုးလာသည်။

"အစ်ကို အစ်ကို ထဝမ်းပါ ... မီးဖိုထဲ ကြောင်ဝင်လား၊ ခွေးဝင်လားမသိဘူး"

"ညက ... တံခါးပိတ်ပြီးမှ အိပ်တာ၊ ခွေးမဝင်ပါဘူး"

"ဒါဆို ကြောင်ဝင်တာဖြစ်မယ် ... ထမင်းဟင်းတော့



www.burmeseclassic.com

www.burmeseclassic.com



မကျန်ပါဘူး ထကြည့်ပါဦး"

"မိန်းမ ... ထပြီး ကြည့်လိုက်ကွာ ကိုယ်ပြန်အိပ်လိုက်ဦးမယ်"

"ကြောက်လို့နိုးကာမှ ထရမှာ ပျင်းနေသေးတယ်"

"ကဲ ... ပွစိပွစိလုပ်မနေနဲ့ ... ကိုယ်အပေါ့သွားရင်း ကြည့်လိုက်တော့မယ် ... မင်းအပေါ့သွားဦးမလား"

"သွား ... သွား ... မလိုက်တော့ဘူး"

"စိုးလွင်လည်း အိပ်ရာမှထ၍ မီးဖိုခန်းအတွင်းသို့ ဝင်လာခဲ့သည်"

"ဟင် ..."

သူ ... မျက်စိအမြင်ပဲ မှားသည်လားမသိ ... မီးဖိုခန်းအတွင်းမှာ မည်းမည်းအရိပ်တစ်ခု မြင်လိုက်ရာက ရုတ်တရက် ပျောက်သွားသည်။

အခန်းထဲမှာ ဘာမှမရှိတော့။

ကျနေသော အိုးခွက်ပန်းကန်များ ပြန်ကောက်တင်ပြီး အိပ်သာခဏဝင်၍ ပြန်အထွက် မီးဖိုထဲမှာ ဘာများမြင်ဦးမလဲဟု အကဲခတ်လိုက်သည်။

ဘာမှထူးခြားချက်မတွေ့သည့်အတွက် အိပ်ရာသို့ ပြန်လာ





ခဲ့သည်။

"သက် ... အိပ်ပြီလား"

"မအိပ်ပျော်သေးဘူး၊ မျက်လုံးကြောင်သွားတယ်"

"မီးဖိုထဲမှာ ကြောင်လည်း မတွေ့ဘူး၊

ဒါပေမဲ့ ... ဘာမှန်း မသိတဲ့အရိပ်တစ်ခု ... မြင်လိုက်တယ်၊ စိတ်ထင်လို့ မဟုတ်ဘူး ... ရိပ်ခနဲမြင်ပြီး ပျောက်သွားတာ"

"ဟင် ... ဘယ်လိုဖြစ်တာလဲ ခါတိုင်းမရှိပါဘူး"

"သရဲခြောက်တာများလား"

"မပြောတတ်ပါဘူး မိန်းမရာ"

"တော် ... ညဦးပိုင်းက ကိစ္စတွေကို စိတ်စွဲနေလို့များလား"

"စိတ်မစွဲပါဘူးကွာ"

"ဒါဆိုလည်း ပြန်အိပ်ဦး ... အခုမှ တစ်နာရီပဲ ရှိသေးတယ်"

စိုးလွင်က အိပ်ပျော်အောင်ကြိုးစားအိပ်ရင်း စိတ်ထဲက ... တစ်ခုခုကို တွေးလိုက်မိသည်။

"ဦးတင်ညွန့်များ မကျွတ်မလွတ်ဘဲ ဝဲဆီရောက်[illegible]တာ



www.burmeseclassic.com

www.burmeseclassic.com



များလား။

"သူ့ပစ္စည်းကို ငါယူလာလို့ အိမ်အထိလိုက်လာတာလား ဟာကယ်သာမှန်ရင် ကြောက်စရာကြီး".

အနီးမှာ အိပ်နေသောဇနီးရှိသဖြင့် အကြောက်အနည်းငယ် ပြေကာ ပြန်၍အိပ်ပျော်သွားခဲ့သည်။

"ပော့ကောင် ထစမ်း"

"ဟင် … ခင်ဗျားဘယ်သူလဲ"

"မင်း ငါ့ကိုမသိဘူးလား … ငါဘင်ညွှန့်ကွ … မင်း ငါ့ဝိန်တွေ ပြန်ပေး"

"မရှိဘူး … ဘာမှမရှိဘူး"

"မင်းယူသွားတယ် … ငါ့ကိုပြန်ပေး"

"သွား … သွား … မရှိဘူး"

သူအိပ်နေသောအိပ်ရာထောင့်မှာရပ်ပြီး သူ့ပစ္စည်း ပြန်ပေးရန် တောင်းနေသည်။

ထိတ်လန့်ကြောက်ရွံ့စွာနှင့် အော်ဟစ်သော်လည်း သရဲက အနီးက ပျောက်မသွား၊ လက်နှစ်ဘက်က လည်ပင်းကို ညှစ်ရန်ပင် ကြိုးစားလာသည်။

"ဟာ … မလုပ်နဲ့ … မလုပ်နဲ့"





"ဟင် … အစ်ကို … အစ်ကိုဘာဖြစ်တာလဲ"

"သရဲ … သရဲ … ကွပ်ပျစ်နားကပ်လာလို့"

"ဟင် … သရဲ … ဟုတ်လား … အခုရှိသေးလား"

"မရှိတော့ဘူး … ခြင်ထောင်က ဖာဆိုတော့ အပြင်ကို မြင်နေရတယ်၊ သက် … နိုးလာတာနဲ့ ပျောက်သွားတာပဲ"

အိပ်ခန်းအပြင်မှာ မီးမထွန်းထားသော်လည်း ဘုရားစင်မှ ငါးတိုင်အားမီးရောင်ကြောင့် အိမ်အတွင်းအလင်းရောင်မှုန်ပြပြလေး ရှိနေသည်။

"အင်း … သရဲက ဦးတင်ညွှန့်ပဲ၊ သူ့ပစ္စည်းကို စွဲလမ်းပြီး ငါ့နောက်လိုက်လာပြီး ခြောက်လှန့်တာပဲ"

"အမယ်လေး"

"အစ်ကို ဘာဖြစ်ပြန်တာလဲ"

"ခြေရင်းမှာ ကပ်ပြီး ရပ်နေတယ်"

"လျှောက်မကြည့်နဲ့လေ"

"သရဲက ရှိနေတာ လျှောက်မကြည့်လည်း မြင်နေတယ်"

"စောင်ခေါင်းမြီးခြုံပြီး မျက်လုံးမှိတ်ထား"

"သက်က … သရဲကို မမြင်ရဘူးလား"

"မမြင်ဘူး လှုပ်ရှားသံတောင် မကြားရဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မင်း ... မတွေ့လို့တော်သေးတယ်"

"အခု ... အစ်ကို ... မြင်နေသေးလား"

"မမြင်တော့ပြန်ဘူး"

"ဒါဆိုလည်း လျှောက်ကြည့်မနေနဲ့ စောင်ခေါင်းမြီးခြုံထား"

ဤသို့ဖြင့် မျက်လုံးအတင်းမှိတ်ကာ အိပ်ပျော်အောင် ကြိုးစားပြီး အိပ်လိုက်သည်။

ထိုနောက်ပိုင်း ၎င်းရဲခြောက်ခြင်း မရှိတော့ဘဲ အိပ်ပျော်သွားတော့သည်။

❖❖❖❖❖❖❖

စိုးလွင်လည်း မနက်ခုနစ်နာရီခန့် ဦးဘသိန်းအိမ်သို့ ထွက်လာခဲ့သည်။ သူ၏နေ့စဉ်ပုံမှန်အလုပ်ဖြစ်သည်။

ဦးဘသိန်းကလည်း ဦးတင်ညွှန့်ထံ ပေးခိုင်းလိုက်ေသာ ပစ္စည်းကိုပေးတော့ ဘာထူးလဲမေးသည်။

ဦးတင်ညွှန့်တို့အိမ်မှာ ... ဖြစ်သွားခဲ့သည့် လူသတ်မှုများ ဦးဘသိန်း သိပြီးပြီဖြစ်သည်။

ကျွန်တော်ပေးပြီး ပြန်ထွက်လာတော့ ခြံဝမှာ ကားတစ်စီး ရပ်ပြီး လူသုံးယောက်ဝင်သွားတာတွေ့သည်ဟု ... ပြောလိုက်သည်နှင့် ဘာစကားမှ ဆက်မပြောတော့။





စိုးလွင်ပြန်ထွက်လာပြီးမှ ပစ္စည်းအတွက်နှင့် စကားများကာ တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်ကုန်ကြခြင်းဖြစ်မည်ဟု ... ဦးဘသိန်း ထင်သွားသည်။

စိန်ထည်များကို ရဲက သက်သေခံပစ္စည်းများအဖြစ် သိမ်းသွားသည်လား၊ မိသားစုများရသွားသည်လား သေသူတစ်ယောက်၏ လက်ထဲမှာပါသွားပြီလားဟူသော အတွေးများတွေးရင်း စိုးလွင်အား မသင်္ကာမဖြစ်တော့။

စိုးလွင်လည်း ဦးဘသိန်းအလုပ်မှ ထွက်နိုင်ရန် အကြောင်းပြကောင်းရန် အလုပ်တစ်ခု အပြင်မှာရှာရန် ဆုံးဖြတ်ထားသည်။

အပြင်အလုပ်မရခင်တော့ ဦးဘသိန်းထံမှာ ကားအရိုင်ဘာအလုပ်ကို ဆက်လုပ်နေရပေဦးမည်။

အပြင်အလုပ် ရခဲ့လျှင် စိန်နှင့်သက်ဆိုင်ခဲ့သော လူများနှင့် ဝေးသွားပေမည်။ ရှေ့နောက် တွေးပူနေစရာ မလိုတော့။ သို့မှ လက်ထဲရောက်နေသောပစ္စည်းများကို အေးဆေးစွာ တစ်ခုခြင်း ထုခွဲရောင်းချနိုင်ပေမည်။

တစ်နေ့တာလုပ်ငန်းဝင်ခဲ့ပြီး ညနေခြောက်နာရီနောက်ပိုင်း ကားကိုဂိုထောင်ထဲသွင်းကာ ဦးဘသိန်းအား နှုတ်ဆက်၍ ပြန်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



လိုင်းကားစီးပြီး အိမ်သို့ပြန်လာခဲ့သည်။ နေ့ခင်းပိုင်းရောက်သည်နှင့် ကားတစ်စီးဖြင့် ဦးဘသိန်းသွားလိုရာ လိုက်ပို့ပေးခဲ့သည်။

စားသောက်ဆိုင်များကို ညဆယ်နာရီ ပိတ်သိမ်းသည်။

ဦးဘသိန်းက အကြောင်းကိစ္စထူးမရှိဘဲ ဆိုင်မှာ ငါးနာရီထက်ပို၍မနေ။

စည်းကမ်းကြီးလှသော ဦးဘသိန်းကြောင့် ညနေခြောက်နာရီရောက်သည်နှင့် အလုပ်သိမ်းပြီး နေ့စဉ်အိမ်ပြန်နိုင်ခဲ့သည်။

လိုင်းကားပေါ်မှဆင်းပြီး အိမ်သို့ လမ်းလျှောက်ရသေးသည်။ ဆယ်မိနစ်ခန့်လျှောက်မှ အိမ်သို့ရောက်သည်။

အိမ်ရောက်တော့ မှောင်နေပြီ ...

ရေချိုးပြီး ထမင်းစားသည်။

သက်သက်က အလုပ်မသွားခင် အိမ်နှင့် သိပ်မဝေးသော လမ်းကြားဈေးလေးထဲမှ ဝက်သားနှင့်မှျစ်ချဉ်ဝယ်ပြီးချက်သည်။

ဟင်းနှင့်ထမင်းကို မနက်စာညစာပေါင်းချက်ပြီး သူ၏အလုပ်သို့ ထမင်းထုတ်သွားသည်။ သက်သက်က ညနေငါးနာရီခွဲပြီးသည်နှင့် အိမ်ပြန်ရောက်သည်။

ယောက်ျားပြန်လာချိန်စောင့်ပြီး ထမင်းစားသည်။





ယခု ထမင်းပွဲအသင့်ပြင်ပြီး စောင့်နေခြင်းဖြစ်၍ လင်မယားနှစ်ယောက် ဝက်သားမျှစ်ချဉ်ဟင်းနှင့် ခေါင်းမဖော်တမ်း စားလိုက်ကြသည်။

ကိုးနာရီခွဲခန့်တွင် မျက်ခွံများ လေးလာခြင်းကြောင့် အိပ်ရာဝင်ခဲ့ကြသည်။

ခဏအတွင်းမှာပင် စိုးလွင်ရော သက်သက်ပါ အိပ်မောကျသွား တော့သည်။

"ဟီး ... ဟီး ... ဟီး ..."

ဝုန်း ... ဒုန်း ...

အိပ်ရှေ့ကလား၊ မီးဖိုခန်းကလားမသိ၊ ပစ္စည်းများ အောက်ပြုတ်ကျသည့်အသံတို့ကြောင့် စိုးလွင်အိပ်ပျော်ရာက နိုးသွားသည်။

ရှပ် ... ရှပ် ... ရှပ် ...

"ဟင် ... ခြေသံ ... အိပ်ခန်းအပြင်ဘက်က လမ်းလျှောက်နေတဲ့အသံပဲ"

စိုးလွင်လည်း ဓာတ်မီးကိုကောက်ကိုင်လိုက်ပြီး အိပ်ခန်းအတွင်းမှ အပြင်သို့ဓာတ်မီးဖြင့် ထိုးကြည့်သည်။ အိပ်ခန်းဝမှာ ခန်းစီးမရှိ။

မနက်က အလုပ်မသွားခင် လိုက်ကာကိုဖြုတ်၍ သက်သက်



www.burmeseclassic.com

www.burmeseclassic.com


က ရေစိမ်ထားခဲ့သည်။ အလုပ်ကပြန်လာမှ ရေချိုးရင်း လျှော်ထား သဖြင့် အခန်းက လိုက်ကာမရှိ၍ အပြင်အခန်းကို မြင်နေရသည်။

ခြေသံက ဓာတ်မီးရောင်ကြောင့် ပျောက်သွားသည်။

သို့ကြောင့် အိပ်ရာပေါ်ပြန်လှဲလိုက်ပြီး အိပ်ရန်ပြင်လိုက်သည်။

"ဟော့ကောင် ... ထစမ်း ... ငါ့ပစ္စည်း အခုပြန်ပေး"

"သွား ... သွား ... ခင်ဗျားသွား"

အခန်းဝမှာရပ်နေသော ဦးတင်ညွန့်ကို စိုးလွင်မြင်လိုက်သည်။

"ငါ့ကို သွားစေချင်ရင် ... ငါ့ပစ္စည်းပြန်ပေး"

"ကျုပ်မှာ မရှိဘူး"

"ကျုပ်အိပ်တော့မယ်"

သူအော်ဟစ်ပြောဆိုနေသည်ကို အနီးမှာ အိပ်ပျော်နေသော သက်သက်တစ်ယောက်၊ သိပုံမရ လှုပ်ပင်မလှုပ်ချေ။

"မင်း ငါ့ပစ္စည်းတွေ ပြန်ပေးရင်ပေး မပေးရင် မင်းကို အလွတ် ပေးမှာမဟုတ်ဘူး"

ရုတ်တရက် အခန်းဝက ပျောက်သွားသည်၊ သတိပေးပြီး ထွက်သွားသည်ဟု ထင်လိုက်သည်။

သရဲလည်း ပျောက်သွားပြီ အိပ်ရာပေါ် ပြန်လှဲအိပ်လိုက်သည်။

မြင်ထောင်က ဇာခြင်ထောင်အဖြူဖြစ်၍ အပြင်ကို အတိုင်းသား မြင်နေရသည်။

"ဝုန်း"

"အမယ်လေး ... သရဲ"

"အစ်ကို ... အစ်ကို ... ဘာဖြစ်လို့လဲ"

"မီးဖိုထဲမှာ တစ်ခုခု ခုန်ချသံကြားလိုက်လို့"

"ကြောင်ဖြစ်မှာပါ ... ခေါင်းမြီးခြုံထား ... ထမကြည့်နဲ့ ... ဟုတ်လား"

သက်သက်က စိုးလွင် ကြောက်တတ်မှန်းသိသည့်အတွက် ခေါင်းခြုံအိပ်ရန်ပြောသည်။

"ရှပ် ... ရှပ် ... ရှပ် ..."

မီးဖိုခန်းထဲမှ သိသာသောခြေသံ ထွက်ပေါ်လာသည်။ သက်သက်ပါ ခေါင်းထောင်သွားသည်။

"မင်း ခြေသံကိုကြားလား"

"အင်း ... ဒီတစ်ခါတော့ကြားတယ်"

ရှပ် ... ရှပ် ... ရှပ် ... ရှပ် ...

ဝုန်း ... ဒုန်း ... ခွမ်း

"မီးဖိုထဲက အိုးတွေ ကျကုန်ပြီ..."



www.burmeseclassic.com

www.burmeseclassic.com



"ထကြည့်ရအောင် ... ကိုယ် ဓာတ်မီးထိုးပြီး ရှေ့က သွားမယ်"

"ကြောက်တယ် ... သရဲနဲ့တိုးနေမှ"

"လာပါ ... ကိုယ် ရှေ့က သွားမယ်"

နှစ်ယောက်သား ကွပ်ပျစ်ပေါ်မှထပြီး ဓာတ်မီးထိုး၍ အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။

မီးဖိုခန်းထဲ ဝင်လာခဲ့သည်။

အောက်မှာ အိုးနှစ်လုံး ပန်းကန်သုံးချပ်ကျနေသည်။ ပန်းကန်က စတီးပန်းကန်များ ဖြစ်နေ၍ ကော်သေးသည်။

"ဘာကောင်မှလည်း မရှိဘူး"

"ခြေသံက ... ကြောင်ခြေသံမဟုတ်ဘူး၊ လူလျှောက်သွားတဲ့အသံ၊ နောက်ဘက်တံခါးလည်း ဂျက်ထိုးထားတဲ့အတိုင်းပဲ"

"သရဲက ဘာကြောင့် လာခြောက်နေတာလဲ"

"လာ ... လာ ... အိပ်ရာထဲပြန်သွားမယ်"

ပြန်လာတော့ သက်သက်က ရှေ့က လျှောက်သည်။

နှစ်ယောက်သား အိပ်ရာပေါ်ပြန်ရောက်လာသည်။

"ကိုယ့်အထင်တော့ သရဲက ဓိန်ထုတ်ပိုင်ရှင် ဦးတင်ညွန့်ပဲ... သူမသေခင် စိန်ထုတ်ကို တောင်းသေးတယ်၊





ကိုယ်က သူ့ဒဏ်ရာတွေကိုကြည့်ပြီး သေတော့မယ်ဆိုတာ သိလိုက်လို့၊ ခင်ဗျားက သေတော့မယ့်အတူ ဒီပစ္စည်းတွေရတော့ ဘာလုပ်နိုင်မှာလဲ၊ ကျုပ်နဲ့ထိုက်လို့ ကျုပ်ရတာ ... လို့လည်း ပြောလိုက်ရော ... ကိုယ့်ကို စိတ်ဆိုးလွန်းလို့လား မသိဘူး... မင်း ... မင်း ... လို့ပြောပြီး ခေါင်းစိုက်သေသွားတာ၊

ဒီစိတ်နဲ့ သေသွားလို့ လာပြန်တောင်းနေတာဖြစ်မယ်"

"သူက ဝိညာဉ်သရဲဖြစ်နေပြီ ပစ္စည်းရတော့ ဘာလုပ်နိုင်မှာလဲ"

"သူ့ပစ္စည်းကို သူ့မိသားစုကို ပေးခဲ့ချင်တဲ့စိတ်နဲ့လား၊ သူ့ပစ္စည်းကို ယူသွားလို့ပဲလား တစ်ခုခုတော့ဖြစ်မှာပေါ့"

"ကျွန်မတို့ ဒီပစ္စည်းကို သိမ်းထားရင် အဲဒီဝိညာဉ်က အမြဲလာနှောင့်ယှက်နေတော့မှာလား"

"သူ့ပစ္စည်းလည်း ဟုတ်ပုံမရဘူး၊ သူ့ပစ္စည်းဆိုရင် ဒီပစ္စည်းအတွက် ဘာကြောင့်လူသတ်တဲ့အထိ ဖြစ်ရမှာလည်း သူနဲ့စကားများတဲ့အဖွဲ့နဲ့ တစ်နေရာက ယူလာပြီး ဝေစုမခွဲတဲ့ သူ့အပိုင်စီးထားလို့များလေး"

"တောက်"

"ဟင် ... တောက်ခေါက်သံကြီးကြားလိုက်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ် ... အမှန်ပြောလိုက်လို့ စိတ်ဆိုးသွားတာ ဖြစ်နိုင်တယ်"

"ကျွန်မတော့ ကြောက်လာပြီ လက်ထဲမှာ မထားဝံ့တော့ဘူး"

"ထားလိုက်ကွာ ... ကြာရင် သူ့အလိုလို ပျောက်သွားမှာပဲ"

နှစ်ယောက်သား ကွပ်ပျစ်ပေါ် ပြန်လှဲအိပ်လိုက်သည်။

"ရှပ် ... ရှပ် ... ရှပ် ..."

အပြင်မှာ ခြေသံတရှပ်ရှပ် ကြားနေရပြန်သည်။

မကြာခင်နှစ်ယောက်လုံး အိပ်မောကျသွားတော့သည်။

❖❖❖❖❖❖❖

ရက်ပေါင်းကြာလာသည်နှင့်အမျှ ညရောက်တိုင်း ဗိညာဉ်သရဲနှင့် မကြုံရ၊ ဒါပေမဲ့ သူတစ်ယောက်တည်း ဦးဘသိန်းကနိုင်း၍ ကားမောင်းသွားသည်နှင့် ကားအတွင်းက ဗိညာဉ်သရဲစကားပြောသံကို ကြားရသည်။

ဦးတင်ညွန့်သေဆုံးသွားသည်မှာ နှစ်လကျော်သွားပြီ ဖြစ်ပေမဲ့ ကားအတွင်း စကားပြောသံ ကြားရသည့်ရက်ကတော့ တစ်ပတ်မပြည့်သေး။

အကြိမ်အရေအတွက်နှင့်ဆိုလျှင် ... လေးကြိမ်ရှိပြီ ...





တစ်ယောက်တည်း ကားနှင့်သွားသည်နှင့် မကျေနပ်သော စကားသံကို ကြားလာရသည် ထုံးစံအတိုင်း ပစ္စည်းတောင်းခြင်း တမလွန်ကစောင့်မယ်ဟု ခြိမ်းခြောက်စကားပြောပြခြင်းတို့ကို ချောက်ချားဖွယ်ကြားလာရသည်။

ညဆိုလျှင် ညဦးပိုင်းမှ သန်းခေါင်ကျော်သည်အထိ အသံပေးသည်။ ခြောက်လှန့်သည်။ သေလုမြောပါးဖြစ်အောင် လန့်အောင်ခြောက်လှန့်ခြင်းမျိုး မဟုတ်သေး၍ ယခုထိ သူအသက်ရှင်နေခြင်းဖြစ်သည်ဟုလည်း ထင်နေမိသည်။

ဇနီးဖြစ်သူလည်း ကိုယ်ဝန်ငါးလထဲ ရောက်နေပြီဖြစ်သည်။

ယခု ဦးဘသိန်းနှင့်အတူ ကားမောင်းပြီး ထွက်လာခဲ့သည်။ ကားမောင်းရသည်မှာ စိတ်ထဲ စနိုးစနောင့်ဖြစ်နေသည်။

ဦးတင်ညွန့်မသေခင်က ပြောလိုက်သောစကားနှင့် သူ၏မှန်းတီးစက်ဆုတ်သော မျက်နှာကြီးကို မကြာမကြာ မြင်ယောင်နေသည်။

ညရောက်သည်နှင့်လည်း သည်မျက်နှာနှင့် သည်စကားတွေပဲ ကြားနေရသည်။

အချိန်ပြည့် ထိုစကားများက သူ့အတွေးကို စိုးမိုးနေသည်။

"မင်းကို ငါ ... တမလွန်က စောင့်နေမယ် ...ကား



www.burmeseclassic.com

www.burmeseclassic.com



... ဟား ... ဟား ..."

"သွား ... သွား ... ငါမလာဘူး"

"မောင်စိုးလွင်... ဘာဖြစ်လို့လဲကွ"

"ဟာ ... ဆရာ ... ဘာမှမဖြစ်ပါဘူး"

"မင်းက ရုတ်တရက်အော်လိုက်တော့ ငါဖြင့်လန့်သွားတာပဲ"

"အိပ်မက် မိန်းမနဲ့ စကားများလာတာကို ပြန်စဉ်းစားမိပြီး ထအော်လိုက်တာပါ"

"ကားမောင်းနေရင် ... ရှေ့ကိုသာ စိတ်ကနှစ်ထား ဘယ်အကြောင်းကိုမှ အတွေးမများနဲ့"

"ဟုတ်ကဲ့ ဆရာ ... သတိထားပါ့မယ်"

စားသောက်ဆိုင်(ဆုံနေကြ)သို့ ဦးဘသိန်းကိုပို့ပြီး ... သူ့အား အမှတ်သုံးဆိုင်ရှိရာ တောင်ဒဂုံသို့ ကားနှင့်လွှတ်လိုက်သဖြင့် နေ့တစ်နာရီခန့်ထွက်လာခဲ့သည်။

ကားကို မှန်မှန်သာမောင်းလာခဲ့သည်။

မြောက်ဥက္ကလာမှ သံသုမာလမ်းအတိုင်း စံပြဈေးသို့ မောင်းလာပြီး အမှတ် (၂)လမ်းမကြီးအတိုင်း မောင်းလာခဲ့သည်။

နတ်စင်လမ်းမီးပွိုင့်သို့ ရောက်တော့ ... အမှတ်(၂)လမ်းမှ မောင်းမကန်လမ်းအတိုင်း ချိုးကွေ့မောင်းဝင်လာခဲ့သည်။





"ဟော့ကောင် မင်းက အခုအချိန်ထိ အခြေအနေ ကောင်းနေတာပဲ ... ငါ မင်းကို တမလွန်က စောင့်နေတာကြာပြီကွ မင်းလာချိန်တန်ပြီ"

"သွား ... သွား ... ကျုပ်မလာဘူး ... ကျုပ်ကိုလာပြီး ခြောက်လှန့်မနေနဲ့"

အသံက နောက်ဘက်ကလာနေသည်။ အသံသာကြားပြီး အကောင်အထည် မမြင်ရ။

"ကားနောက်ခန်းကို နောက်ကြည့်မှန်မှကြည့်ပေမယ့် ဘာမှ ထူးခြားချက်မရှိ"

"ဟော့ကောင် ... ငါမင်းအနားမှာရှိတယ်ကွ ဘယ်မှာမှ လိုက်ရှာမနေနဲ့"

"သွား ... သွား ... ကျုပ်အနားမှာမနေနဲ့"

"ပေးစမ်း ... ငါ ... ကားမောင်းမယ်"

လက်ကိုင်ဝှေကို လူမမြင်ရဘဲ အတင်းဆွဲလှည့်နေသဖြင့် ကားခေါင်းက ဘယ်ညာယိမ်းထိုးနေသည်။

"ဟာ မလုပ်နဲ့ ကားတိုက်ကုန်တော့မယ်"

"ဟား ... ဟား ... ဟား ... ငါကားမောင်းတတ် ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒို့ကို ... ပေးမောင်း"

"မမောင်းနဲ့"

ကားခေါင်းက ဘယ်ညာယိမ်းထိုးလျက်သွားနေသဖြင့် ရှေ့မှ လာသော ကားများက မတိုက်အောင်ရှောင်တိမ်းရင်း ဆဲဆိုအော် ဟစ်သွားသည်။

"ဟေ့ ကားကို ဘယ်လိုမောင်းနေတာလဲ သေချင်လို့လား"

အရှိန်နှင့် မောင်းလာသောကားများ ဘယ်ဘက်ရှောင်ရမလား ညာဘက်ရှောင်ရမလား မသိဖြစ်ကုန်တော့သည်။

"ဝုန်း"

လူသုံးယောက်စီးလာသော လိုက်ဇေ့တစ်စီး ကားလမ်းဘေး ထိုးကျကာ မြောင်းထဲခေါင်းစိုက်သွားပါတော့သည်။

"ဟာ ... မလုပ်နဲ့"

"ဝူး"

လီဗာကို အားတစ်ခုက အတင်းဝင်ရောက်ဖိနှင်းလာသ အတွက် ကားအရှိန်ပြင်းစွာပြေးထွက်လေတော့သည်။

"ဝုန်း"

နောက်ဆုံး စိုးလွင် ဘယ်လိုမှထိမ်းချုပ်မရတော့ဘဲ ကား ရှေ့မှာ လမ်းဘေးသို့ ချရပ်ထားသော ဆယ်ဘီးကားကြီး၏ဘေး





အရှိန်ပြင်းစွာ ဝင်ဆောင့်လိုက်တော့သည်။

ကားခေါင်းက ကားကြီး၏ဗိုက်အောက်သို့ ဝင်ရောက်သွား သည်။

ကားမောင်းရင်း ခါးပတ်ကိုပတ်မထားသော စိုးလွင်လည်း ကားရှေ့လေကာမှန်ကိုဖောက်၍ အပြင်သို့ ပွင့်စင်ထွက်ကာ ဆယ်ဘီးကားကြီးဘေးဘောင်နှင့် ခေါင်းဆောင့်ပြီး သေဆုံးသွား ခဲ့သည်။

ဦးတင်ညွန့်ပြောသကဲ့သို့ တမလွန်ကစောင့်နေမယ်ဆိုသည့် အတိုင်း ... စိုးလွင်ကို တမလွန်အရောက် ခေါ်ဆောင်သွား ခဲ့သည်။

❖❖❖❖❖❖❖

စိုးလွင် သေဆုံးသွားသဖြင့် ရက်လည်သပိတ်သွတ်ပြီးနောက် သက်သက်တစ်ယောက် အိမ်ကို အိမ်ရှင်ထံ ပြန်အပ်ကာ မိဘများနှင့် အတူနေရန် ပစ္စည်းများ သိမ်းဆည်းပြီး လိုက်သွားတော့သည်။

စိုးလွင် သေဆုံးသွားပြီးနောက် သက်သက်တစ်ယောက် သရဲ၏ခြောက်လှန့်ခြင်းကို မခံရတော့။

စိုးလွင် ယူလာခဲ့သော အပွင့်လေးများအားလုံး သက်သက် နှင့်အတူ ပါသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပွင့်များကို ဦးတင်ညွန့်ထံမှာ ရှိနေမှန်း သူ၏မိသ
ကလည်း မသိ၊ ဦးဘသိန်းကလည်း မသိ၊ သိသူအားလုံး လေ
ကြောင့် သေဆုံးကုန်ပြီ။

စိုးလွင်၏ဇနီးသက်သက်ကတော့ အတိတ်က ရစရာအ
ရှိခဲ့သည်လားတော့မသိ အပွင့် ၂၅ လုံး ပိုင်ဆိုင်သွားကာ ရွှေ
စံခဲ့ရပြီဖြစ်သည်။



# သူ့ရဲဖြတ် စိန်မျက်ခုံး

"စိတ်ညစ်လိုက်တာကွာ၊
ဒီလမ်းက မသွားချင်ပါဘူးဆို ... မသွားမဖြစ် သွားရဦးမယ်၊
န်းစိန် ... မင်း ... ဒီနေ့အားတယ် မဟုတ်လား ... ငါ့ကို
က်ခဲ့ပါလား"

"အားတော့အားတယ် ... ငါ ... ဒီနေ့ ထင်းကုန်းရွာ
ားမလား စိတ်ကူးနေတာ၊
မင်း ... နှမ်းသွားရောင်းရင် ... ပိုက်ဆံရမယ့်ဟာ ...
ကြောင့် မသွားချင်ရတာလဲ"

"မင်းကလည်း သိရဲ့သားနဲ့၊ ဒီလမ်းမှာ တိုစိန်မျက်ခုံး
က်င်းကျန်းနေတယ် မဟုတ်လား ... သူနဲ့ငါက သူ လူ့ဘဝမှာ



www.burmeseclassic.com

ရှိကတည်းက တည့်တာမဟုတ်ဘူး"

"မင်းကို့က ရည်းစားလုဖက် ဖြစ်ခဲ့တာပဲ၊

မင်းတို့နှစ်ယောက် ရည်းစားဝိုင်းလုတာ ... နာမည်ကြီးပြီး အရာမထင်ခဲ့ဘူး မဟုတ်လား ... ဟိုစာဥက ထင်းကုန်းရွာသား နောက် ကောက်ကောက်ပါအောင် လိုက်သွားရောမဟုတ်လား"

"ဒါတော့ ဒါပေါ့၊ ဒီကောင်သာ ဝင်မရှုပ်ရင် ငါနဲ့ညားမှာ ကျိန်းသေပဲ"

"စာဥက စိန်မျက်ခုံးကို ကြိုက်တာမဟုတ်လား"

"သွားသေစမ်းပါ ... စာဥက စိန်မျက်ခုံးကိုလား ကြိုက်မှာ ... သူစိတ်ဝင်စားတာက ငါ့ကိုကွ ဟော့ကောင်"

"ဟုတ်ပါ့မလားကွာ"

"မင်းမယုံရင် စိန်မြင့်တို့ကို မေးကြည့်ပါလား၊ စာဥ ... ဘယ်သူ့ကို အထာပေးလဲဆိုတာ"

"ကဲ ... ဟော့ကောင် ပြီးတဲ့ကိစ္စတွေ ချေးခြောက်ရေနှူး မနေနဲ့ ... အခု ... နှမ်းသွားရောင်းမယ့်ကိစ္စ နေမြင့်သွားလို့ မကောင်းဘူး"

"အေး ... ငါအမြန်ပြင်ဆင်လိုက်ပါ့မယ်၊ မင်းကိုခေါ်ရတာ ကလည်း ... ဟိုကောင်စိန်မျက်ခုံး အခုတလော တော်တော်





သောင်းကျန်းနေလို့ကွ၊

ဟိုတစ်နေ့က ... ငါ့တဲဘေးက တင်စိုးတို့ညီအစ်ကို ရို့တက်ပြီး ဈေးသွားဝယ်ကြတယ်၊ လှည်းနဲ့မသွားဘဲ ... တောင်း တစ်လုံးစီ ယူပြီး သွားဝယ်ကြတာ၊ အပြန်မှာ ဝယ်ထားတဲ့ပစ္စည်းတွေ တောင်းနဲ့ထည့်ပြီး ထမ်းလာကြတာပေါ့ကွာ၊

လက်ပံပင်ကြီးနားရောက်တယ်ဆိုရင် တောင်းထဲကို ခဲလုံး တွေကောက်ထည့် မြက်တွေကောက်ထည့်နဲ့ ဖယ်လို့ကိုမနိုင် ဘူးတဲ့၊

မလုပ်ပါနဲ့ပြောလို့ကို မရဘူးတဲ့။ ရွာနားနီးမှ ရယ်သံကြီး ကြားပြီး ကျန်ခဲ့တယ်တဲ့"

"မင်းပြောလို့ ငါလည်း ပြောရဦးမယ် ... တို့လမ်းထဲက ဦးသိန်းနဲ့ဒေါ်ဖွားရှင် အသက်ခြောက်ဆယ်ကျော်အဘိုးကြီးတွေကို လည်း ခြောက်လိုက်သေးတယ်တဲ့၊

အဘိုးကြီး အဘွားကြီးလင်မယားက အသက်ကြီးပေမဲ့ သရဲတော့ တော်တော်ကြောက်တယ်ဆိုပဲ၊

အဲ့ဒီနေ့က သရက်တောရွာမှာရှိတဲ့ သားဆီကို သွားလည်ပြီး ရွာပြန်လာကြတာ လှည်းနဲ့ဆိုပါတော့၊

ချွေးမက စားစရာမျိုးစုံ တောင်းတစ်လုံးနဲ့ ထည့်ပေးလိုက်

www.burmeseclassic.com

တယ်တဲ့။ လက်ပံပင်ကြီးနားလည်းရောက်ရော ဝုန်းဆို လှည်းပေါ်ခုန်တက်ပြီး ပါသမျှစားစရာတွေ ယူစားတော့တာပဲတဲ့၊

အဘိုးအိုကြီးက သရဲခုန်တက်မှန်း သိတာနဲ့ လှည်းကိုနှုန်းရိုင်းမောင်းတာ၊ အဘွားကြီးက တောင်းထဲက စားစရာတွေလျှော့လျှော့သွားတာလည်းတွေ့ရော လှည်းပေါ်မှာတင် မေ့လဲကျသွားတယ်တဲ့၊

တောင်းထဲမှာ စားစရာလည်းကုန်ရော ... ကျုပ်ဗိုက်ဝသွားပြီ နေခဲ့တော့မယ်ဆိုတဲ့ အသံပေးပြီး ခုန်ဆင်းသွားတာတဲ့ကွ"

"ကဲ ထွန်းစိန် မင်းအိမ်ကို သွားပြော ... အဝတ်အစားလဲထား ... ငါလှည်းမောင်းလာမယ် ... ပြီးရင် အိမ်ရှေ့ကစောင့်နေ"

"အေး ... အေး ... မင်းလည်းကြာမနေနဲ့"

ထွန်းစိန်လည်း လှသောင်းနှင့်အတူ လိုက်ရန်အဝတ်အစားပြန်၍လဲလေသည်။

❖❖❖❖❖❖❖

လွန်ခဲ့သော ခြောက်နှစ်ခန့်က လှသောင်းနှင့် စိန်မျက်ခုံးတို့တာဥဆိုသော မိန်းကလေးကို ဝိုင်း၍ကြိုက်ခဲ့ကြသည်။

"ဟော့ လှသောင်း မင်းအားလား"





"အေး အားတယ် ... ဘာအကြောင်းထူးလဲ စိန်မြင့်"

"တာဥနဲ့ သူ့အစ်မအေးစိန် ရေသွားခပ်တယ်ကွ ... အခုလေးတင် လမ်းမှာ ဆုံလိုက်တယ်"

"ဟော ... ဟုတ်လား၊ ဒါဆို ... ငါ တာဥကို ရေသွားဝိုင်းခပ်ပေးလိုက်ဦးမယ် ... မင်းလိုက်ဦးမလား"

"အေး လိုက်ခဲ့မယ် ... သူ့အစ်မအေးစိန်က ... မင်းကိုကြည်တာမဟုတ်ဘူးနော်"

"သူက ... အစ်မအရင်းမဟုတ်ဘူး ... တစ်ပမ်းကွဲလေ မှုစရာမလိုပါဘူး"

"မင်းကတော့ ပြဿနာကောင်းပဲ ... ငါနောက်ကလိုက်ရမှာ မျက်ခုံးခပ်လှုပ်လှုပ်ပဲ"

လှသောင်းနှင့် စိန်မြင့်တို့ ရွာဦးရေကန်ရှိရာသို့ ထွက်လာကြသည်။

ရွာဦးရေကန်မှာ မိန်းမကြီးငယ်၊ ညနေပိုင်းရောက်သည်နှင့် ရေခပ်လာကြသည်။ သောက်ရေ၊ သုံးရေအတွက် ခပ်ကြသည်။ ရေချိုးခွင့်မရှိ။

သို့ကြောင့် ညနေရောက်သည်နှင့် ပျိုပျိုအိုအိုတို့ ရေခပ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com


လှသောင်းတို့ ရေကန်နား ရောက်လာကြသည်။

"ဟင်"

"ဟော့ကောင်လှသောင်း မင်းနောက်ကောက်ကျသွားပြီ"

သူတို့မြင်လိုက်ရသည်က စိန်မျက်ခုံးတစ်ယောက် ရေအိုးကို ခပ်လာပြီး စာဥခေါင်းပေါ်သို့ တင်ပေးနေသည်။

"တောက် ... ဒီကောင်က ... ငါ့ထက် ခြေသွက်နေပါလား"

"လာကွာ ... အနားသွားမယ်"

"ဟော့ ... စာဥ၊ နင် ... ရေအိုးရွက်ပြန်ရတာ ပင်ပန်းနေမှာ ငါမကြည့်ရက်ဘူး ... ပေး ... ငါထမ်းသွားမယ်"

"အို ... နေပါစေ အားနာစရာ"

"ပေးစမ်းပါ ... ငါထမ်းသွားပေးပါ့မယ်"

"ဟော့ကောင်လှသောင်း ... ထမ်းပို့ရမယ်ဆိုရင် ... ငါပဲ ထမ်းပို့မှာပေါ့ ... ဒီရေက ငါခပ်ထားတာ"

"မင်းက ... ရေအိုးလေးခေါင်းပေါ်တင်ပေးရုံနဲ့ ဟုတ်လှပြီ ထင်နေတာလား"

"ပေးကွာ ... ငါအရင်ရောက်နေတာ ... စာဥ နင့်ရေအိုး ငါထမ်းပို့ပေးမယ်"

"ကဲပါ ... ဘယ်သူ့ကိုမှ မပေးဘူး၊ ရှင်တို့နှစ်ယောက်လုံး နောက်ကို ရေကန်ကို မလာကြနဲ့၊ ရိုးရိုးခင်မင်လို့ ကူညီတယ် မှတ်တာ အခုတော့ ... "

"ငါက ... နင့်ကိုချစ်နေတာပါ"

"ဟော့ကောင်လှသောင်း မင်းလိုကောင်ကို စာဥက ချစ်မယ် ထင်လား"

"ငါ့ကိုမှမချစ်ရင် ဘယ်သူ့ကို ချစ်ရဦးမှာလဲ ... မင်းလို ဇတ်ရူး၊ လူပြက်ရူး၊ စကားအတည်မပြော၊ အလုပ်လက်ကြော မတင်းတဲ့ကောင်ကို စာဥက စဉ်းစားမယ်ထင်လား"

"ငါဇတ်ရူးတာ၊ လူရွှင်တော်ရူးတာ မင်းနဲ့ဘာဆိုင်လဲ"

လှသောင်းနှင့် စိန်မျက်ခုံးတို့ ငြင်းခုန်စကားများနေကြစဉ် စာဥနှင့် သူ့အစ်မအေးစိန်တို့လည်း ရေအိုးကိုယ်စီရွက်ပြီး ရွာထဲ ဝင်သွားကြပြီ။

ဤသို့ဖြင့် လှသောင်းကလည်း ရွာမှပိုပိုရွှယ်ရွယ်၊ ကြီးကြီး ငယ်ငယ်ရှေ့ပင်မရှောင် စာဥနောက် တကောက်ကောက်လိုက်နေ သလို စိန်မျက်ခုံးကလည်း ရေကန်ကိုလာပြီး ညနေတိုင်း စောင့်နေ လေ့ရှိသည်။

သူတို့နှစ်ယောက်စလုံးကို စာဥ ပြန်မကြိုက်။



www.burmeseclassic.com

www.burmeseclassic.com

စိန်မျက်ခုံးအမည်က အမည်အရင်းမဟုတ်။ သူ့အမည်ရင်းက တင်ကြိုင်ဖြစ်သည်။ မျက်ခုံးနှစ်ဘက်က မည်းနက်ကြီးမားလွန်းသည့်အတွက် စိန်မျက်ခုံးဟု နောက်ပြောင်ခေါ်ကြသလို အချို့က ဘီလူးဝင်စားကာဟု နောက်ပြောင်ခေါ်ကြသည်။

နောက်ဆုံးတော့ တင်ကြိုင်နာမည်ပျောက်ကာ စိန်မျက်ခုံး အမည်သာတွင်ခဲ့သည်။

စိန်မျက်ခုံးက ဇာတ်ပွဲဆို အလွန်ဝါသနာပါလှသည်။ မကတတ်သော်လည်း လူရွှင်တော်များ ပြက်လုံးထုတ်သည်ကို အလွန်သဘောကျသည်။

ရွာအလှူရှိ၍ အရပ်ဇာတ်ကလျှင် စိန်မျက်ခုံးက လူပြက် (လူရွှင်တော်) နေရာက ဝင်ပါလေ့ရှိသည်။

ပါရမီအခံရှိသူဖြစ်၍ သူစင်ပေါ်တက်လျှင် တဝါးဝါးနှင့် ရယ်မောကြရသည်။

ယခု စာဥကို တန်းတန်းစွဲချစ်မိ၍ နောက်မှ တကောက်ကောက် လိုက်နေပေမဲ့ စာဥက ပြန်မချစ်။

စာဥက မချစ်၍ စိတ်ညစ်ရသည့်အထဲ လှသောင်းတစ်ယောက်ပါ တိုးလာသည့်အတွက် အပြိုင်ရှိလာတော့ စာဥ၏အချစ်ကိုရရေး နေ့မအား ညမနား ကြိုးစားလေတော့သည်။





လှသောင်းနှင့် စိန်မျက်ခုံးရန်ကို ကြောက်သဖြင့် ... စာဥ တစ်ယောက် ထင်းကုန်းရွာသား သက်ထွေးနောက် ကောက်ကောက်ပါအောင် လိုက်သွားတော့သည်။

စာဥအိမ်ထောင်ပြုသွားပြီး နောက်နှစ်အရောက် မန်ကျည်းတောရွာ အလှူပွဲမှာ အငြိမ့်ငှားသဖြင့် ရွာနှစ်ရွာ ခြားနေပေမဲ့ ... စိန်မျက်ခုံးအရောက်သွားပြီး အငြိမ့်ကြည့်သည် ... ညနေပိုင်းကတည်းက အငြိမ့်ရုံနား စိန်မျက်ခုံးရောက်နေသည်။

ဖြစ်ချင်တော့ အငြိမ့်မှာပါသည့် လူရွှင်တော်နှစ်ယောက်ထဲမှ တစ်ယောက်က နေထိုင်မကောင်း ဖြစ်နေသည်။ ညနေကတည်းက လူရွှင်တော်ရှာနေသော ပွဲတာဝန်ခံနှင့် တိုက်မိုက်တိုးပြီး စိန်မျက်ခုံး အကြောင်းသိသော ရွာသားတို့ကလည်း ဝိုင်းဝန်းထောက်ခံသည့်အတွက် ဇာတ်တာဝန်ခံက စိန်မျက်ခုံးအား လူရွှင်တော်လုပ်ခွင့်ပြုခဲ့သည်။

ရေငတ်တုန်း ရေတွင်းထဲကျသကဲ့သို့ စိန်မျက်ခုံး လူရွှင်တော် ဝင်လုပ်ဖြစ်သည်။ ပွဲမဝင်ခင် အငြိမ့်မှာရှိသော လူရွှင်တော်နှင့် ပြက်လုံးများ အတိုင်အဖောက်လေ့ကျင့်ရာ ... မရှက်တတ်သော နဂို စိန်မျက်ခုံးအဖို့ အခြေအနေ ကောင်းသွားခဲ့သည်။

ညဘက် ဇာတ်ခုံပေါ်တက်သည့်အခါတွင်လည်း ပရိသတ်


www.burmeseclassic.com

www.burmeseclassic.com



ဟာဝါးဝါးနှင့် ပွဲကျနေလေတော့သည်။

လူရွှင်တော်စိန်မျက်ခုံးတို့ အတွဲညီစွာ ပြက်လုံးထုတ်နိုင်မှုကြောင့် ပွဲဆူသွားခဲ့သည်။

အငြိမ့်ပွဲနှစ်ညပြီး၍ ဇာတ်အဖွဲ့ပြန်တော့ စိန်မျက်ခုံးအား လူပြက်လုပ်ရန်ခေါ်ရာ၊ ဝမ်းပန်းတသာနှင့် ဇာတ်နောက်လိုက်သွားတော့သည်။

"ရွှေပဒုမ္မာ"အငြိမ့်နောက်သို့ စိန်မျက်ခုံး လိုက်သွားပြီး ... လေးနှစ်ခန့်အရောက်၊ ထင်းကုန်းရွာ ရှင်ပြုအလှူပွဲမှာ "ရွှေပဒုမ္မာ" အငြိမ့်ကို ငှား၍ ဧည့်ခံမည်ဖြစ်သည်။

အငြိမ့်ဇာတ်ရောက်လာတော့ စိန်မျက်ခုံး ပါလာသည်။ ဇာတ်အဖွဲ့က တစ်ရက်ကြိုတင်၍ ညနေကတည်းကရောက်သည်။

ရှင်ပြုပွဲဖြစ်သဖြင့် ရှင်လောင်းလှည့်ရာမှာ ဆိုင်းအဖွဲ့ကို အသုံးပြုမည်ဖြစ်၍ ကြိုတင်ရောက်ရှိခြင်းဖြစ်သည်။ ထိုနေ့တစ်နေ့လုံး စိန်မျက်ခုံးအားသဖြင့် မွေးဇာတိ သဲကုန်းရွာသို့ လာလည်သည်။

သူ့အား လူရွှင်တော်ဟုမခေါ်၊ လူပြက်စိန်မျက်ခုံးဟု ခေါ်ကြသည်။

"ဟော့ လူပြက်ကြီး တသွေးတမွေးနဲ့ လှလို့ပါလား"

"ဇာတ်ထဲမှာ လူပြက်လား မင်းသားလား"





"မင်းတို့ ပွဲလာကြည့်ရင်သိရမှာပေါ့"

"အခု မင်းတို့ပွဲကမှာ မင်းရည်းစားဟောင်းစာဥတို့ရွာ စာဥ လာကြည့်မှာ သေချာတယ်ကွ"

"ထင်းကုန်းရွာရောက်ကတည်းက စာဥအကြောင်း သတိရပြီး စာဥ သီချင်းဟစ်ပြီးပြီကွ၊ ဒါနဲ့ ညပွဲမှာ စာဥအကြောင်း ထည့်ပျက်ရအောင် သူ့အကြောင်းသိသမျှ ပြောပြကွာ"

"လုပ်မနေနဲ့ စာဥက ကလေးနှစ်ယောက်ရနေပြီ၊ အပြက်မကောင်းရင် သူ့ယောကျ်ား ဓားနဲ့ခုတ်တာ ခံနေရလိမ့်မယ်"

"ဒါက နောက်ပိုးပြီးပြက်မှာ မဟုတ်ဘူး၊ ရှေးဟောင်းနောက်ဖြစ် အပျော်အပြက်လေးတွေ ပြက်လုံးထုတ်ပြက်မှာပါ"

သူတို့အနီးသို့ စိန်မြင့်ရောက်လာသည်။

"ဟော့ ... လူပြက်ကြီး ရွာကိုသတိရသေးနော်၊ မင်း ... အိမ်ထောင်ကျနေပြီလား"

"ငါ ... စာဥကို မရကတည်းက မိန်းမယူဖို့ စိတ်ကုန်သွားပြီ ... မင်းကောင် ... လှသောင်းရော"

"ဒီကောင် အောင်လှညီမ တင့်တင့်နဲ့ ယူလိုက်တာ ကလေး တစ်ယောက်ရနေပြီ"

"သို့ဖြင့် ရွာမှာ အသိမိတ်ဆွေများကို နှုတ်ဆက်ပြီး အငြိမ့်



www.burmeseclassic.com

www.burmeseclassic.com



ဂါမည့် ထင်းကုန်းရွာသို့ ညနေပိုင်းမှာ ပြန်သွားခဲ့သည်။

ထိုညက လူပြက်စိန်မျက်ခုံးကြောင့် ပွဲစည်သွားသည်။ ထင်းကုန်းနှင့် သဲကွင်းရွာက တစ်ရွာနှင့်တစ်ရွာ တစ်မိုင်နီးပါးသာ ကွာဝေးသည့်အတွက် သဲကုန်းရွာလုံးကျွတ်နီးပါး အငြိမ့်လာကြည့်ကြသည်။

စာဥတို့လင်မယားလည်း ကလေးနှစ်ယောက်ချီ၍ ပွဲလာကြည့်ကြသည်။ တစ်ချက်တစ်ချက်၊ လူပြက်စိန်မျက်ခုံးက ရွာက အသိမိတ်ဆွေ၊ သူငယ်ချင်းများ၏ ငယ်ကျိုးငယ်နာဖော်၍ ပြက်လုံးထုတ်ပြက်သဖြင့် ပွဲကြည့်သူများ ပါးစပ်မပိတ်နိုင်အောင် ရယ်မောကြရသည်။

နောက်နေ့ အလှူဧည့်ခံပွဲမှာ ဆိုင်းဝိုင်း၊ ဆိုင်းနောက်ထ တစ်ပင်တိုင်မင်းသမီး လူရွှင်တော်လေးယောက်တို့ဖြင့် တရားပွဲမစခင် အထိ ဖျော်ဖြေပေးရသည်။

လူပြက်စိန်မျက်ခုံးကြောင့်လည်း အလှူပွဲစည်ကားသွားခဲ့ရသည်။

ညနေသုံးနာရီခန့် ကုန်တင်ကားကြီးပေါ် ဇာတ်သေတ္တာများတင်ပြီး အငြိမ့်အဖွဲ့ ပြန်သွားသည်။

ထင်းကုန်းရွာမှ သဲကွင်းရွာ ညောင်တစ်ပင်ရွာ နှစ်ရွာကို





ဖြတ်ပြီး မြို့သို့သွားမည့်ကားလမ်းသို့ ရောက်မည်ဖြစ်သည်။

သဲကွင်းရွာအလွန် ညောင်တစ်ပင်ရွာ မရောက်ခင် အလယ် မကျတစ်ကျမှာ လက်ပံပင်ကြီးတစ်ပင်ရှိသည်။ လူရောလှည်းရော သွားနိုင်သည့် မြေသားတာလမ်းဖြင့် တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်ထားသည်။

တာလမ်းက လှည်းအသွားအလာများသည့်အတွက် ချိုင့်များပေါ်များစွာ ရှိနေသည်။

အငြိမ့်ဇာတ်သေတ္တာများကို သယ်ဆောင်လာသော ကုန်တင်ကားလည်း တာလမ်းပေါ်မှ ချိုင့်ခွက်များကို ရှောင်ရှား၍ မောင်းနှင်နေရသည်။

လက်ပံပင်ကြီးအနီးသို့အရောက် ချိုင့်ကြီးတစ်ချိုင့်ကိုရှောင်၍ မောင်းလိုက်ရာ ...

"ဝုန်း"ခနဲ မြည်သံကြီးနှင့်အတူ၊ တာလမ်းတစ်ဘက်သို့ စောင်းကာ ကားကြီးမှောက်သွားတော့သည်။

ဇာတ်သေတ္တာများအပေါ်မှ ထိုင်လိုက်လာသူ ဇာတ်အဖွဲ့သားများ ဘေးသို့ လွင့်စင်ကျကုန်သည်။

အောက်သို့လွင့်ကျသူအတော်များများ ခြေကျိုးလက်ကျိုး ခေါင်းပေါက်စသော ဒဏ်ရာများ ရရှိကြသော်လည်း စိန်မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် သေတ္တာပိုးပြီး နေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

သဲကွင်းရွာသားလည်းဖြစ်၊ ဆွေမျိုးသားချင်းများက စိန်မျက်ခုံးအား ကောင်းစွာသင်္ဂြိုဟ်ခဲ့သည်။

လူပြက်စိန်မျက်ခုံးအား ရည်းစူးပြီး အလှူအတန်းလုပ် အမျှပေးဝေခဲ့သော်လည်း ကျွတ်လွတ်မှုမရှိဘဲ ... လက်ပံပင်ကြီးမှာ တွယ်ကပ်နေကာ ဖြတ်သွားဖြတ်လာလုပ်သူများအား နည်းမျိုးစုံနှင့် ခြောက်လှန့်နေသည်။

အခြောက်အလှန့်မျိုးစုံ ခြောက်ပေမဲ့ ကြောက်အောင်တော့ မခြောက်၊ သူခြောက်လှန့်ပုံနည်းက သူ့အတွက် ပျော်စရာတူ၍ သဘောထားသည်လား မသိ။

သူခြောက်လျှင် လူကြီးရော လူငယ်ပါမရှောင် ခြောက်လှန့်တတ်သည်။ ထိပ်ပြာလွှင့်မတတ် ကြောက်အောင်တော့ မခြောက်၊ စားစရာပါလျှင်တော့ ကုန်ပြီသာမှတ်ပေတော့၊ အတိအလင်း ယူစားပစ်သည်။

ထင်းကုန်းရွာ၊ သဲကွင်းရွာ၊ မန်ကျည်းတန်းရွာမှ မြို့တွင်းသို့သွားလျှင် ထိုလမ်းကသာ သွားကြရသည်။

သို့ကြောင့် သူသေဆုံးခဲ့ပြီး တစ်နှစ်အတွင်းမှာ သရဲအခြောက်မခံရဘူးသူ မရှိသလောက်ပင်။





✣✣✣✣✣✣✣

လှသောင်းတစ်ယောက်၊ နှမ်းများအိတ်သွက်ပြီး နှမ်းပွဲစားများအလာကို ရွာမှစောင့်နေသည်။ ပွဲဘားနှစ်ဦး ရောက်လာသည်။

သူတို့ပေးသောဈေးနှင့် မြို့ပေါ်ပွဲရုံသို့ သွားရောင်းသည့်ဈေးက ကွာလွန်းလှသည်။ သို့ကြောင့် လှသောင်းလည်း နှမ်းများကို ပွဲစားထံ မရောင်းတော့ဘဲ မြို့ပေါ်တက်၍ ရောင်းရန် ဆုံးဖြတ်လိုက်သည်။

မြို့ကိုသွားရောင်းရန် ဆုံးဖြတ်ပြီးကာမှ သရဲပြက်စိန်မျက်ခုံးကို ပြေးမြင်ပြီး ထွန်းစိန်ကို အဖော်ခေါ်နေခြင်းဖြစ်သည်။

သရဲပြက်က အချိန်အခါမရှောင် ခြောက်သည့်အတွက် အဖော်ပါတော့ ရဲသေးသည်။ ထွန်းစိန်က အိမ်ရှေ့အဝတ်အစားလဲပြီး စောင့်နေသည်။

"ငါ ထမင်းမစားရသေးဘူးနော် ... အရောင်းအဝယ်ပြီးရင် ထမင်းဝယ်ကျွေးရမယ်"

"ဟ ... ဒီအချိန်သွားမှတော့ မနက်စာ ဝယ်မစားလို့ဖြစ်မလား ... ဝယ်စားရမှာပေါ့ ငါခေါ်မှတော့ စားရေးသောက်ရေး ငါတာဝန်ယူမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရှာကထွက်သည်နှင့် တော်တော်ဝေးဝေးမှာ ညို့ညို့မှိုင်းမှိုင်း
လက်ပံပင်ကြီးကို မြင်ရသည်။

"သရဲပြက်စိန်မျက်ခုံး ခရီးလွန်နေပါစေ"

"ဟိုကောင်က မင်းလာမယ်မှန်းသိလို့ လမ်းက စောင့်
လောက်ပြီ"

"ကြောက်ပါတယ်ဆိုမှ မင်းကလုပ်ပြီ"

လူပြက်စိန်မျက်ခုံးသေပြီး သရဲဖြစ်နေလေတော့ လူပြက်
ဟူ၍ မခေါ်တော့ဘဲ "သရဲပြက်" ဟူ၍ ပြောင်းလဲခေါ်ကြသည်။

"သရဲပြက်စိန်မျက်ခုံး" ဟု တစ်ယောက်စကားတစ်ယောက်
ကြားပြီး ထိုနာမည်သာ တွင်နေတော့သည်။

အသွားလမ်းတစ်လျှောက်လုံး ခြောက်လှန့်ခြင်း မရှိသဖြင့်
လှသောင်း ဆုတောင်းသကဲ့သို့ သရဲပြက် ... ခရီးလွန်နေခြင်း
လားဟု ထင်မိကြသည်။

အရောင်းအဝယ်ပြီး၍ စားသောက်ပြီးနောက် နေ့လယ်ခင်း
ဆယ့်နှစ်နာရီကျော်ပြီး အပြန်နွားများ နေပူသဖြင့် မြို့ကသုံးနာရီထို
ကာနီးမှ ပြန်လာခဲ့ကြသည်။

ငါးနာရီခွဲကာနီးမှာ သူတို့လှည်း လက်ပံပင်ကြီးအနီးသို့
ရောက်လာသည်။





ရှူး ... ရှူး ...

"ဟင် နွားနှစ်ကောင် ဘာတွေ့လို့လဲ မသိဘူး၊
နှာမှုတ်နေတယ်"

"ဝုန်း ... ဒုန်း"

"ဒိန်း ... ဂျိန်း"

နွားနှစ်ကောင်လည်း ရုတ်တရက် ကြိမ်ထိုးခံလိုက်ရသည့်
လား ကဆုန်ပေါက် ပြေးထွက်သွားစဉ် ... လှည်းများက
မ်းချိုင့်ခွက်များကြောင့် ခုန်ပေါက်မြောက်တက်နေသည်။

"ဟာ လှသောင်း နွားကြိုးကို တင်းတင်းဆွဲပါဟ"

"ငါဆွဲနေတာပဲ လက်တောင်ပြတ်တော့မယ်"

"ကျွတ် ... ကျွတ် ... ကျွတ်"

နွားများကို ပါးစပ်မှ စုတ်သံကျယ်ကျယ်ပေးပြီး ... ကြိုး
ချောင်းကို တင်းတင်းဆွဲသော်လည်း နွားနှစ်ကောင်က နှာခေါင်း
နာခံပြီး အတင်းဆွဲပြေးနေသည်။

ဝုန်း ... ဒိုင်း ...

ဂျိန်း ... ဂျိန်း ... ဂျိန်း ...

"ဟာ ... နွားတွေ ကာပေါက ဆင်းပြေးကုန်ပြီ"

"ဟော့ သရဲပြက် ... မခြောက်နဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့နွား ... ဟဲ့နွား ... သွားစမ်း"

လှသောင်းက ကြောက်ကြောက်လန့်လန့်နှင့် ပြောကာမှ ... အနီးမှ အသံကြီးထွက်ကာ နွားကို မောင်းနေသည်။

"ဟေ့ သရဲပြက် ... နွားတွေကို မခြောက်ပါနဲ့ကွာ ... ငါ ... မင်းရဲ့သူငယ်ချင်းလှသောင်းပါ"

"ဟဲ ... ဟဲ ... ရည်းစားလုဖက်ကြီးရယ် ... မင်းမှန်း ငါသိတာပေါ့"

"ဟ ... သရဲပြက်က စကားပြောတယ်"

"မင်းက ... ငါ့ကိုကြောက်လို့ ဒီကောင်ကို အဖော်ခေါ်လာတာမဟုတ်လား၊

မင်းရဲ့အဖော်က အတော်အားကိုးရတာပဲ"

"ဟာ ... အမယ်လေး"

ဝုန်း ... ဒုန်း ... ဂျိန်း ...

နွားများက လယ်ကွင်းတွေထဲ အပြေးမရပ်သဖြင့် လှည်းဝိုင်းများကို တင်းတင်းဆုတ်ပြီး လိုက်လာသော ထွန်းစိန်၏ခါးကို လက်ကြမ်းကြီးနှင့် လာထိုးသည်။

"ဟေ့ ... ဟေ့ ... ငါ့ကို မခြောက်နဲ့ကွ"

"ဟား ... ဟား ... ဟား ... ကြောက်လား"



"ကြောက် ... ကြောက် ... လှသောင်း ... လုပ်ပါဦး"

"မင်းဘယ်လိုဖြစ်နေတာလဲ ... နွားနှစ်ကောင်က ကွင်းထဲ ဖြတ်ပြေးနေလို့ ဘယ်လို ထိန်းထိန်းမရဘူးဖြစ်နေတာ ... မင်းက အော်ဟစ်နေတယ့် ရှေ့မှာ ချောင်းရောက်တော့မယ်"

"ငါ့ကို သူ့လက်ကြီးနဲ့ ခါးကိုထိုးပြီး စကားပြော ... မင်း ... မကြားဘူးလား"

"မကြားဘူး ... ငါ့မှာလည်း နွားနှစ်ကောင်နဲ့ အလုပ်ရှုပ်နေတယ် ... စိန်မျက်ခုံးတော်ပါတော့၊ ဒီလောက်ခြောက်လှန့်ရရင် တော်ပါတော့"

နွားနှစ်ကောင်ကို ကြိုးတင်းတင်းဆွဲပြီး ပါးစပ်မှ စုတ်သတ်သော်လည်း ဘယ်လိုမှမရ၊ ရှေ့မှာ ရေစပ်စပ်စီးဆင်းနေသော ပေလေးဆယ်ခန့်ကျယ်သည့် ချောင်းရှိသည်။

ချောင်းက မနက်ပေမဲ့ လှည်းသာ ချောင်းထဲကျပါက တစ်ခုချင်း ဖြုတ်ပြီးမှ ပြန်တင်လို့ရပေမည်။

ဝုန်း ... ဝုန်း ... ဝုန်း ...

"ဟေ့ကောင် ... လှသောင်း ဆွဲပါဟ ... ရှေ့မှာ ချောင်း ... ချောင်း ... ချောင်းထဲ ကျတော့မယ်"

ထွန်းစိန်က လှည်းပေါ်မှအောက်သို့လည်း ခုန်မဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် လှည်းက ချောင်းထိပ်ရောက်မှ တိခနဲရပ်သွားသည်။

"ဟူး ... တော်ပါသေးရဲ့"

"ဟဲ ... လှသောင်း ... ငါခြောက်လှန့်ပြီး နွားတွေ မောင်းခဲ့တာပါ ... မင်းအတော်ကြောက်သွားလား ... မကြောက်ပါနဲ့ လှည်းပြန်လှည့်လို့ရပါပြီ"

လှသောင်းအနီးမှကပ်၍ သရဲပြက်၏စကားကို ကြားလိုက်သည့်အတွက် ကြောက်မိသော်လည်း ... အန္တရာယ်မရှိတော့မှန်း သိလိုက်သည့်အတွက် ကြောက်စိတ်အနည်းငယ် လျော့သွားသည်။

သရဲပြက်စိန်မျက်ခုံး ပြောသည့်အတိုင်း နွားနှစ်ကောင်ကို နောက်သို့ပြန်လှည့်ရာ အခက်အခဲမရှိတော့ဘဲ လှည့်၍ရတော့သည်။

"ဟူး ... တော်ပါသေးရဲ့"

"မတော်နဲ့ ဟော့ကောင်၊ ငါတို့ မြို့ကဝယ်လာခဲ့တဲ့ ခေါက်ဆွဲ နှစ်ထုပ် မရှိတော့ဘူး"

"ဟာ ... သေသေချာချာ ကြည့်ပါဦး"

"ဒီမှာ ကြည့်စရာမလိုဘူး ရှင်းရှင်းကြီးပဲဟာ"

ထွန်းစိန်က နှမ်းထည့်သွားသော အိတ်များကို ဖြန့်ပြသည်။ တင့်တင့်က ခေါက်ဆွဲမှာလိုက်သဖြင့် ဝယ်ပြီး အိတ်များအတွင်း ထည့်၍ လိပ်လာခဲ့သည်။

ထွန်းစိန် အိတ်များကို ဖြန့်ပြသည်။ ဘာခေါက်ဆွဲထုတ်မှ မရှိတော့။

လှည်းကို လေးပေခန့်သာအမြင့်ရှိသည့် တာလမ်းပေါ် မောင်း တက်ခဲ့သည်။

"ဟေ့ သရဲပြက် ဘာဖြစ်လို့ ခေါက်ဆွဲနှစ်ထုတ်ယူစားသွား တာလဲ"

"ငါစားချင်လို့ပေါ့ ဟား ... ဟား ... ဗိုက်မဝသေးဘူး... စားစရာပါသေးလား"

လှသောင်းလည်း ဘာမှမပြောတော့ဘဲ ... လှည်းကိုသာ ဆက်မောင်းလာခဲ့သည်။

❖❖❖❖❖❖❖

တစ်ရက် ညောင်တစ်ပင်ရွာမှ နွားကျောင်းသားလေး သုံး ယောက် သဲကွင်းရွာဘက်သို့ နွားများပြေးသွားသည့်အတွက် ... နောက်မှလိုက်မောင်းရာ လက်ပံပင်ကြီးအနီးသို့ ရောက်လာခဲ့သည်။

အချိန်က ညနေလေးနာရီခန့်ရှိပြီ။

"ဟေ့ကောင်လေးတွေ ... လက်ပံပင်အောက် မသွားနဲ့"

လူကြီးတစ်ယောက်၏ အော်လိုက်သည့်အသံကြောင့် နွား ကျောင်းသားလေးများက နောက်သို့လှည့်ကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အဘရဲ့"

သူတို့မြင်လိုက်ရသည်က အသက်ခြောက်ဆယ်ခန့်ရှိသည့် လူကြီးတစ်ယောက်ဖြစ်သည်။

"ဒီအပင်ကြီးနားမှာ လူပြက်တစ်ယောက်သေပြီး မကျွတ် မလွတ်ဘဲ အပင်နားရောက်တဲ့လူတိုင်း သရဲခြောက်နေတာ မင်းတို့ မသိဘူးလား"

"မသိဘူး အဘ"

ကျွန်နှစ်ယောက်က ...

"ကျွန်တော်တို့တော့ မကြုံဘူးပူး၊ ရွာကလူတွေပြောတာ ကြားဖူးတယ် ... ဒီအပင်ကြီးမှာ ရှိတာလား"

"အေး... ဟုတ်တယ်၊ သူက လူပြက်လုပ်ရင်းသေသွားတာ ဆိုတော့ ပျော်စေပျက်စေ ခြောက်လှန့်နေတာ"

"ဒါဆို ကြောက်စရာ မကောင်းဘူးပေါ့"

"သူက ကြောက်အောင်မှ မခြောက်တာ အခြောက်ခံရတဲ့ သူတွေကလည်း မကြောက်ကြဘူး"

"အဘက ဘယ်သွားမှာလဲ၊ ကျွန်တော်တို့ကိုတော့ အပင် ကြီးအောက် မသွားနဲ့ဆိုပြီး အဘက သစ်ပင်အောက် ဘာသွားလုပ် မှာလဲ"





"လက်ပံပင်ကြီးအောက်ကို မသွားပါဘူး၊ ဟိုနားက ... ချုံနောက်မှာ အပေါ့သွားထိုင်မလို့"

"အဘ ... လက်ပံပွင့်တွေကြွေတော့ ရွာကလူတွေ လာ မကောက်ကြဘူးလား"

"လာကောက်ကြမှာပါ၊ အခုက ဖူးတုန်းပဲ ကပေါင်းလဆို လှိုင်လှိုင်ပွင့်ပြီး သရဲဆီမှာ ခွင့်တောင်းပြီး ကောက်ကြမှာပေါ့"

"အဘက လက်ပံပင်အောက်မှာနေတာလား၊ အဘနဲ့ဒီက သရဲ တော်တော်ခင်မှာပေါ့နော်"

"ခင်ဆို ... အဘက ဟော့ကောင် သရဲပြက်၊ ပွဲကို ကပြစမ်းဆို သူသစ်ပင်ပေါ်က ဆင်းလာပြီး ကပြတာ၊ ပျင်းလို့ သီချင်းဆိုပြစမ်းဆို ဆိုပြတယ်"

"ဟုတ်လား အဘမကြောက်ဘူးလား"

"မကြောက်ပါဘူး"

"မင်းတို့ သရဲပြက် ကတာကိုကြည့်ချင်လား"

"ကြည့်ချင်တယ်အဘ"

"မကြည့်ချင်ပါဘူး၊ ခြောက်လှန့်နေရင် ... ဘယ်လိုလုပ်မလဲ မကြာခင် မှောင်တော့မှာ"

"ဒီအဘပြောတယ်လေ ... သရဲက သဘောကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com

တဲ့"

"ဒါဆို သရဲရောက်လာရင် အဘာရှိနေမှာလား"

"အဘက အပေါ့သွားပြီး သွားစရာရှိသေးတယ် … သရဲကို ခေါ်ပေးခဲ့မယ်၊ သူရောက်လာရင် ကလေးတွေကို မခြောက်မလှန့်နဲ့ သူတို့နိုင်းတာလုပ်ပေးလို့ ပြောခဲ့မယ် ခဏနေရင် အဘ ပြန်လာမယ်"

"နေပါစေ မခေါ်ပါနဲ့ … သားတို့ကြောက်တယ်"

"မကြောက်ပါဘူးကွာ ငါတို့က သုံးယောက်ပဲ၊ အဘပြောတဲ့ သရဲကိုခေါ်ပေးပါ၊ သရဲကို ကနိုင်းမယ်"

"ဒါဆို ခဏနေဦး … အဘ ဟိုချုံပုတ်နောက်မှာ အပေါ့အပါး ထိုင်သွားလိုက်ဦးမယ် … ပြီးရင် ခေါ်ပေးမယ်။

အဘိုးကြီးလည်း အပေါ့အပါးသွားမည်ဆိုကာ ချုံနောက်သွား ထိုင်လိုက်သည်ကို တွေ့သည်။

"ဟာ … အဘကလည်း အပေါ့သွားတာ ချုံနောက် ဝင်ရတယ်လို့၊ ဘယ်သူ့ကို ရှက်နေလဲ မသိဘူး"

"ဘယ်သူ့ကို ရှက်ရမှာလဲ ငါ့ကိုရှက်တာပေါ့"

"ဟင် …"

"ဟာ"





"ဦးက ဘယ်သူလဲ"

"ငါလား … ငါက စိန်မျက်ခုံးလေ … မင်းတို့ငါကတာကို ကြည့်ချင်လို့လား မင်းတို့ နဲ့ငါပြိုင်ကမလား"

"ဦးလေးက ဟိုအဘပြောတဲ့ ဒီအပင်ကြီးပေါ်မှာနေတဲ့ လူပြက်သရဲလား"

"ဟုတ်ချင်ဟုတ်မှာပေါ့ … ငါသရဲဆိုရင် မင်းတို့ကြောက် မှာလား"

"အခုအတိုင်းဆို ကြောက်စရာမကောင်းဘူး"

"မင်းတို့သုံးယောက်နဲ့ ငါကစားမယ်"

"ဟာ ကလေးနဲ့လူကြီး ကစားလို့ဖြစ်မလား"

"အကပြိုင်ကြမယ်လေကွာ"

"မကတတ်ဘူး … ဦးက လူပြက်လုပ်ရာက သေသွားပြီး သရဲပြက်လို့ အခေါ်ခံနေရသလို အခုမှ မှန်တယ်"

"ဘာဆိုင်လို့လဲ ကောင်လေးတွေရ"

"သရဲဆိုတာ ကြောက်စရာကောင်းတယ် … ခြောက်လှန့် တတ်တယ်လို့ လူကြီးတွေက ပြောကြတယ်၊ အခု ဦးကတော့ … သရဲဖြစ်ပြီး သရဲနဲ့လည်းမတူ ခြောက်လည်း မခြောက်ဆိုတော့ သရဲပြက်ကြီးဖြစ်နေတာပေါ့ သားတို့ပြောတာ မှန်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... ကျလည်းကျတဲ့ကောင်လေးတွေပဲ"

"မင်းတို့နဲ့ငါ ခဲလုံးနဲ့ ထိအောင်ပေါက်ကြမလား"

"ဘာကို ထိအောင်ပေါက်ရမှာလဲ"

"လူကိုပေါ့၊ ငါကမင်းတို့ကို ထိအောင်ပေါက်မယ် မင်းတို့က ဦးကို ထိအောင်ပေါက်"

"ကျွန်တော်တို့က ငှက်ကိုတောင် ထိအောင်ပေါက်နိုင်တယ်"

"ငါက ဟိုအပင်ပေါ်က ပစ်မယ် ... မင်းတို့က အောက်က ပစ်"

"ပစ်လေ သားတို့က ထိအောင်ပစ်မှာ ... ဦးက ကျွန်တော်တို့ကို မထိအောင်ပစ်"

"ကောင်းကွာ ငါက မထိအောင်ပစ်မှတော့ ရှုံးပြီပေါ့"

"သဘောမတူဘူးလား"

"တူတယ်ကွာ၊ ငါအရင်ပစ်မယ် ငါပစ်တဲ့အသီးနဲ့ မင်းတို့က ကောက်ပြီး ပြန်ပစ်ဟုတ်လား"

"စားလို့ရတဲ့အသီးနဲ့ပစ်ပါလား"

သရဲပြက်က ဘာမှပြန်မပြောဘဲ ... သစ်ပင်ပေါ် ရိပ်ခနဲ တက်သွားသည်။





"ဟော့ ... ခြံနောက်ဝင်သွားတဲ့အဘလည်း ပြန်ထွက်မလာပါလား"

"ငါသွားကြည့်လိုက်ဦးမယ်"

ကောင်လေးတစ်ယောက် ချုံနောက်ဘက် သွားရပ်ကြည့်သည်။

အပေါ့သွားသည်ဆိုသော အဘိုးကြီးကိုမတွေ့တော့။ ချုံက တစ်ခုထဲ ရှင်းရှင်းလင်းလင်း ရှိနေသည်။

"ချုံနောက်မှာ အဘိုးကြီး မရှိတော့ဘူးကွ"

"ဘယ်မှထွက်သွားတာလည်း မတွေ့ပါဘူး"

"ဟော့ကောင်လေးတွေ ... အဘိုးကြီးက သစ်ပင်ပေါ်မှာ ထိုင်နေတယ်လေ"

"ဟင်"

"စောစောက အဘိုးကြီးဟာ ... ဦးလား"

"ဟား ... ဟား ... သဘောမပေါက်သေးဘူးလား"

"ဘုတ်"

"အား ... ပါး ... ပါး ... ငါ့ခေါင်းကို ဘာအသီးနဲ့ပေါက်တာလဲ မသိဘူး"

"ဒီ သဖန်းသီးလို့ခေါ်တယ်ကွ ... ဘယ်က ခူးလိုက်[illegible]လဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး"

"ဘုတ် ... ဘုတ်"

"ဟာ ... ငါတို့ကို ထိအောင်ပစ်တယ်၊ သူ့ကို ထိအောင် ပြန်ပစ်ကြမယ်"

ကောင်လေးသုံးယောက်တို့လည်း သစ်ပင်ပေါ်မှ ပစ်လိုက်သည့် သဖန်းသီးများကို ကောက်ယူကာ လက်ပံပင်ကြီးပေါ်မှ သရဲအား ထိအောင်ပြန်ပစ်ကြသည်။

အပေါ်ကပစ်လိုက် အောက်ကပစ်လိုက်နှင့် အချိန်က ... တဖြည်းဖြည်းကုန်လာသည်။

မှောင်စပြုလာသည့်တိုင် အပစ်မရပ်သေး။

ထိုအချိန် ညောင်တစ်ပင်ရွာမှ လူအချို့ဓာတ်မီးများကိုင်၍ နွားကျောင်းသားလေးသုံးယောက်ကို လိုက်ရှာနေကြသည်။

"ဟာ ဟိုရှေ့မှာ လက်ပံပင်ကို ခဲနဲ့ပေါက်နေတယ်၊ ခင်ဗျားတို့သားတွေ မဟုတ်လား၊ ဒီကောင်လေးတွေ ဘာတွေ့နေလို့လဲ၊ လက်ပံပင်က သရဲကို ခဲနဲ့ပေါက်နေတာဆိုရင်တော့ ပြဿနာပဲ"

"ဟော့ကောင်လေးတွေ ဘာလုပ်နေတာလဲ ... ဘာကိုပစ်နေတာလဲ"

လူကြီးတွေ လှမ်းမေးသော်လည်း သိဟန်မတူ၊ ခဲကောက်၍





ပစ်မြဲပစ်နေသည်။

ညို့ယူထားခြင်း ခံရသူများကဲ့သို့ သစ်ပင်ကြီးကို ခဲကောက်၍ ပစ်နေသည်။

"ဟာ ... သူတို့အနားမှာ သဖန်းသီးတွေ မဟုတ်လား၊ ဘယ်ကရလာတာလဲ"

လူကြီးတစ်ယောက်က အနားရောက်သွားပြီး ကောင်လေးတစ်ယောက်အား လှမ်းပုတ်လိုက်မှ ထိုကလေး မြေပေါ်လဲကျသွားသည်။

"ဟာ ... ဒါ ... ဒါ ... မရိုးဘူး သစ်ပင်ပေါ်က သရဲကလည်း သူတို့ကို ပစ်နေတယ်"

ဓာတ်မီးနှင့် သစ်ပင်ပေါ် ထိုးကြည့်သည် ... ဘာသရဲကိုမှ မတွေ့ရ။

သုံးယောက်လုံး လူကြီးများ၏လက်နှင့် ထိလိုက်မှ သတိရသကဲ့သို့ဖြစ်ကာ အပစ်ရပ်တော့သည်။

"နွားတွေက ငါးနာရီခွဲလောက်ကတည်းက အိမ်ပြန်ရောက်လာတယ်။ နွားတွေပြန်လာပြီ လူတွေပြန်လာအောင် စောင့်တာမလာတာနဲ့ ငါတို့ ရှာပြင်ထွက်ပြီးရှာတာ၊

ငါတို့မရောက်ရင် မင်းတို့ဘယ်အချိန်ထိ ပစ်နေဦးမှာလဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... ဘယ်သူမှ မနိုင်ဘူးပေ

"ဟာ သစ်ပင်ပေါ်က စကားပြောတယ်၊ စိန်မျက်ခုံးအသံ ဖြစ်မယ်"

ကလေးများကိုမေးတော့ ခဲပစ်ပြိုင်နေတာဟု ပြောပြသည် သူက သဖန်းသီးတွေနဲ့ပစ်လို့ သူပစ်တဲ့သဖန်းသီးကို ကောက်ပြ ပြန်ပစ်နေတာ။

ရှာသားတို့လည်း ကလေးများကိုခေါ်ပြီး ပြန်သွားသည်

❖❖❖❖❖❖❖

တပေါင်းလထဲရောက်ခဲ့ပြီ၊ လက်ပံပင်ကြီးအပေါ်က လက် ပွင့်တွေ ရဲရဲနီလျက်ရှိနေပြီး အချို့အပွင့်များက အောက်သို့ ... တဖြုတ်ဖြုတ် ကြွေကျနေသည်။

မြေသို့ ကြွေကျနေသော လက်ပံပွင့်များကို ကောက်ချင်သေ လည်း သရဲပြက်ကို ကြောက်လန့်ကြ၍ မကောက်ဝံ့ကြ။

အများက သရဲကြောက်၍ လက်ပံပွင့် မကောက်ဝံ့သော်လည် သဲကုန်းရွာက အပျိုကြီးမငွေစိန်နှင့် နတ်ကတော်ဒေါ်ရင်တို့က လက် ပွင့် သွားကောက်ရန် တိုင်ပင်ကြသည်။

"သွားတော့သွားကောက်ချင်တယ် ... အဒေါ်ရေ တော်ကြ သရဲပြက်နဲ့တိုးနေလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"



"အိုအေ ... ဒီလက်ပံပွင့်တွေ သူ့အတွက် အသုံးဝင်တာမှ မဟုတ်တဲ့ ခွင့်တောင်းပြီးမှ ကောက်ကြတာပေါ့။ မဆုံကို ခေါ်ကြည့် ပါလား သုံးယောက်ဆို ပိုကောင်းတာပေါ့"

"အေး ... ဒါ ... ခေါ်ကြည့်လိုက်ဦးမယ်"

ဒေါ်ရင်၏အိမ်နီးချင်းဖြစ်သော မဆုံကိုခေါ်ရန် သတိရလိုက် သည်။ မဆုံက အသက် (၃၅)နှစ်ခန့်ရှိတာ ကလေးနှစ်ယောက် အမေမုဆိုးမတစ်ယောက်ဖြစ်သည်။

"မဆုံရေ ... မဆုံရေ"

"ရှင် ... အစ်မရင် ... ခေါ်လား"

"အေး ... ခေါ်တယ်ဟေ့"

ခဏကြာတော့ မဆုံတစ်ယောက် ဒေါ်ရင်အိမ်သို့ ကူးလာ သည်။

"ကိစ္စရှိလို့လား အစ်မရင်"

"တို့လက်ပံပွင့်တွေ သွားကောက်မလို့ လိုက်ဦးမလား"

"ဟို ... ဟို ... တာလမ်းဘေးက သရဲခြောက်တဲ့ ... လက်ပံပင်မှာလား"

"ဟုတ်တယ် ... အခုဆို တော်[illegible]

"ဟို ... လူရှင်တော်သရဲကို ကြောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူက ... မခြောက်ပါဘူးအေ"

မဆုံးကာ အတိတ်ကို သတိရသွားသည်။

"သူက စာဥကို မကြိုက်ခင် ... ကျွန်မကို ရည်းစားစ

လိုက်ပြောတာ သုံးကြိမ်တောင် ကျွန်မ ... ကိုကြွက်နီနဲ့ ယူလို

သူစာဥကို ... နောက်ပိုးဖြစ်သွားတာ ... ကျွန်မကိုမြင်ရင်

သူစိတ်ဆိုးရင် စိတ်ဆိုးမှာ အစ်မရင်တို့ပဲ သွားကြပါ"

"လာပါအေ ... ဒါတို့လည်း ပါတာပဲ၊ နင်က က

နှစ်ယောက်အမေ ဖြစ်နေပြီမဟုတ်လား ... လိုက်သာလိုက်ခဲ့စမ်း

"အင်း အစ်မရင်နဲ့ ဘယ်သူပါသေးလဲ"

"နင့်အစ်မငွေစိန်လည်း ပါသေးတယ်"

"ဒါဆို အိမ်ပြန်ပြီး ထည့်စရာ သွားယူလိုက်ဦးမယ်

ခဏလေးနော်"

ထို့နောက် မဆုံလည်း အိမ်ပြန်ပြီး ခွဲဝင်တောင်းကိုယူ

ပြန်ရောက်လာသည်။

"ကဲ သွားကြမယ် ... သစ်ပင်အောက်ရောက်ရင် အစ်မရ

ပြောဆိုတောင်းပန်ဦးတော့"

"အေးပါ ... လာ ... သွားမယ် နေတောင်ပူလာ

အချိန်က ရှစ်နာရီခန့်ရှိပေမဲ့ အညာနေက ပူစပြုလာသ



ယောက်ကိုယ်စီဆောင်းပြီး တောင်းတစ်လုံးစီ ခါးစောင်းတင်၍

က်ပံပင်ကြီးဆီ ရောက်လာသည်။

"ဟင်"

"ဘာဖြစ်လို့လဲ"

"တို့မရောက်ခင် ဘယ်သူတွေ ကောက်သွားလဲ မသိဘူး၊

င်အောက်မှာ တစ်ပွင့်မှ မရှိတော့ဘူး တွေ့လား"

"စိန်မျက်ခုံးရေ ... တို့ လက်ပံပွင့်လိုချင်လို့ နင့်အပင်

မှာရှိရင် ... အပွင့်တွေ လှုပ်ချပေးပါလား"

"နတ်ကတော်ကြီး ဒေါ်ရင် ... မှတ်တယ်၊ ကျုပ်ရဲ့အချစ်

င်းကြီးလည်း ပါလို့ပါလား၊ ခင်ဗျားတို့သုံးယောက် နတ်ယိမ်း

မယ်ဆိုရင် ... လှုပ်ချပေးမယ်"

"ဟယ် မဟုတ်ကဟုတ်က ... ငါက နတ်ကနားပွဲမှ

င်ပြီးကတာ"

"ဒီအတိုင်း မကတတ်ဘူးလား၊

ဒါဖြင့် ပြန်ကြတော့"

"အတူးလေးရယ်တဲ့ ယှဉ်ကာမြိုင် ... ယှဉ်ကာမြိုင် ...

ပွ့ယာ ရွှေကော်ဇောဆိုပြီး က ... ဗျာ၊

ဒါမှမဟုတ် ကိုကြီးကျော်သီချင်းဆိုပြီး ... က၊ သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com

လုံး ဖြိုင်တူကရင် တောင်းသုံးလုံးအပြည့်ပေးမယ်"

"ကဲ ... ငါတို့ကရင် တကယ်ပေးမှာလား"

"ပေးမယ် .... ခင်ဗျားက သီချင်းဆိုပြီးက ... ကျန်တဲ့ နှစ်ယောက်က အတူတူက"

"နှစ်ကော်တော်နိုင်စက်တာပဲ၊ ဒါကြောင့် သရဲပြက်ဖြစ်နေတာ"

"ကဲ ... ဘယ်သူမှ သိတာမြင်တာမဟုတ်ဘူး၊ ငါသီချင်း ဆိုမယ် ... နင်တို့ ငါကသလို လိုက်က"

"သူ့ရဲပြက်ကတော့ တကယ်ပါပဲ"

သုံးယောက်သား မထူးတော့ဘူးဟု စိတ်ပိုင်းဖြတ်ကာ ဒေါ်ရဲ က နတ်သီချင်းဆိုပြီး ... နတ်ဝင်သည်အကကို ခုန်ပေါက်ကကြရ သူကသည့်အတိုင်း ဒေါ်ငွေစိန်နှင့် မဆုံတို့ကလည်း လိုက်၍ကကြ သည်။

"သုံးခေါက်ပြည့်အောင်ကဗျို့"

သစ်ပင်ပေါ်မှ ... စေခိုင်းနေသည်။

သူတို့ နတ်ဒိုးသီချင်းဆုံးအောင် ကပြီးသည်နှင့် သူတို့၏ တောင်းသုံးလုံးအတွင်း ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော လက်ပံပွင့်များ အပြည့်ဖြစ်နေသည်။

"ခင်ဗျားတို့သုံးယောက် ... ကတာ မဆိုးပါဘူး၊ အပင် အောက်မှာ ကြွေကျနေတဲ့အပွင့်တွေကို ခင်ဗျားတို့ မလာခင် ရှင်းထားတာ"

"ကျေးဇူးတင်ပါတယ် မောင်မင်းကြီးသားရယ် ... တဲ တို့ပြန်တော့မယ်"

သုံးယောက်သား ပျော်ပျော်ပန်းပန်းနှင့် အချိန်ဆွဲမနေတော့ဘဲ တစ်ယောက်တစ်တောင်းစီရွက်ပြီး ရွာသို့ပြန်ခဲ့ကြသည်။

"ကလိုက်ရတာ ဖက်ဖက်ကိုမောပဲ၊ လက်ပံပွင့်တွေ စာစ်မှု့ အောက်လိုက်ရဘဲ တောင်းအပြည့် ရလိုက်တယ်"

"နောက်နေ့လာကြဦးမလား"

"မလာတော့ဘူး အစ်မရင်ရေ ... နောက်တစ်ခါ ဘာလုပ် ဦးမလဲမသိဘူး"

သူတို့သုံးယောက်၏နောက်မှာ ကျန်ခဲ့သော လက်ပံပင်ကြီး ပေါ်မှ လက်ပံပွင့်နီနီရဲရဲများ တဖြုတ်ဖြုတ်ကြွေကျနေလေတော့သည်။

❖❖❖❖❖❖❖

ဝါမဝင်ခင် ... မင်္ဂလာပွဲများ အသီးသီးဆင်နွှဲလာကြသည်။ ဒီအထဲမှ ညောင်တစ်ပင်ရွာလယ်ပိုင်းမှာ မင်္ဂလာပွဲရှိနေသည်။

ညဘက်ရောက်လျှင် ကာလသားများကို ခဲဖိုးပေးရန် ကြိုတင် ပြင်ဆင်ထားကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ပိုက်ဆံပေါင်းသူများကို ပိုက်ဆံပေးကြရသည်။ အရက်ပေါင်းသူရှိလျှင် အရက်ပေးရလေ့ရှိသည်။ ထိုကဲ့သို့မှ အဆင်သင့်လုပ်မထားလျှင် ကာလသားတစ်စု ခဲနှင့်ဝိုင်းပစ်၍ မင်္ဂလာပွဲမှာ ကုတ်တစ်ပြက်၊ ဓားတစ်ပြက်ဖြစ်ကာ ခိုက်ရန်ဖြစ်ပွားတတ်သည်။

ထိုကဲ့သို့မဖြစ်ရန် ကြိုတင်စီမံထားလေ့ ရှိကြသည်။

သို့ကြောင့် မိုးမချုပ်ခင် အရက်အဆင်သင့် ဆောင်ထားရန် နောက်ရက်ပိုင်း ကူညီလုပ်ကိုင်ပေးသူများအား ဧည့်ခံရန် ကျော်ထူးနှင့်လေးမောင်တို့နှစ်ယောက် အရက်ရှာထွက်ကြသည်။ ဘယ်မှာမှ မရခဲ့။

သူတို့ရွာထိပ်ရှိ ကိုကြီးမြင့် အရက်ဆိုင်မှာ အရက်ဆယ်ပုလင်း ပလတ်စတစ်ပုံးနှင့် ထည့်ထားရန် ကြိုတင်မှာထားသည်။

မိုးချုပ်ကာနီး အရက်ပုံးသွားသယ်ခိုင်းတော့ လူပဲပြန်ရောက်လာသည်။ ကိုကြီးမြင့်၏အရက်ထည့်သောအိုးထဲ ကြွက်တစ်ကောင်ကျသေနေသည်ကို တွေ့လိုက်သည့်အတွက် မဝယ်တော့ဘဲ ပြန်လာခဲ့ခြင်းဖြစ်သည်။

ထိုအခါ အရေးပေါ်အဖြစ် လှည်းတစ်စီးနှင့် သဲကွင်းရွာသို့ အရက်ဝယ်ရန် ထွက်လာခဲ့ကြရတော့သည်။

ကျော်ထူးနှင့်လေးမောင်က တင်ထွဋ်ကိုပါ အဖော်ခေါ်လာခဲ့သည်။ အရက်သွားဝယ်စဉ်က လက်ပံပင်ကြီးဘေးက ဖြတ်သွားစဉ်ကမှ မထူးခြားခဲ့သော်လည်း ပြန်လာသည့်အချိန်မှာတော့ ထူးခြားခဲ့သည်။

လှည်းပေါ်ကို တစ်ခုခုပြုတ်ကျသကဲ့သို့ ငြိမ့်ခနဲဖြစ်သွားသည်ကို လှည်းပေါ်ပါလာသူ သုံးယောက်လုံး သတိထားမိလိုက်သည်။ သူတို့သုံးယောက်အကြားမှာ အရက်သုံးပုလင်းနှင့် ပလတ်စတစ်ပုံးက အခြေအနေမပျက် ရှိနေသည်။

"လေးမောင် မင်းသတိထားမိလိုက်လား"

"အေး … လှည်းပေါ်လူခုန်တက်လိုက်သလိုပဲ"

အချိန်က နေဝင်စပြုပြီဖြစ်ပေမဲ့ ပတ်ဝန်းကျင်ကိုတော့ ရှင်းရှင်းလင်းလင်း မြင်ရသေးသည်။

"ဘုတ်"

"ဟော့ကောင် လှည်းပေါ်ကို ဘာကျတာလဲ"

"ဟော့ … ဘာမှကျတာမဟုတ်ဘူး … ငါခုန်ချလိုက်တာ"

အသံကြား၍ လှည်းနောက်သို့ကြည့်လိုက်ရာ အရက်ပုံးကိုင်လျက် ရပ်နေသော လူသဏ္ဌာန် မသဲမကွဲ အဖြူရောင်လိုလို မီးခိုးရောင်လိုလို တွေ့လိုက်သည်။

"ဟာ … ဟိုလက်ပံပင်သရဲ အရက်ပုန်းဆွဲချသွား



www.burmeseclassic.com

www.burmeseclassic.com


လုပ်ပါဦး ... အရက်ကို ပုံးလိုက်ယူသွားပြီ ... ဘယ်လိုလုပ်ကြမလဲ"

"လှည်းရပ်လိုက်ကွာ"

ကျောထူးက လှည်းကို ရပ်ပေးလိုက်စဉ် အေးမောင်က အရက်ပုလင်းသုံးလုံးကို မြောက်ပြရင်း ...

"ဗျို့ ... ကိုစိန်မျက်ခုံး ... အဲဒီပုံးကို ပြန်ပေးပါဗျာ ... ဟောဒီ အရက်ပုလင်းသုံးလုံးကို ယူထားလိုက်"

"မပေးဘူးကွာ"

"အဲဒီလိုတော့ မလုပ်ပါနဲ့ ... မင်္ဂလာပွဲကို အရက်ပုံး ယူသွားမှဖြစ်မယ် ... ဒီသုံးပုလင်းလုံး ယူထားလိုက်ပါ ပုံးတော့ ပြန်ပေးပါ"

"ငါက ... တစ်ပုံးလုံးသောက်ချင်တာ ... ပုလင်းသုံးလုံးက ငါ့အတွက် မူးမယ်မထင်ဘူး"

"အဲ့ဒီလိုတော့ မကျိုးစယ်ပါနဲ့ စိန်မျက်ခုံးရာ ... တောင်းပန်ပါတယ်ကွာ ပုလင်းသုံးလုံးနဲ့ ပုံး လဲပေးပါ"

"အင်း ... ငါစိတ်ကောင်းဝင်နေတော့လည်း ... မင်းတို့ပြောတဲ့အတိုင်း လုပ်ရတာပေါ့ အရက်သုံးပုလင်း ယူလာခဲ့၊ ပုံး ငါ ... ဒီမှာ ချထားမယ်"



"တင်ထွန်း မင်းပုံးသွားယူကွာ"

"ငါမသွားရဲပါဘူး ... မင်းနဲ့ပြောတာ မင်းသွားယူ"

"အင်း ... ငါ့ကို ဘာမှမလုပ်ပါစေနဲ့လို့ ဆုတောင်းပေးကြကွာ ... ငါသွားယူမယ်"

"သွားမှာသွား ပုလင်းသုံးလုံး ယူသွား"

လှည်းနဲ့အရက်ပုံးရှိသည့်နေရာက ပေသုံးဆယ်ခန့်ပင်မရှိ၊ ကျော်ထူးလည်း ပုလင်းသုံးလုံးချပြီး ပုံးကိုဆွဲကာ လှည်းဆီသို့ ပြန်ပြေးလာခဲ့သည်။

ကျော်ထူးက လှည်းပေါ်ပုံးလှမ်းပေးပြီး သွက်လက်စွာ တက်လိုက်သည်။

"အေးမောင် ... မင်းလှည်းမောင်းတော့၊ ငါ ... နောက်ကပဲ လိုက်ခဲ့တော့မယ်"

လှည်းကို အေးမောင်က မောင်းလိုက်သည်။ လှည်းနောက်မှာ ကျန်ခဲ့သောအရက်ပုလင်းသုံးလုံးကို တင်ထွန်းနှင့် ကျော်ထူးတို့ကြည့်လိုက်စဉ် ...

"ဟာ ... အရက်ပုလင်း မော့သောက်နေတယ် တွေ့လား"

အရက်ပုလင်းနှစ်လုံးကို တစ်ဖက်ကကိုင်၍ တစ်လုံးကို မော့သောက်လျက် လက်ပံပင်ကြီးရှိရာသို့ ဗိုးတဝါးအရိပ်သဏ္ဍာန်ကြီး


www.burmeseclassic.com

www.burmeseclassic.com



သွားနေသည်ကို သူတို့မြင်ကြရသည်။

ဤသို့ဖြင့် နွေရောမိုးပါ လက်ပံပင်အနီးက ဖြတ်သွား ဖြတ်လာကြသူတို့ စားစရာပါလျှင် ယူစားသည်။ စားစရာမပါလျှင် နောက်ပြောင်သည့်အနေနှင့် ခဲနှင့်ပစ်သည်။

စကားလှမ်းပြော၍ ခြောက်လှန့်သည်။ နွားလှည်းနှင့်လာသူများဆိုလျှင် နွားကိုခြောက်လှန့်ပြီး ပြေးအောင်လုပ်သည်။

သို့ကြောင့် သရဲကိုကြောက်သော်လည်း မသွားမဖြစ်သွား၍ အခြောက်အလှန့်ခံရလျှင် အိမ်ပြန်ရောက်၍ အဖြစ်အပျက်ကို ပြောဆို ရယ်မောကြသည်။

နောက်တော့ တိုနေရာရောက်သည့်အခါ သရဲမခြောက်လျှင် လူငယ်လူရွယ်တို့က လှမ်း၍ မခံချင်အောင် နောက်ပြောင်ပြောဆိုသည်အထိ ရင်းနှီးလာခဲ့သည်။

ကြာတော့ ... စိန်မျက်ခုံးသရဲကို ကြောက်ရမှန်း မသိတော့၊

အချို့ ငွေကြေးတတ်နိုင်သူတို့က မြို့သို့အရောင်းအဝယ် သွား၍ ပြန်လာလျှင် သူ့အတွက် ခေါက်ဆွဲတစ်ထုတ် ဝယ်လာပေးတတ်သည်။

အသာတကြည် ခေါ်ပေးလျှင် သူတို့မှာ စားစရာအပိုပါသည့်တိုင် ယူမစားခဲ့။ စားစရာပါလျက် ဖွက်လာသည်ဆိုပါက အကုန်





ယူစားပစ်သည်။

ကွယ်ဝှက်ယူလာလျှင် စိန်မျက်ခုံး သိသည်သာဖြစ်သည်။ ညောင်တစ်ပင်ရွာ၊ သဲကွင်းရွာ၊ ထန်းကုန်းရွာ၊ မန်ကျည်းတောရွာသားတို့နှင့် သရဲပြက်စိန်မျက်ခုံးတို့ ခင်မင်ရင်းနှီးမှု ဖြစ်လာခဲ့သည်။

❖ ❖ ❖ ❖ ❖ ❖ ❖

ဝါဆိုလအရောက် ထန်းကုန်းရွာဦးကျောင်း ဆရာတော် ပျံလွန်တော်မူသွားသည်။ ဆရာတော်က အနီးနားရွာများရှိ ကျောင်းထိုင်ဆရာတော်များ၏ ဦးစီးပဓာနနာယကဖြစ်သည်။

သို့အတွက်ကြောင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန်ဆုံးဖြတ်၍ နွေရာသီ အသီးအနှံများ ရောင်းချပြီးချိန် တောင်သူလယ်သမားများ ငွေရှင်ချိန် တပေါင်း တန်ခူးလအတွင်း စံကျောင်းချ သာဓုကိစ္စနသဘင် ဆင်ယင်ရန် သတ်မှတ်ထားကြသည်။

ဆောင်းရာသီအတွင်းမှာ ပညာရှင်များဖြင့် လောင်တိုက်ပြာသာဒ်များ ရှာပြင်တွင်းမှာ တည်ဆောက်နေကြသည်။

ဘုန်းကြီးပျံပွဲကျင်းပရန် တစ်လခန့်အလိုမှာ ယင်းရွာပြင်ကွင်းကြီးအတွင်း ဧည့်ခံမဏ္ဍပ်များ၊ ယောဉ်ကျူးမည့်မဏ္ဍပ်များ၊



www.burmeseclassic.com

www.burmeseclassic.com



စံကျောင်းချမည့် မဏ္ဍပ်များ အသီးသီးပြီးစီးနေပေပြီ။ စပ်ပန်းချီဆရာများ၏ လက်ရာကလည်း မြောက်လှသည်။

လောင်တိုက်စပ်ကြီးကိုလည်း လှပဝင့်ထည်စွာ ဆောက်လုပ်ထားသည်။ ခုနစ်ရက်ခန့်ကကြိုပြီး ဧည့်ခံကျွေးမွေးနေသည်။ အနီးနားရွာများကလည်း လှည်းများဖြင့် ညအိပ်ညနေ လာကြသည်။

ရွှေနှင်းဆီ အောင်ရတနာ၊ ရွှေပဒုမ္မာအငြိမ့်တို့ဖြင့် သုံးညတိုင်တိုင် ဘုန်းကြီးပျံပွဲလာသူများကို ဧည့်ခံမည်ဖြစ်သည်။

ညောင်တစ်ပင်ရွာမှ ကိုထွန်းဆင့်တို့သူငယ်ချင်းငါးယောက် ညနေသုံးနာရီခန့်ကတည်းက နွားလှည်းနှင့် ဘုန်းကြီးပျံပွဲသို့ ထွက်လာကြသည်။

ယနေ့ည၊ အငြိမ့်များဖြင့် စတင်ဧည့်ခံမည်ဖြစ်သည်။ လက်ပံပင်ကြီးအနီးသို့အရောက် လှည်းက ရုတ်တရက် ရပ်သွားသည်။

"ဟင် … ဘာဖြစ်တာလဲ"

"မသိဘူး … ဘာမှလည်း မတွေ့ဘူး"

"ဟေ့ … ငါလည်း အငြိမ့်လိုက်ကြည့်မလို့ မင်းတို့လှည်းနဲ့လိုက်ခဲ့မယ်"

"ဟာ … မဖြစ်ဘူး … မလိုက်ပါနဲ့ဗျာ … ကျုပ်တို့ကြောက်တယ် … ခင်ဗျားက တန်ခိုးရှိတာပဲ … ရောက်မစသိ

ရောက်သွားမှာပေါ့"

"ငါ လှည်းစီးချင်လို့ပါ … မင်းတို့ကို မခြောက်ပါဘူး၊ ငါ … ကခဲ့တဲ့ အငြိမ့်ပါမယ်ဆိုလို့ သွားကြည့်မှာ … ငါ ဒီမှာ နေရတာ ပျင်းတယ် … ဇာတ်နောက် လျှောက်လိုက်ပြီး ဇာတ်ကရင် … ကောင်းမယ်ထင်တယ်၊

မင်းတို့ လေးယောက်ရှေ့တိုး ငါ နောက်ကထိုင်ပြီး လိုက်ခဲ့မယ်"

အားလုံး ရှေ့သို့တိုးကပ်ပြီး ထိုင်လိုက်သည်နှင့် လှည်းက ငြိမ့်ခနဲဖြစ်သွားသည်။

"ကဲ မောင်းတော့ရှိပြီ"

လှည်းမောင်းလာရင်း လမ်းမှာ စိန်မျက်ခုံးက အသံပြုပြီး စကားပြောလာသည်။ အကောင်အထည်ကိုတော့ မပြ။

"ငါက သဲကွင်းရွာက လူပြက်စိန်မျက်ခုံးပဲ၊ ထန်းကုန်းရွာ အလှူပွဲမှာ ကပြီးအပြန် ကားမှောက်ပြီးသေလို့ သရဲဖြစ်သွားရတာ မင်းတို့သိတယ်မဟုတ်လား"

"ဟုတ်ပါတယ် … သိကြပါတယ်"

"ငါက လူရှင်တော်လုပ်ခဲ့တာ အခု ဆရာဦးစီးတဲ့ အငြိမ့်ဖြစ်ဖြစ် အခြားအငြိမ့်ပဲဖြစ်ဖြစ် ငါလိုက်သွားတော့မယ် … လူ







www.burmeseclassic.com

www.burmeseclassic.com



ရှင်တော်လုပ်ပြီး ဇာတ်သွားရာ လိုက်တော့မယ်"

"အခု ခင်ဗျားက လူမှမဟုတ်တော့ဘဲ ဝိညာဉ်ဖြစ်နေ
မဟုတ်လား"

"လူပြက်လုပ်လို့ ဘယ်လိုဖြစ်မှာလဲ"

"ရပါတယ် ... ငါနည်းငါ့ဟန်နဲ့ပေါ့"

ထို့နောက် စကားမဆက်မိကြ၊ သရဲစိန်မျက်ခုံးလည်း လှည်းပေါ်မှာ ရှိသေးလား၊ မရှိဘူးလားမသိ၊ လှည်းမောင်းနေ ကိုထွန်းဆင့်၏ နွားမောင်းသံကသာ တစ်ချက်တစ်ချက် ထွက်ပေါ် လာသည်။

တစ်နာရီခန့်ကြာတော့ ဘုန်းကြီးပျံ ကျင်းပမည့်ကွင်းကြီးသို့ ရောက်လာသည်။

အဝေးကနေ အငြိမ့်သုံးစင်အား တစ်တန်းတည်းဆောက် ထားသည်ကို လှမ်းမြင်နေရသည်။ ကွင်းကြီးအတွင်း လူများလှည်း များ သွားလာနေသည့်အတွက် ဖုန်လုံးကြီး ကောင်းကင်ထိပ်ထိ တက်နေသည်။

စပီကာသံတို့ကလည်း မဏ္ဍပ်များ အငြိမ့်စင်များဆီမှ သီချင်း မျိုးစုံဖြင့် ဆူညံစွာ ထွက်ပေါ်နေသည်။

"ကဲ ... ငါသွားပြီ"





ထိုအသံကိုကြားမှ လှည်းပေါ်မှာ ရှိနေသေးကြောင်း သိလိုက် သည်။ ကိုထွန်းဆင့်တို့လည်း လှည်းရပ်ရန် သတ်မှတ်ထားသော နေရာသို့ မောင်းလာခဲ့ကြသည်။

ဤသို့ဖြင့် လူပြက်ဘဝမှနေ၍ သေဆုံးပြီး လက်ပံပင်ကြီးမှာ နှစ်နှစ်ခန့်နေလာခဲ့သော သရဲပြက်စိန်မျက်ခုံးလည်း ဘုန်းကြီးပျံပွဲသို့ အငြိမ့်ကြည့်ရန်သွားရာမှ လက်ပံပင်ကြီးသို့ ပြန်ရောက်မလာတော့ပါ။

အခြားတစ်နေရာသို့ပဲ ထွက်သွားသည်လား အငြိမ့်ဇာတ် တစ်ဇာတ်နောက်သို့ သူပြောခဲ့သည့်အတိုင်း လိုက်သွားခဲ့လေသည် လားမသိ။

ဘုန်းကြီးပျံပွဲပြီးသွားသည့်နောက် ဇာက်အဖွဲ့များ ပြန်သွားပြီး ကတည်းက သရဲပြက်စိန်မျက်ခုံး၏ သတင်းအစအနကိုမျှ မကြား ရတော့။

ထို့နောက်ပိုင်း လက်ပံပင်ကြီးအနီး ဖြတ်သွားဖြတ်လာ သူတိုင်း အခြောက်အလှန့်မခံရတော့သည့်အတွက် စိတ်ထဲမှာ တစ်ခုခု လိုသလို ဖြစ်နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ထဝေ့ရန်ငြိုး

"ကိုဘရှင် ..."

"ကိုဘရှင် ..."

"ကိုဘရှင် ... မိုးလင်းနေပြီ ... ထတော့လေ"

ဒေါ်မြငွေတစ်ယောက် သူ့ဘေးမှာ အိပ်မောကျနေသော ယောကျ်ားဖြစ်သူကို လှုပ်နှိုးနေသည်။

လှုပ်နှိုးနေပေမဲ့ ... ကိုဘရှင်၏ ခန္ဓာကိုယ်က လေးနေသလို အသားနှင့် ထိတွေ့တော့လည်း အေးစက်နေသည်။

သို့ကြောင့် မသက်သာစိတ်ကြောင့် အိပ်နေရာက ကောက်ထလိုက်ပြီး ...

"ညွန့်ရွှေ ... ညွန့်ရွှေ ... ထစမ်း"





"သက်မေ ... နိုးပြီလား ထလာကြစမ်း"

"ဒီမှာ နင်တို့အဖေ ဘာဖြစ်လဲ မသိဘူး"

မိခင်ဖြစ်သူ၏ မူမမှန်သောစကားကြောင့် အိမ်ရှေ့မှာ အိပ်နေသော ညွန့်ရွှေနှင့် မြေရင်းအခန်းမှာ အိပ်နေသော သမီးဖြစ်သူ သက်မေတို့ နိုးလာကြသည်။

"အမေ ... အဖေ ဘာဖြစ်လို့လဲ"

"ဟဲ့ အခန်းဝက မေးမနေနဲ့ ... လာကြစမ်း နင့်အဖေကို နှိုးလို့မရဘူး၊ လူကလည်း အေးစက်နေဟာပဲ"

ညွန့်ရွှေက ခြင်ထောင်ကို ဆွဲဖြုတ်လိုက်သည်။

ခြင်ထောင်ဖြုတ်ပြီးသည်နှင့် ဖခင်ဖြစ်သူ၏ နှာခေါင်းကို လက်နှင့် စမ်းသပ်လိုက်သည်။

"ဟဲ့ ... သက်မေ တံခါးတွေ လိုက်ဖွင့်စမ်း အလင်းရောင် လာအောင်လို့"

အချိန်က မနက်ဖြောက်နာရီခန့်ပင် ရှိသေးသည်။ ဒေါ်မြငွေတို့ အိမ်မှာ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

"အမေ ... အဖေ .. အသက်မရှူတော့ဘူး"

"ဟင် ... ဟိုဘက်အခြမ်းမှာ သွေးကွက်ကြီးပါလား ပါးစပ်က စီးကျနေတာဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဘယ်ဘက်မှနေ၍ လှုပ်နိုးနေခြင်းဖြစ်သည်။ ည
ဘက်ခေါင်းအုံးပေါ်နှင့် ပုခုံးကြားမှာ ခြောက်သွေ့နေပြီဖြစ်သေ
သွေးကွက်ကြီးကို တွေ့ရသည်။

ဦးဘရှင်တစ်ယောက် သေဆုံးနေပြီဖြစ်ကြောင်း သူတို့ တွေ
လိုက်ကြသည်။

ဦးဘရှင်က မြွန်တန်ဆာမြို့အစွန်တောင်ဘက် ရထားလမ်
ဘေးရှိ ဦးမင်းအောင်ဆန်စက်မှ အလုပ်သမားခေါင်းဆောင်ဖြစ်သည
အသက်က ၅၄ နှစ် ရှိကာ သားနှစ်ယောက် သမီးတ
ယောက်ရှိသည်။ သားကြီးညွန့်ရွှေက အသက်နှစ်ဆယ့်သုံးနှစ်ရှိ
အိမ်ထောင်မရှိသေး၊ သားလတ်သန်းဝင်းက အသက်နှစ်ဆယ်ရှိက
အိမ်ထောင်ကျနေပြီး မိန်းမအိမ်မှာ သွားနေသည်။

အငယ်ဆုံးသမီးက ဆယ့်ခြောက်နှစ်ရှိပြီဖြစ်သည်။

ဆန်စက်အတွင်း စပါးသယ်ယူပို့ဆောင်ရေးကို ကြီးကြ
ကွပ်ကဲရသော တာဝန်ကို ယူထားသူဖြစ်သည်။

အလုပ်စဝင်သည်မှ လွန်ခဲ့သောငါးနှစ်ခန့်ကအထိ ဆန်အိတ်
စပါးအိတ်များ သယ်သွင်းသယ်ထုတ်ရသောအလုပ်ကို အနှစ်နှစ်ဆ
နီးပါးအထိ လုပ်လာခဲ့သူဖြစ်သည်။

ဆန်စက်ပိုင်ရှင် ဦးမင်းအောင်က စိတ်ချရသော လူရင်းဖြစ်





းဘရှင်အား အသက်အရွယ်ရလာ၍ ဆန်အိတ် စပါးအိတ်များ
ထမ်းနိုင်းတော့ဘဲ စက်ရုံကြီးကြပ်ရေးတာဝန်ကို ပေးထားခဲ့သည်။

ဦးဘရှင်ကလည်း ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်း
ဆောင်သည်။ အလုပ်နှင့်ပတ်သက်လျှင် မည်သူ့ကိုမှ မျက်နှာသာ
မပေး၊ အပြောအဆိုကလည်း နှုတ်ကြမ်းသည်။

သူနှင့်တွဲလုပ်ရသော အလုပ်သမားများလည်း အလုပ်ကို
မဖိုမကပ် လုပ်ကြရသည်။

မလုပ်နိုင်လျှင် တစ်ကြိမ်နှစ်ကြိမ်သာ သည်းခံသည်၊ နောက်
တစ်ကြိမ်ဆိုလျှင် သည်းမခံတော့ အလုပ်က ထွက်ခိုင်းတော့သည်။

ယခု ... မည်ကဲ့သို့ ဖြစ်လာလေသည်မသိ၊ ညနေက
ပြန်လာသည်နှင့် ရေချိုးပြီး ထမင်းစားသည်။

အိပ်ချိန်တန်တော့ အိပ်ရာထဲဝင်အိပ်သည်။ မအိပ်ပျော်ခင်
စကားတွေပင် ပြောနေသေးသည်။

ဖျားလာခြင်း၊ ခေါင်းကိုက်ခြင်း ဖြစ်လာသည်ဟုလည်း ပြောသံ
မကြားရ။ ယခု ညတွင်းချင်း ပါးစပ်မှ သွေးများထွက်ပြီး သေဆုံး
သွားသည်။

ရပ်ကွက်လူကြီးများ ရောက်လာကြသည်။

ရိုးရိုးသေဆုံးသည်ဟု မထင်သည့်အတွက် ရဲကိုအသိပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို ဆေးရုံသို့သယ်ယူသွားကာ ခွဲစိတ်စစ်ဆေးကြည့်သည်။

ဆေးစစ်ချက်အရ ခါးရိုးသုံးဆစ် ပြုတ်ထွက်နေသည်။ ဗိုက်ထဲက အူများလည်း အပိုင်းပိုင်း ပြတ်ထွက်နေသည်ဟုဆိုသည်။

အဆိပ်မိထားခြင်းလည်း လုံးဝမရှိဟုဆိုသည်။ အပြင်ဒဏ်ရာ တစ်ခုမှမရှိဘဲ၊ အတွင်းဒဏ်ရာရှိနေသည့်အတွက် အားလုံးတာဝန်ရှိသူများရော အံ့ဩနေကြသည်။

သို့ကြောင့် အဖြေမပေါ်သော ထူးဆန်းစွာသေဆုံးခြင်းဟုသာ မှတ်ချက်ချလိုက်တော့သည်။

ဆေးရုံမှာပင် ပို့ဆောင်သင်္ဂြိုဟ်ခဲ့ကြသည်။

အချို့ ရှေးဆန်သောလူကြီးများက ဦးဘရှင်အား အောက်လမ်းပညာနှင့်လုပ်၍ သတ်ဖြတ်ခြင်းဟု ပြောဆိုကြသည်။

ဒေါ်မြမေ၏ မိသားစုကတော့ ဦးဘရှင်နှင့် ပြဿနာဖြစ်သူဟူ၍ တစ်ယောက်မှ မရှိဟု အခိုင်အမာပြောသည်။

ဦးဘရှင် သေဆုံးသွားရခြင်းမှာ မည်သည့်ရောဂါနှင့် သေဆုံးရသည်ကို အဖြေမသိဘဲ တဖြည်းဖြည်းနှင့် မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့သည်။

ထိုကဲ့သို့ ဦးဘရှင်သေဆုံးသွားပြီး တစ်လခန့်မကြာခင်





မြို့ပေါ်လေးရပ်ကွက်၊ မြနန္ဒာလမ်းမှာနေသော ဦးသန့်ဇင်တစ်ယောက် လိုင်းကားလေးမောင်းရင်း နေ့ခင်းကားနားချိန် ထမင်းစားပြီး ကားနောက်ခန်း တန်းလျားပေါ်မှာ တရေးတမော မှေးနေသည်။

အိပ်ရာကနေ ရုတ်တရက် ...

“ဝေါ့”

“ဝေါ့”

“ဗွမ်း”

ပါးစပ်မှ သွေးများ ပွက်ပွက်အံချကာ အသံပင်မထွက်နိုင်ဘဲ ခေါင်းငိုက်စိုက်ကျကာ အသက်ထွက်သွားတော့သည်။

ပြွန်တန်ဆာမြို့မှာ အထိုင်ထားပြီး ညောင်လေးပင်၊ ဒိုက်ဦးသို့ အပြေးဆွဲနေသော လိုင်းကားများဖြစ်သည်။ တစ်စီးက ညောင်လေးပင်မြို့သို့သွားရင်း တစ်စီးက ဒိုက်ဦးသို့သွားသည်။

ကားအမျိုးအစားက ပြန်လည်ပြင်ဆင်ထားသော ဟိုင်းလက် အရှယ် ကားလေးများဖြစ်သည်။ အချို့က ဟိုင်းလက်ကားများဖြင့် ဝင်ရောက်ပြေးဆွဲနေကြသည်။

ဦးသန့်ဇင်က ကားမောင်းပြီး၊ ဦးအေးချို့က ယာဉ်နောက်လိုက်အဖြစ် အတူတကွ လုပ်ကိုင်ခဲ့ကြသည်။

ယခု ... ဦးသန့်ဇင်လည်း သွေးများအန်ကျပြီး အသက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားသည်ကို မည်သူမှ မသိကြသေး ...

"ဗျို့ ဦးအေးချို ... ဦးအေးချို ..."

ကားဂိတ်နှင့် မျက်နှာချင်းဆိုင်ရှိ .. လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး လေပစ်နေသော ဦးအေးချိုအား ဂိတ်မှူးက လှမ်းခေါ်လိုက်သည်။

"ဟာ ကိုမောင်ရွှေ ကျုပ်တို့အလှည့်ကျပြီလား"

"ဒီကားထွက်ပြီးရင် ခင်ဗျားတို့အလှည့်ရောက်ပြီ၊ ခင်ဗျား ဆရာကိုရှာပြီး အဆင်သင့်လုပ်ခိုင်းဦး"

"စောစောကတော့ ကားပေါ်မှာ တုံးလုံးလှဲနေတာတွေ့တယ်"

"ကဲ ... ကားပေါ်မှာဆိုရင် ... သွားနှိုးလိုက်ပြီ ဂိတ်ကို လာခိုင်းလိုက်တော့"

ဦးအေးချိုလည်း စားပွဲထိုးလေးအား ...

"ဂတုံး ... ဟေ့ ... ဂတုံး ..."

"ဗျာ ... အဘ ... ရှင်းတော့မလို့လား"

"ဘာယူမလို့လဲ ဆေးလိပ်လား"

"လာ ဒီကို အဝေးက အော်မနေနဲ့ ... ဘာမှမယူဘူး၊ ငါသောက်ထား စားထားတာတွေ မှတ်ထားလိုက် ညနေအခေါက်မှ ရှင်းမယ်"





"လုပ်ပြီ ဘယ်တော့မှ တစ်ခါတည်းမရှင်းဘူး"

"ဟေ့ကောင်ဂတုံး ... စကားမရှည်နဲ့ သွားသိမ်းလိုက် ဘယ်လောက်ကျလဲ ငါ့ကိုပြော"

ဆိုင်ရှင် ဦးတရုတ်က စားပွဲထိုးဂတုံးအား ဇေါက်ပြီး ဆူလိုက်သည်။

"ဂတုံးကတော့ ပြဿနာ မရှာရ မပြီးဘူး ... ကိုအေးချို ပြန်လာရင် မင်းခေါင်း ဘုထွက်ပြီမှတ် ... မင်းကို အမြင်ကတ်ပြီး ဟိုတက်က မပုတ္တဆိုင်မှာ သွားသောက်ရင် ဖောက်သည် ရှော့တော့မှာပဲ"

"အဲ့ဒီ ဦးအေးချိုကြီးက မေ့တတ်လို့ဗျ ... သူက စာရင်း မှတ်ထားလိုက်ဆိုလို့ တစ်ခါမှတ်ထားပါတယ် ... ပိုက်ဆံတောင်း တော့ ပေးပြီးပြီတဲ့ အဲ့ဒါကြောင့် တောင်းတာ"

"ဟေ့ဂတုံး ငါတို့တော့ ကြွေးရှင်းပါတယ်နော်"

"ငါတို့လည်း ကြွေးမရှိဘူးနော် ဂတုံး"

"မရှိပါဘူးဗျာ ... ဒါပေမဲ့ စာရင်းထဲကြည့်မှ ရှိ မရှိသိမှာ ပေါ့"

မင်းဆရာ ကိုတရုတ်ကို မေးကြည့်ပါကွာ .. ငါတို့ ကြွေးမြီး ကင်းလား မကင်းလားလို့ ...



www.burmeseclassic.com

www.burmeseclassic.com



လို့ပည့် ဦးအေးချိုအသံကို ကြားလိုက်သည်။

"လာကြပါဦးဗျ"

"ကိုတင်မောင်၊ ကိုမောင်မျှကို့ ခဏလေး ဒီမှာ ကိုသန့်ဇင်ဘာဖြစ်နေလဲ မသိဘူး လာကြပါဦး"

ဦးအေးချို၏ အော်ဟစ်ခေါ်နေမှုကြောင့် ကားလမ်းပေါ်မှ လူများ လက်ဖက်ရည်ဆိုင်မှလူများ ကားဂိတ်မှလူများပါ ဦးအေးချိုရှိရာသို့ ရောက်သွားကြသည်။

သူတို့အားလုံး မြင်လိုက်ရသည့်က ခုံတန်းရှည်ပေါ်မှာ ဘေးစောင်းအိပ်လျက် အသက်ပျောက်နေသော ဦးသန့်ဇင်ကို တွေ့လိုက်ကြသည်။

"နေ ... နေ ... သွားမကိုင်ကြနဲ့၊ ဒီ ရဲအရေးကိစ္စပါ စောစောက အောင်သန်းကို တွေ့လိုက်တယ် ... သူဘယ်ဘက်ကို ထွက်သွားတာမြင်လိုက်လဲ"

အောင်သန်းက ရဲစခန်းမှ တပ်ကြပ်တစ်ယောက်ဖြစ်သည်၊

"ဈေးထဲ စက်ဘီးတွန်းပြီး ဝင်သွားတာ တွေ့လိုက်တယ်... အခုရှိသေးလား မရှိဘူးလား မသိဘူး"

"ဈေးရုံထဲဝင်သွားတာတွေ့တယ်ဆိုရင် မတင်လှ အထည်ဆိုင်ကို သွားကြည့်၊ အဲ့ဒီ သူ့အစ်မဆိုင် သူရှိနေလိမ့်မယ် တွေ့ရင်





တစ်ခါတည်း ခေါ်လာခဲ့"

စပါယ်ယာလိုက်နေသော မြင့်သိန်းဆိုသည့် ကောင်လေး ဈေးရုံထဲ ပြေးဝင်သွားသည်။

ငါးမိနစ်ခန့်အကြာ မြင့်သိန်းနှင့် တပ်ကြပ်အောင်သန်းတို့ ဈေးရုံအတွင်းက ထွက်လာသည်ကို တွေ့လိုက်သည်။

ဦးသန့်ဇင်ကိုမြင်ပြီး ရဲတပ်ကြပ်အောင်သန်း အလုပ်ရှုပ်သွားတော့သည်။

ဖုန်းရှိသောဆိုင်သို့သွားကာ ရဲစခန်းသို့ ဖုန်းဆက်လိုက်သည်။ ရဲစခန်းမှ ထိုနေရာသို့ စက်ဘီးနှင့်လာလျှင် ငါးမိနစ်ခန့်နှင့် ရောက်နိုင်သော်လည်း ဆယ့်ငါးမိနစ်ခန့်ကြာမှ စခန်းမှူးနှင့် ရဲတပ်သားနှစ်ယောက်တို့ စက်ဘီးကိုယ်စီနှင့် ရောက်လာကြသည်။

ငါးမိနစ်ခန့်အကြာ ဆေးရုံမှ မှုခင်းဆရာဝန်လည်း ရောက်လာသည်။

ဆရာဝန်၏ စစ်ဆေးချက်ရ အပြင်ဒဏ်ရာ တစ်စုံတစ်ခုမှ မတွေ့ဘဲ သွေးအန်ပြီး သေဆုံးရခြင်းကို အဖြေရှာမရဖြစ်နေသည်။

သို့ကြောင့် အလောင်းကို ဆေးရုံသို့ သယ်သွားကြသည်။ ဆေးစစ်ချက်အရ ဝမ်းတွင်းကလီစာများ ပြတ်ထွက်ပြီး သေဆုံးရခြင်းဖြစ်ကြောင်း အတည်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဟွင်းရှိ ကလီစာများပြတ်နိုင်သည့် ပြင်းထန်သည့်အဆိပ်ကိုလည်း အစာအိမ်အတွင်း ရှာဖွေစစ်ဆေးသည်။ အဆိပ်နှင့်တူသော အရာကိုလည်းမတွေ့ အရက်သေကလည်း သောက်သုံးထားခြင်းမရှိ။

သို့ကြောင့် ထူးဆန်းစွာ လွန်ခဲ့သောတစ်လခန့်က အူပြတ်သွေးအန်ကာ ဓါးဆစ်ရိုးကျိုးပြီး သေဆုံးခဲ့သော ဦးဘရှင်နှင့် သေပုံသေနည်း တူနေသည်ကို စစ်ဆေးတွေ့ရှိလိုက်ကြသည်။

ဦးဘရှင်သေဆုံးရမှု၊ ဦးသန့်ဇင်သေဆုံးရမှု သေပုံသေနည်းတူနေသည့်အတွက် သာမန်သေဆုံးမှုဟု မဆုံးဖြတ်ကြတော့ဘဲ အကြောင်းတစ်ခုခု ရှိရမည်ဟု ဆိုကြသည်။

ထူးဆန်းစွာ အသက်ခံရခြင်းလား၊ မမြင်နိုင် မသိနိုင်သော အကြောင်းတရားတစ်ခုခုကြောင့် သေဆုံးရခြင်းလားဟု စဉ်းစားစရာများ ဖြစ်နေတော့သည်။

ဦးဘရှင်သေဆုံးပြီး တစ်လအကြာ ဦးသန့်ဇင်က ထိုသေခြင်းမျိုးနှင့် သေဆုံးခဲ့ရာ သေဆုံးသူ အဖြစ်တူနှစ်ယောက် ဖြစ်သွားသည့်အတွက် တာဝန်ရှိသူများ သာမန်သေခြင်းမျိုးဟု မယူဆနိုင်တော့။

အောက်လမ်းနည်းဖြင့် ပြုစားသတ်ဖြတ်ခြင်းခံရသည်လားဟုလည်း စဉ်းစားမိကြရသည်။





ဦးဘရှင်နှင့် ဦးသန့်ဇင်တို့သေဆုံးပြီး တစ်လခန့်အကြာမှာ မြို့မ (၁)ရပ်ကွက်မှ ဒေါ်မြိုင်တစ်ယောက် ကျန်းကျန်းမာမာရှိလျက် သွေးအန်ပြီး ခေါ်မရ၊ မေးမရဖြစ်ကာ သေဆုံးသွားပြန်ပါသည်။

ဒေါ်မြိုင်က အသက် ၆၀ ခန့်ရှိကာ ရပ်ကွက်အတွင်း ငွေတိုးပေးစားနေသူဖြစ်သည်။ ထူးထူးဆန်းဆန်း သေဆုံးသွားသည့်အတွက် ရဲနှင့် ဆရာဝန်များ သေမှုသေခင်း စစ်ချက်ယူသောအခါ လွန်ခဲ့သောနှစ်လအတွင်း သေဆုံးခဲ့သော ဦးဘရှင်နှင့် ပြီးခဲ့သောလကမှ သေဆုံးခဲ့သော ဦးသန့်ဇင်တို့ သေဆုံးမှုနှင့် တူညီနေသည်။

ထို့ပြင် တစ်ဦးနှင့်တစ်ဦး တစ်လနီးပါးကွာခြားပြီး သေဆုံးနေကြသည်။ ရဲနှင့်ဆရာဝန်များ တရားခံရှာမရသော ရောဂါအဖြစ် သတ်မှတ်ထားခဲ့သည်။

❖❖❖❖❖❖❖

ကျော်စွာတစ်ယောက် အဖေက မရှိ အမေကလည်း မကျန်းမာ မီးယပ်သားဆုံးမိန်းမရောဂါကြောင့် ကျောင်းကို ရှစ်တန်းက ထွက်ပြီး ရရာအလုပ် လုပ်ခဲ့သည်။

အသက်ဆယ့်ရှစ်နှစ်အရွယ်သို့ပင် ရောက်နေပြီ၊ သူ့ကို ဘာကြောင့် အလုပ်ကောင်းကောင်း မပေးချင်ကြလည်း သူမသိ၊



www.burmeseclassic.com

www.burmeseclassic.com



ခတ်တက အဘွားဖြစ်သူ၏ အရိပ်မည်းကြီးကြောင့်လားမသိ၊ သူ့မိဘ နောက်ကြောင်းသိသည်နှင့် အလုပ်ပြုတ်တော့သည်။ အလုပ်မရှုသော်လည်း အလုပ်ရှာနေသည်။

ယခင်က အမေ မနက်စောစော ပဲပြုတ်လည်ရောင်းခဲ့သဖြင့် သားအမိနှစ်ယောက် စားဝတ်နေရေး မပူပင်ခဲ့ရ။

ယခုတော့ မိခင်ဖြစ်သူ အိပ်ရာထဲ လဲခဲ့သည်မှာ တစ်လနီးပါး ရှိပြီဖြစ်သည်။ သူ၏ကြုံရာကျဘမ်းလုပ်၍ရသော ဝင်ငွေလေးနှင့် မလောက်မင စားသောက်နေထိုင်ခဲ့ကြသည်။

သူ့အသက် ဆယ့်ရှစ်နှစ်ပေမဲ့ ကိုယ်လုံးကိုယ်ပေါက်က အနည်းငယ်လိုသည်။

သို့ကြောင့် ဖော်ရုံအလေးအပင်ကို မ.မနိုင်။

သူတို့နေသော ရပ်ကွက်က ပြွန်တန်ဆာမြို့အစွန်တောင်ဘက် ကျကျ အရိုးကုန်းတိုးချဲ့ရပ်ကွက်မှာနေသည်။

ပြွန်တန်ဆာမြို့အစွန်မှာ သားသတ်ရုံမှ အမဲရိုးများ လာစွန့်ပစ်ရာနေရာဖြစ်သည်။ ထိုနေရာကို အရိုးကုန်းဟု အမည်တွင်သည်။

ထိုနေရာရှိ ကွင်းက အဖော်အသင့်ကျယ်သည့်အကွက် သားသတ်ရုံမှ အရိုးများကို ထိုနေရာမှာလာ၍ မပစ်တော့။





အရိုးကုန်းရပ်ကွက်နှင့် ဦးမင်းအောင် ဆန်စက်က နီးကပ်စွာ ရှိနေသည်။

ထိုစက်က အစိုးရစပါးများ ကြိတ်ခွဲပေးရသည့် တာဝန်ကို ယူထားရသည်။ စပါးဒိုင်မှ ဝယ်ယူထားသော စပါးများကို ကားကြီးများနှင့် လာပို့သည်။ စပါးအိတ်များကို ဂိုထောင်များအတွင်း ထမ်းသယ်ချရသည်။

ထိုဂိုထောင်များအတွင်းမှ ခြောက်သွေ့နေပြီဖြစ်သော စပါးများကို စက်မှာပင် ဆန်ဖြစ်အောင် ကြိတ်ခွဲပေးရသည်။

ထိုဆန်အိတ်များကို ကားများပေါ် သယ်တင်ပေးရသည်။ အရိုးကုန်းရပ်ကွက်မှာ နေထိုင်သူအတော်များများ ဦးမင်းအောင် ဆန်စက်ကို မှီခိုအလုပ်လုပ်ကိုင်နေသူ အများအပြားရှိသည်။

ကျော်စွာလည်း အသိမိတ်ဆွေတစ်ယောက်၏ ကူညီစောင်မမှုနှင့် အလုပ်ကြပ်ဦးဘရှင်ထံမှာ စပါးအိတ်ထမ်း ဆန်အိတ်ထမ်း အလုပ်ကို ရရှိခဲ့သည်။

ကျော်စွာအနေနှင့် စပါးအိတ်အခေါက်ရေမည်မျှ ထမ်းရထမ်းရ ပြဿနာမရှိသော်လည်း ဆန်အိတ်ထမ်းသည့်အခါ မနိုင်မနင်း ဖြစ်နေသည်။

အကျင့်ကလည်း မရှိ၊ စိတ်ဓာတ်ကလည်း ကြံ့ခိုင်မှု မရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စပါးအိတ်ထမ်းစရာမရှိဘဲ ကားများအပေါ် ဆန်အိတ်များ ထမ်းတင်ရသည့်နေ့ဆိုလျှင် ပိုက်ဆံမရလျှင်နေ အနည်းအကျဉ်းသာထမ်းပြီး ခါးနာသည်ဆိုကာ ထိုင်နေလိုက်သည်။

ကျော်စွာတစ်ယောက် ဦးဘရှင်ထံမှာ အလုပ်ဝင်လုပ်သည်မှာ တစ်လပင် မပြည့်သေး၊ ဝင်ငွေက နေ့စဉ်ရှိသည်ဆိုသော်လည်း ပုံမှန်မဟုတ်၊ သူထမ်းနိုင်လျှင် ထမ်းနိုင်သလိုရသည်။

မထမ်းနိုင်လျှင် စားစရိတ်ပင် မလုံလောက်ချင်။

ဆန်အိတ်များ ထမ်းသယ်ရသောနေ့ဆိုလျှင် ဦးဘရှင်နှင့် ကျော်စွာတို့ ပြဿနာဖြစ်သည်။

တစ်ကြိမ်ဖြစ်သည်က အကြောင်းမဟုတ်သေး။

ဆန်အိတ်များကို နှစ်ရက်ဆက်တိုက် ထမ်းတင်ရသည့်နေ့က ကျော်စွာ အခေါက်ရေမှန်စွာ မထမ်းနိုင်ဘဲရှိသည်။ လူနှင့်မလုံလောက် သကဲ့သို့ ဖြစ်နေသည့်အတွက် အားလုံးကို လျှပ်မြန်စွာသယ်တင်ရ ဆောင်ကြနေသည်။

ကျော်စွာ အခေါက်ရေမှန်စွာ မထမ်းနိုင်သဖြင့် ဦးဘရှင် သိပ်မကြည်။

နောက်နေ့ ဆန်အိတ်ထမ်းရမည်ဆိုလျှင် ယခုကဲ့သို့ ထွက်ထိုင်နေမည်ဆိုပါက မလာနဲ့တော့ဟု မှာလိုက်သည်။





ဖြစ်ချင်တော့ ထိုကဲ့သို့ ရွဲ့ပြော ပြောလိုက်သောနေ့ကျမှ ကျော်စွာ၏ခါးက ကိုင်လို့မရအောင် နာလာသည်။ အလုပ်ဆင်းရန် ကြိုးစားသေးသည်။

အိပ်ရာထဲလဲနေသော အမေဖြစ်သူက တစ်ရက်ခန့်နားလိုက် ခါးနာသက်သာမှသွားဟုဆိုသဖြင့် ထိုနေ့က အလုပ်မသွားတော့။

နောက်နေ့ ခါးနာသက်သာသွားသဖြင့် ဆန်စက်သို့ စောစော ထွက်ခဲ့သည်။ ဦးဘရှင်လည်း ရောက်နေပြီ။

ဆန်စက်ရှေ့တွင် စပါးလာပို့သော ကားသုံးစီးခန့်ရပ်ထားသဖြင့် ဤနေ့ စပါးအိတ်များ သယ်သွင်းရမည်ကို သိလိုက်၍ ဝမ်းသာနေသည်။

ဒါပေမဲ့ ဦးဘရှင်နှင့်တွေ့လိုက်သောအခါ ... ဝမ်းသာမှုတို့ ကွယ်ပျောက်သွားရသည်။

"ဟေ့ကောင် ... ကျော်စွာ မနေ့ကတည်းက မင်းကို အလုပ် မလာနဲ့တော့လို့ ပြောလိုက်တယ် မဟုတ်လား"

"ပြောတော့ပြောတာပေါ့၊ မနေ့က ခါးတအားနာနေလို့ မလာဖြစ်တာ ဒီနေ့ပျောက်သွားပြီ ဒါကြောင့် အလုပ်ဆင်းလာတာ"

"ငါက မင်းကို ကျန်းမာရေးအတွက် အနားပေးလိုက်တာမဟုတ်ဘူး၊ အလုပ်ဖြုတ်လိုက်တာ မင်းက ဆန်အိတ်ကျတော့



www.burmeseclassic.com

www.burmeseclassic.com



မထမ်းနိုင်ဘူး။ စပါးအိတ်လည်း ထမ်းရမယ်ဆိုရော ရောက်လာတာပဲ မဟုတ်လား"

"မင်းကို တစ်အိတ်မှ ပေးမထမ်းတော့ဘူး ... မင်း ... ပြန်တော့"

"ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့ ဆရာရယ် ... ကျွန်တော့်အမေကလည်း နေမကောင်းဘူး ... ကျွန်တော် ပိုက်ဆံ ပါသွားမှဖြစ်မှာ"

"မနေ့က ခါးဆန့်လို့မရလို့ ... လာမထမ်းတာပါ"

"အေး ... မလုပ်နိုင်မှတော့ မလာတာ အကောင်းဆုံး ပေါ့ကွာ ... ပိုက်ဆံလိုချင်ရင်တော့ ဘူတာမှာ သွားပြီးတောင်းရင် မင်းနဲ့ မင်းအမေအတွက် ... ဆေးဖိုးနဲ့ စားစရိတ် ဖြည့်ဆည်း နိုင်မှာပဲ၊

အဲ့ဒါ လက်ကြောမတင်းတဲ့ အကောင်တွေအတွက် ... သေချာတဲ့ ဝင်ငွေပဲကွ"

"ခင်ဗျား အလုပ် ပေးမလုပ်ချင်ရင်လည်း နေပါစေ ... မလုပ်စေချင်ရင် ... သွားမယ် ... အဲဒီလိုတော့ မစော်ကားနဲ့"

"ဟေ့ကောင် မင်းက ငါ့ကို ဘာပြန်ပြောတာလဲ"

"မင်းအရွယ်က ငါ ... ဆန်နှစ်အိတ်ထပ်ပြီး ထမ်းခဲ့



တာကွ"

"ခင်ဗျားအလုပ်က တစ်နေ့ဝင်ငွေ ရွှေတစ်ကျပ်သားဝယ်လို့ ရမယ်ဆိုရင်တောင် ကျုပ်မလုပ်တော့ဘူး"

"တောက် ... မိမစစ် ဖမစစ်က မွေးလာတဲ့ကောင် ... ငါလုပ်ရင် သေတော့မယ်"

ကျော်စွာလည်း ဦးအရှင်က အထမ်းသမားအများအပြား ရှေ့မှာ ချိုးနှိမ်သောစကားများ ပြောသည့်အတွက် ဦးအရှင်အား စိတ်အနာဆုံး နာခဲ့တော့သည်။

"ခင်ဗျား ... နေနှင့်ဦးပေါ့ဗျာ"

❖❖❖❖❖❖❖

ကျော်စွာ ကံမဆိုးသေးဘူးဟု သတ်မှတ်ရပေမည် ... သူ ... အထမ်းသမားအလုပ်မှ ပြုတ်၍ သုံးရက်လည်းကြာရော သူငယ်ချင်းတစ်ယောက်က ... သူ့ကဲ့သို့ ကားစပယ်ယာအဖြစ် လိုက်လုပ်မလားဟု မေးပြီး ...

စပယ်ယာမရှိသော ဦးသန့်ဇင်၏ကားမှာ စပယ်ယာအလုပ် ပြောပေးမည်ဟု ဆိုလာသည်။

သူ၏ ပြောဆိုပေးမှုကြောင့် ဦးသန့်ဇင်က သူ၏ကားမှာ ကျော်စွာအား စပယ်ယာလိုက်ခွင့် ပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်ဇင်ယံမှာ စပယ်ယာအလုပ် လုပ်နေရာက ဦးသန့်ဇင်၏ ရှေ့ကြိမ်းမောင်းမှုကိုခံရင်း အလုပ်မပျက် ရှိခဲ့သည်။

စပယ်ယာအလုပ်က ကားနောက်လိုက်ရုံနှင့်မပြီးသေး။ ကား အတက်အဆင်း ကျွမ်းကျင်ရသည်။ ကားဘော်ဒီ ရေဆေးရသည်။ ဆီ ရေ လေ ဝိုင် စစ်ဆေးရသည်။

ကားက ခေတ်ဟောင်းကားတွေ ပြန်ပြုပြင်ထားသော ကား များဖြစ်၍ အပျက်အစီးက များလှသည်။

ကားဘီးကလည်း မကြာမကြာ ပေါက်သည့်အတွက် ဘီး အဖြုတ်အတပ်ကိုလည်း သွက်လက်စွာ ဖြုတ်တတ်ရသည်။

များသောအားဖြင့် မနက်ပိုင်းအခေါက်တွေဆိုလျှင် ပန်းသည် များ၊ ကုန်စိမ်းသည်များက များသည်။ ကားခေါင်မိုးပေါ်တက်၍ ကုန်များကို နေရာချတတ်ရသည်။

ရက်များစွာ စပယ်ယာဘဝနှင့် အဆင်ပြေပြေ ရှိနေခဲ့သည်။ သို့ပေမဲ့ အဆင်ပြေသည့်ရက်က ကြာရှည်စွာမခံလိုက်၊ ဖြစ်ချင်တော့ တစ်ရက် ကားကို ဂိတ်စပြီး မထိုးခင် ကျော်စွာ ကားဆီစစ်သည်၊ အင်ဂျင်ဝိုင်စစ်သည်။ အားလုံး အဆင်ပြေစွာရှိသည်။

ရေတိုင်ကီအဖုံးကိုဖွင့်၍ ရေထည့်မည်ဟုအပြု ...

"ကျော်စွာ ... သွားစမ်း ဒေါ်မြခင်အိမ် ကုန်စိမ်းဝင်တင်ရဦး





မလားလို့ သွားမေးလိုက် ... သွားမြန်မြန်"

ကားထားသောအိမ်နှင့် ကုန်စိမ်းသည် ဒေါ်မြခင်အိမ် သိပ် မဝေး ... ဂိတ်သွားရင်း ကုန်စိမ်းအမြဲတင်သွားရသည်။ ညက အိမ်မှာ လှာပြောမထားသဖြင့် သေချာအောင် သွားမေးခိုင်းခြင်း ဖြစ်သည်။

ခဏနေ ကျော်စွာ ပြန်ရောက်လာသည်။

"ကုန်စိမ်းမရောက်လို့ ဂိတ်ကို ခေါင်းရှောက်ပြီးပဲ သွားတော့ မယ်တဲ့ ... ဆရာရေ"

"အေး ... အေး ... ဒါဖြင့်တက် ... သွားကြမယ်"

ရေထည့်မည်အပြု ဦးသန့်ဇင်ကဖြတ်ပြီး ခိုင်းလိုက်သည့် အတွက် ရေဖြည့်ရန် မေ့သွားခဲ့သည်။

ကားထွက်ပြီး ... ငါးထပ်ကြီးဘုရားအနီးသို့အရောက် ကားအင်ဂျင် အပူရှိန်မြင့်ကာ ရေတိုင်ကီအပေါက်မှ ရေနွေးငွေ့များ မြင်းထန်စွာ ထွက်လာရင်း ကားတိုးရပ်သွားတော့သည်။

ထိုအခါ ဦးသန့်ဇင်က ကျော်စွာအား ကားရှေ့ခန်းမှ လှမ်း ခေါ်ကာ အနီးသို့ရောက်သည်နှင့် ပါးကို [illegible]ရိုက်တော့ သည်။

"မင်း ... သွားတော့ ... မင်း ... ဒီကနေ လှည့်ပြန်



www.burmeseclassic.com

www.burmeseclassic.com

တော့၊ မင်းကို ဆီ ရေ ဝိုင် အသေအချာစစ်၊ လိုတာဖြည့်လို့ အသေအချာမှာထားရက်နဲ့ ရေတိုင်ကီထဲ ရေဖြည့်မထားဘူး၊

အခု … အင်ဂျင်ဟက် ကွဲသွားပြီလားမသိဘူး … ကားလမ်းပေါ်ကို အင်ဂျင်ဝိုင်တွေ စီးကျနေပြီ၊

မင်း … သောက်ချက်စိမြင်လား … သွားကွာ … သွား … မင်းပြန်တော့"

လူကြားထဲ ပါးရိုက်ပြီး အလုပ်ဖြုတ်လိုက်သော ဒရိုင်ဘာ ဦးသန့်ဇင်ကို ကျော်စွာ အမုန်းကြီး မုန်းသွားသည်။

ကားပေါ်က လူများကလည်း ကျော်စွာကို သနားကရုဏာ သက်ရမည့်အစား ကျော်စွာကြောင့် သူတို့သွားမည့်ခရီး ကြန့်ကြာ သွားသည့်အတွက် …

"ကောင်းတယ် … အလုပ်လုပ်တာ မသေချာတဲ့အကောင် ဖြုတ်ပစ်တာ ကောင်းတယ်"

"ဒင်းကြောင့် ငါတို့ ဈေးနောက်ကျတော့မယ်"

လူတွေက နိမ့်ကျသူကို ဖိထောင်းချင်ကြသည်။

နေနှင့်ဦးပေါ့ ဦးသန့်ဇင်ရယ်ဟု … စိတ်ထဲတေးပြီး ခြေလျင် လျှောက်တာ နောက်ကြောင်းပြန်လှည့်ခဲ့သည်။

အဖေဖြစ်သူ တရှောင်ရှောင် ဖြစ်နေရာက ပြန်ကျန်းမာလာ သည့်တွက် ပဲပြုတ်ပြန်ရောင်းနိုင်၍ စားဝတ်နေရေး အနည်းငယ် အဆင်ပြေလာခဲ့သည်။

ကျော်စွာတစ်ယောက် အလုပ်လက်မဲ့ဖြစ်သွားသော်လည်း စားဝတ်နေရေးအတွက် ပူပန်ခက်မသွား …

သို့ကြောင့် နောက်အလုပ်တစ်ခု ရရှိရေး ကြိုးစားခွင့် ရခဲ့ သည်။ တိုက်ဆိုင်စွာ ဦးမောင်မောင်၏ ခေါက်ဆွဲဆိုင်မှ မြင့်ဦးက ကျော်စွာနှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည်။

သူနှင့်ဆုံမိပြီး အလုပ်အကြောင်းစပ်မိရာ သူနှင့် အသိဖြစ်သော ဦးဖိုးထွန်း၏ ခေါက်ဆွဲဆိုင်မှာ စားပွဲထိုးလေး ရှာပြန်သွားသည့် အတွက် လူလိုနေသည်ဟု ဆိုသည်။

စားပွဲထိုးအလုပ်ကို လုပ်မည်ဆိုလျှင် လိုက်ပြောပေးမည်ဟု ဆိုသည်။

ကျော်စွာလည်း အခြားအလုပ် ရှာမရသေးခင် စားပွဲထိုးအလုပ် ကိုပင် လုပ်တော့မည်ဟုဆိုကာ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထိုအလုပ်မှာ စလုပ်ချင်တော့ အဆင်ပြေသလို ရှိခဲ့သည်။ ခေါက်ဆွဲဆိုင်က ဆီချက်၊ ကြေးအိုး၊ တရုတ်အစားအစာ ထမင်း ဟင်း အရက်မျိုးစုံ ရောင်းသည်။

လူစုံနှင့် ဆက်ဆံရသည်။




www.burmeseclassic.com

www.burmeseclassic.com

ခေါက်ဆွဲဆိုင်က အခန်းမကျယ် ... သယ့်နှစ်ပေ နှစ်ထပ်ဖြစ်သည်။ အောက်ထပ်မှာ စားပွဲလေးလုံးရှိပြီး ... အပေါ်ထပ်မှာ စားပွဲခြောက်လုံး ရှိသည်။

ဆယ်ပိုင်းပြည့်အောင်တော့ လူမလာ၊ အနည်းဆုံး တစ်ပိုင်း နှစ်ပိုင်းလောက်တော့ နေရာလွတ်နေတတ်သည်။ သို့ကြောင့် သူတစ်ယောက်တည်းနှင့် အပေါ်တက် အောက်ဆင်း အဆင်ပြေနေသည်။

ဦးဖိုးထွန်းမှာ အသက်ဆယ့်ခြောက်နှစ်ခန့် သမီးတစ်ယောက်ရှိသည်။ အိမ်ထောင်ကျနေသော သားကြီးရှိသည်။ ထိုသားက ဦးဖိုးထွန်းနှင့်အတူ ခေါက်ဆွဲဆိုင်မှာ ပိုင်းကူကြော်လှော် ချက်ပြုတ်ပေးနေသည်။

လူကျသည့်အချိန်ဆိုလျှင် သားဖြစ်သူက စားပွဲထိုးအဖြစ်ကူညီလုပ်ကိုင်ပေးသည်။

သမီးဖြစ်သူက ကျောင်းကို ရှစ်တန်းနှင့်ထွက်လိုက်ပြီ ကျော့ကျော့မော့မော့ ဝတ်စားကာ ဖခင်ထံမှ ပိုက်ဆံလက်ဖြန့်တောင်းပြီး သုံးဖြုန်းနေသူဖြစ်သည်။

ဆိုင်အလုပ်ကို တစ်ခါမှ ဝင်မကူညီခဲ့။

ကျော်စွာ အလုပ်ဝင်လုပ်ပြီး သုံးလအလွန်မှာ အမေ မိုးရွာထဲ





ပဲပြုတ်ထွက်ရောင်းသဖြင့် မိုးမိပြီး အိပ်ရာထဲ လဲခဲ့သည်။

သူ့လုပ်ခက တစ်လတစ်ခါရှင်း ဖြစ်သဖြင့် အိမ်မှာ ပိုက်ဆံပြတ်နေပြီ။ အမေ့ဝင်ငွေက နေ့စဉ်စားဝတ်နေရေး ဖြေရှင်းရန်အတွက် အဆင်ပြေသည်။ ယခု အမေအိပ်ရာထဲ လဲသဖြင့် ကျော်စွာ မကြံတတ် ဖြစ်နေသည်။

အမေက ကျော်စွာအား ငွေရနိုင်မည့်နေရာကို ညွှန်ပြသည်။

"သား ခေါ်မြိုင်ဆီမှာ ပိုက်ဆံနည်းနည်း သွားချေးပါလား၊ လခထုတ်တဲ့နေ့ ပြန်ပေးမယ်လို့ပြော"

"ဟာ ... အငော်သာ ခံလိုက်ချင်တယ် ... အဲ့ဒီ အဘွားကြီးဆီက ပိုက်ဆံမချေးချင်ပါဘူး"

"သူပြောတော့လည်း ခေါင်းငုံ့ခံလိုက်ပေါ့သားရယ်၊ ကိုယ်က ပိုက်ဆံလိုနေတာပဲ သား လကုန်လို့ လခထုတ်ပြီးတာနဲ့ လာပို့ပေးပါ့မယ်လို့ပြော ... သွားပါသားရယ်၊

သူက ပါးစပ်ပေါက်ကဆိုးတာ စိတ်ကောင်းရှိပါတယ်"

ကျော်စွာလည်း ခေါ်မြိုင်အကြောင်း သိသဖြင့် မသွားချင်သော်လည်း မနက်ဖြန်အတွက် အိုးထဲမှာ ဆန်မရှိ၊ ဟင်းစားမရှိ၊ အမေကလည်း မိုးမိ၍ ဖျားနေသည်။ ဆေးဖိုးလည်းလိုသည်။

သို့ကြောင့် ခေါ်မြိုင်အိမ်သို့ ရောက်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



"နင်တို့က ... ပိုက်ဆံအလကား ရတယ်များထင်နေလား၊ နင်တို့နဲ့ ဆွေမျိုးစပ်တော်တာကိုက ငါ့အမှားပဲ ... နင့်အမေကို အရင်ကလို ရွာသားတွေကို နေမကောင်းအောင်လုပ်လိုက် ... ဆေးပြန်ကုပေးလို့ ပျောက်သွားလိုက် ... လုပ်နိုင်းပါလား ... ပိုက်ဆံရမှပေ့ါ"

"ဟာ ... ဒေါ်လေး၊ အဲဒီလိုမလုပ်ပါနဲ့ ... အဲ့ဒီလို မပြောပါနဲ့၊ အမေက အဘွားခိုင်းလို့လုပ်ခဲ့တာ ... မကောင်းမှန်း သိလို့ သူ့ပညာတွေ စွန့်လွှတ်ပြီး ကောင်းကောင်းမွန်မွန်နေတာ"

"အေး ... မသိရင်ခက်မယ် ... နင်ကသာမသိတာ နင်အိပ်ပျော်နေရင် ... နင့်အမေ စုန်းဘောက်စားနေတာ"

"အဲဒီလို မပြောနဲ့ဗျာ ... အဒေါ့်ငွေလည်း မယူတော့ဘူး၊ ပြန်တော့မယ်"

"အေး ... ပြန် ... ပြန် ... နင့်အမေကိုပြောလိုက် ပိုက်ဆံလိုရင် နင်တို့အဘွားတွေလုပ်သလို ... လုပ်လို့ပြောလိုက်"

ဒေါ်မြိုင်ကလည်း ငွေတိုးချထားသူနှစ်ယောက် အလိမ်ခံ လိုက်ရ၍ ဒေါသူပုန်ထနေစဉ် ကျော်စွာ ငွေလာချေးသည့်အတွက် သူ့အပေါ် ဒေါ်မြိုင်၏ဒေါသများ စုပြုံကျလာခြင်းဖြစ်သည်။

ကျော်စွာလည်း ပိုက်ဆံမရသည့်အပြင် မိခင်၏ယ်ကျိုး





ယ်နာများကို ထုတ်ဖော်အပြောခံရ၍ စိတ်နာနာနှင့် ပြန်လာခဲ့သည်။

ကျော်စွာ၏အဘွားဖြစ်သူက အောက်လမ်းပညာတတ်သည်၊ ညဘက် စုန်းဘောက်စားသော ကဝေပညာသည်ဖြစ်သည်။

သူ့ပညာကို အသုံးချ၍ ရွာထဲကလူများ နာမကျန်းဖြစ်အောင် လုပ်သည်။ နာမကျန်းဖြစ်၍ သူထံဆေးကုလျှင် လူပြုစားထားသည် များကို ပယ်ဖျက်ပြီး ဆေးကုလိုက်သဖြင့် ပျောက်ကန်ပြုသည်။

ကြာတော့ သူ၏အကွက်ရှေ့ပုံကို ရွာသားတို့သိလာကြသည်။

တစ်ရက် မည်သည့်အတွက်မှန်းတော့မသိ၊ ကျော်စွာ၏အဘွား ဖြစ်သူနှင့် သူ၏ပြိုင်ဘက် ကဝေမတို့... ပညာပြိုင်ရင်း... နှစ် ယောက်လုံး သွေးပွက်ပွက်အံကာ သေဆုံးကုန်တော့သည်။

ကျော်စွာ၏မိခင်က အဘွားထံမှ အမွေအနည်းငယ်ရရှိခဲ့ သော်လည်း ထိုပညာဖြင့် အသက်မွေးဝမ်းကြောင်း မပြု၊ လူတွေကို စိတ်နာနေသော်လည်း သည်းခံ၍ နေတတ်သည်။

ဒေါ်မြိုင်က အဘွားဖြစ်သူ၏သူငယ်ချင်း အဘွားအကြောင်း အကုန်သိထားသည့်အတွက် အမေ့ကိုပါ အဘွားကဲ့သို့ ရှာဖွေ တားသောက်ရန် ပြောလာခဲ့ခြင်းဖြစ်သည်။

ကျော်စွာလည်း အမေ့ကို ထိုကိစ္စပြန်မပြော၊ ဒေါ်မြိုင်ကဲ့သို့ ချေးငှားထားသူတွေကို ပိုက်ဆံများ လက်လွှန်နေသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မချေးလိုက်ဟုသာ ပြောခဲ့သည်။

အမေ ... စိတ်မကောင်းဖြစ်သွားသည့်အတွက် ကျော်စွာ ဦးမောင်မောင်၏သား မြင့်ဦးထံသွားကာ အကျိုးအကြောင်းပြောပြပြီး ပိုက်ဆံခဏလှည့်ခဲ့သည်။

အမေ့အတွက် ဆေးဝယ်လာသည် လိုအပ်သော ဆန်၊ ဆီ၊ ဆား ဝယ်လာခဲ့သည်။

အမေလည်း နှစ်ရက်နှင့် ထူထူထောင်ထောင် ပြန်ဖြစ်လာပြီး ပဲပြုတ်ပြန်ရောင်းနိုင်သည်။

ကျော်စွာ အမေ့အတွက် ပိုက်ဆံရှာပေးခဲ့ပြီး ခေါက်ဆွဲဆိုင်မှာ အလုပ်ဝင်သည်။

နောက်မကြာမီ လမကုန်ခင် ကျော်စွာ ပြဿနာဖြစ်ပြန်သည်။ ထိုပြဿနာကို ဆိုင်ရှင်သမီးက ယူဆောင်လာသည်။

ညခြောက်နာရီခန့် အပေါ်ထပ်စားပွဲက ပိုက်ဆံရှင်းလိုက်သဖြင့် ထိုပိုက်ဆံများကို ကိုင်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

လှေကားတစ်ဆစ်ချိုးမှာ အမှောင်ရိပ် ဖြစ်နေသည်။

ထိုနေရာမှာ ဆိုင်ရှင်သမီးလှလှက သူဆင်းအလာကို စောင့်နေသည်။

သူစောင့်သည်က ကျော်စွာထံမှ ပိုက်ဆံကို တောင်းရန်





ဖြစ်သည်။

"နင့်လက်ထဲကပိုက်ဆံ ငါ့ကိုပေး"

ပိုက်ဆံကို တောင်းသည်၊ မပေးသောအခါ အတင်းလုသည်။

"ဒီ ... ဒီ ... အပိုင်မဟုတ်ဘူး၊ ဒီ ... စားသောက်တဲ့လူတွေ ရှင်းလိုက်တဲ့ပိုက်ဆံ ... နင့်အဖေရဲ့ ပိုက်ဆံကို ... နင်လိုချင်ရင် နင့်အဖေဆီကတောင်း"

"အဖေ့ဆီမှာတောင်းရင် ရမှာမဟုတ်ဘူး၊

နင့်ဆီက ငါယူသွားတယ်"

"ယူလို့မဖြစ်ဘူး ... မပေးဘူး"

လှလှက လက်ထဲမှ အတင်းလုသည်။ ယောကျ်ားအားနှင့် အတင်းရုန်းထွက်သောအခါ လှလှက သူရင်ဘတ်အကျႌများကို ဆုတ်ဖြဲကာ ...

"လာကြပါဦး ... လာကြပါဦး ... ဒီမှာ ကျော်စွာ အနိုင်ကျင့်နေလို့"

လှလှ၏အော်သံကြောင့် ... အပေါ်ထပ်မှ စားသောက်နေသူများရော အောက်ထပ်မှ စားသောက်နေသူများ လှေကားဆီ ရောက်လာကြသည်။

"ဟင့် ... ဟင့် ... သူ ... သူ ... မတရားကြံတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟီး ... ဟီး ..."

လှလှ၏အကျီရှေ့ပိုင်း စုတ်ပြဲနေသည်။ သူ၏လက်နှစ်ဘက်ကို ရင်ဘတ်ပေါ်ယှက်တင်ထားရင်း အသံကုန်အော်နေသည်။

"သူ့ကို ဘာမှမလုပ်ဘူး ကျွန်တော် ဘာမှမလုပ်ဘူး"

"အားလုံးမြင်နေရတာတောင် မင်းက ငြင်းနေသေးတယ်"

"ကဲကွာ ... ကဲကွာ ..."

"ချပစ်ကွာ"

ခွပ်

ခွပ်

အား ...

ကျော်စွာ မှောက်သွားသည်။

ကျော်စွာလက်ထဲကပိုက်ဆံ လှလှလက်ထဲ ပါသွားသည်။

"ဦးလေး ... ဒီကောင့်ကို ရဲတိုင်မလား"

"နေပါစေကွာ .... ဘာမှလည်း ဖြစ်မသွားဘူး၊ ဒီကောင်ကို အလုပ်ထုတ်ပစ်လိုက်ရင် ပြီးတာပဲ"

ဦးဖိုးထွန်းက သမီးအကြောင်းကို သိထားသည်။ ဤကဲ့သို့ ဖြစ်မည်ဟုမထင် ယုံလည်းမယုံ ...

သို့ကြောင့် ကျော်စွာကို ပြဿနာမရှာတော့ဘဲ ... အလုပ်မှ ထုတ်ပစ်လိုက်တော့သည်။



သို့ဖြင့် ကျော်စွာလည်း လှလှကြောင့် သူ့အားကိုးအားထား ပြုရာ အလုပ်မှ ထွက်ခွာခဲ့ရပြန်တော့သည်။

အချိုးနှင့်သာ ရင်ဆိုင်ခဲ့ရသော ကျော်စွာတစ်ယောက် ... လူတွေကို အကောင်းဘက်က မမြင်နိုင်တော့ ... သူ့အပေါ် မကောင်းကြံသူများကို ဘယ်လိုမှ မေ့ပျောက်လို့မရ။

မိခင်ဖြစ်သူကလည်း ပဲပြုတ်ပြန်ရောင်းနိုင်ပြီဖြစ်၍ တစ်ဝမ်း တစ်ခါးအတွက် ရှာဖွေစားသောက်နိုင်ပြီ။

အိမ်က ပေနှစ်ဆယ်သစ်သားနှစ်ထပ်အိမ် ခေါင်းရင်းဘက် အပေါ်နှင့် အောက်က အိမ်ပိုင်ရှင်နေသည်။

ခြေရင်းအပေါ် ဆယ်ပေခန့်နှင့် အောက်ဆယ်ပေခန့်ကို တစ်ဦးစီငှားထားသည်။

အပေါ်ထပ်က ကျော်စွာတို့ငှားနေသည်။ အောက်ထပ်က အကြော်မျိုးစုံ ကြော်ရောင်းသည်။ ဆီကြော်နံ့ဆိုးဆိုးဝါးဝါးနံ့သော် လည်း အိမ်ရှင်ကို လစာကောင်းကောင်းပေးထားသည့်အတွက် အကြော် ကြော်ရောင်းခွင့် ရနေသည်။

ကျော်စွာတို့က မိမိအိမ်မဟုတ်သည့်အတွက် သည်းခံပြီး နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာတစ်ယောက် ထိုရက်ပိုင်းကစပြီး ပျောက်သွားသည်။ တစ်နှစ်ပြီးတစ်နှစ် ကုန်သွားကာ ငါးနှစ်တိုင်ခဲ့ပြီ။

❖❖❖❖❖❖❖

ထိုနေ့က ကျော်စွာ၏အမေ ပဲပြုတ်ရောင်းရာက ပြန်လာစဉ် အိမ်ပေါ်မှာ ကျော်စွာကို တွေ့လိုက်သည်။

"သား မပြောမဆိုနဲ့ ဘယ်ထွက်သွားတာလဲ"

"လူတွေကို မကျေနပ်လို့ လူတွေကိုနိုင်မယ့် ပညာတွေ သွားသင်လာတာ"

"ဖြစ်ရလေသားရယ် … ဒီပညာတွေဟာ အမေတို့ သားတို့ကို ကောင်းရာမရောက်ဘဲ ငရဲကိုဆွဲချသွားမယ့် ပညာတွေ … ဖြစ်ပြီးတာတွေကို မေ့နိုင်အောင် ကြိုးစားစမ်းပါသားရယ်"

"မမေ့ဘူးအမေ … သား ဒီအတွက် ငါးနှစ်တောင် ပညာ သွားသင်ခဲ့ရတာ"

မိခင်ဖြစ်သူ ဘယ်လိုပြောပြော ကျော်စွာ နားမထောင်တော့။

ကျော်စွာတို့အခန်းမှာ ဘုရားစင်မရှိ … ပညာသည်မျိုးရိုးက ဆင်းသက်လာသူများဖြစ်၍ ဘုရားကို မကိုးကွယ်ကြ။

ကျော်စွာ၏မိခင်က အိမ်ရှေ့ခန်းမှာ အိပ်သည်။ ကျော်စွာက နောက်ဘက်အခန်းမှာ နေသည်။ သူနှင့်အတူပါလာသော အောက်





လမ်းအတတ်၊ စုန်းအတတ်၊ ကဝေအတတ်နှင့် ပတ်သက်သော အရုပ်မျိုးစုံကို နေရာချလိုက်သည်။

သူ၏အခန်းတွင် ရုပ်ထုများကို နေရာချပြီးသည်နှင့် … ကျောက်မှော်ကရေရုပ်လေးကို … ပထမဆုံး အင်းစာရွက်အပေါ်မှာ ဦးဘရှင်၏နာမည်ကိုရေးပြီး ကဝေမှော်ရုပ်ဗိုက်ပေါ်မှာ ကပ်ထား လိုက်သည်။

ဖယောင်းတိုင်များ အမွှေးတိုင်များကို ထွန်းလိုက်ပြီး ပါးစပ်မှ ပညာသွင်းသည့်ဂါထာများ ရွတ်ဆိုနေသည်။

ထို့နောက် ထိုစာရေးထားသော နေရာသို့ မှော်အပ်နှင့် အကြိမ်ကြိမ်ထိုးပြီး …

"ဟဲ … မင်းရဲ့သန်ပါတယ်ဆိုတဲ့ ခါးရိုးကျိုးစမ်းကွာ … ကျိုးစမ်း"

အရုပ်ကလေးကို ကောက်ကိုင်ပြီး ခါးကို ခေါက်ချိုးချလိုက် သည်။

သူ၏မှော်ပညာက စွမ်းလှသည် ထိုညမှာပင် ဦးဘရှင် သေဆုံးသွားခဲ့သည်။

သူ … လူတစ်ယောက်ကို မှော်ပညာနှင့် လုပ်တော့မည် ဆိုပါက အနည်းဆုံး တစ်လခွာရမည်ဟု သူ၏ဆရာ မှာထားသည်



www.burmeseclassic.com

www.burmeseclassic.com



အတွက် တစ်လပြည့်အောင် အောင့်အီးသည်းခံစောင့်ပြီး ဒုတိယမြောက် စီရင်ပြန်သည်။

သူ့ကို လူကြားထဲ ပါးရိုက်သော ဦးသန့်ဇင်လည်း သေချိန်တန်ပြီ၊ သို့ကြောင့် သူ၏ဒုတိယမြောက်သားကောင် ဖြစ်သွားသည်။

ဒေါ်မြိုင်ကတော့ ပါးစပ်သရမ်း၍ အပြစ်ပေးလိုက်ခြင်းဖြစ်သည်။

ယခု ... သူ့ကို လူကြားထဲ အရှက်ကွဲအောင်လုပ်ခဲ့သော လှလှကိုတော့ တစ်နေ့တာ အရှက်ကွဲအောင်လုပ်မယ်။

ပြီးမှ ... သက်ပစ်မယ်။

သူ၏စိတ်ကူးအတိုင်း အကောင်အထည်ဖော်တော့သည်။

❖❖❖❖❖❖❖

ဝေါ့ ... ဝေါ့ ...

ဦးဖိုးထွန်း အခြောက် ကြော်နေသည့်အနီး ရပ်နေသော လှလှတဝေါ့ဝေါ့နှင့် ပျို့အန်နေသည်။

ထိုအချိန် ဦးဖိုးထွန်း၏ ချွေးမလည်း ရောက်နေသည်။

"ငွေးစိန် ... နင့်ယောက်မကို ကြည့်စမ်း ... ငါ ... တယ်မသက်ဘူး"

"ဟုတ်တယ်အဖေ ... သမီး ... အစ်အောက်ကြည့်လိုက်ပါမယ်"





"အဖေ့သမီး ဘာဖြစ်နေတာလဲ"

"မသိဘူးကွ ... တစ်မနက်လုံး ပျို့အန်နေတာပဲ"

"ဟဲ့ လှလှ ... ဘယ်ကောင်နဲ့ ဘာဖြစ်လာလဲ"

"မဖြစ်ဘူး ဘာမှမဖြစ်ဘူး"

"တော် ... မပါနဲ့ ကျွန်မ မေးပေးမယ်"

"တောက် ဒီချွေးမ ... ငါထသတ်မိတော့မယ်"

သူတို့အထင် လှလှ ... ပျို့အန်နေခြင်းသည် ကိုယ်ဝန်ရ၍ ဖြစ်သည်ဟု ထင်နေကြသည်။

လှလှကလည်း မဟုတ်ဟု အတင်းမငြင်း။

တစ်နေ့လုံး ထိုကဲ့သို့အော့အန်လိုက် လူကြီးများ၏ အပြောအဆိုခံလိုက် နေခဲ့ရပြီးမှ ညနေအရောက် အိမ်သာထဲ ဝင်သွားသည်။

အိမ်သာထဲအရောက် ဗွပ်ခနဲ ဗွပ်ခနဲသွေးများကို အန်လိုက်သလို ပါးစပ်ထဲမှ အူအပြတ်များ အန်ထွက်ကျလာသည်။

'ဗွပ်'ခနဲ သုံးလေးကြိမ်ထိုးအန်ပြီးသည်နှင့် ထိုနေရာမှာပင် ပစ်လဲကျကာ အသက်ပျောက်သွားသည်။

❖❖❖❖❖❖❖



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာနှင့် ငါးနှစ်ခန့်ကွဲကွာသွားသလို ပြန်ရောက်ပြီ
လေးလအတွင်း လူကလည်း အသက်လေးဆယ်နီးပါး အိုစာသွ
သည်။

ကျော်စွာ ခေါက်ဆွဲလာဝယ်သည်ကို ဦးဖိုးထွန်းတို့ မမှ
မိကြ။

"ခေါက်ဆွဲတစ်ထုပ်ပေးပါ"

ခေါက်ဆွဲကြော်နေစဉ် ခုံတစ်လုံးဆွဲ၍ ထိုင်စောင့်နေသည်
ကြော်ပြီးတော့ ခေါက်ဆွဲနှစ်ထုပ်လာပေးသဖြင့် ...

"တစ်ထုပ်တည်း မှာတာပါ"

"တုတ်ပါတယ် ... ငါ့တူ တစ်ထုပ်ဖိုးပဲ ပေးပါ။ အ
ဆိုင်ဖွင့်တော့မှာ၊ ဦးလေးသမီးလည်း ဆုံးသွားပြီ၊ သားကလည်
အိမ်ထောင်ခွဲနေတာဆိုတော့ သူတို့ပဲ ဆက်လုပ်လိမ့်မယ်၊

ဦးက အသက်လည်းကြီးပြီ ရိပ်သာမှာ အပြီးသွားနေတော
မယ်ကွဲ့ ... ဖောက်သည်တွေကို တစ်ထုပ်ဝယ်ရင် နှစ်ထုပ်ပေ
တယ်၊

ဒီဆိုင်မှာဝယ်စားရင် တစ်ဝက်ကိုပဲ ယူတယ်"

ကျော်စွာလည်း ခေါက်ဆွဲနှစ်ထုပ်ကိုဆွဲပြီး အိမ်သို့ပြန်လ
ခဲ့သည်။



အိမ်ရောက်တော့ မိခင်ဖြစ်သူကို ခေါက်ဆွဲထုပ် ပေးလိုက်
သည်။ ပြီး ... အိမ်နောက်ဘက် ဝင်ခဲ့သည်။

အမေက သားဖြစ်သူအား ...

ငါ့သား မင်းလုပ်ရပ်တွေ ရပ်လိုက်ပါတော့ မင်းလူတစ်ယောက်
ကိုလုပ်ပြီးတိုင်း မင်းရုပ်က အိုစာလာတယ်၊ လူတစ်ယောက်မက
င်းဖျက်ဆီးနေလို့ မင်းရဲ့ရုပ်ခန္ဓာလည်း မကြာခင် အဖိုးအိုကြီးလို
ဖြစ်လာလိမ့်မယ်။

"ဒီလောက်နဲ့ပဲ ရပ်လိုက်ပါတော့"

"ကျွန်တော်လက်စားချေဖို့ တစ်ယောက်ပဲကျန်တော့တယ်
မေ"

"ဘယ်သူလဲသား"

ဦးဖိုးထွန်းတစ်ယောက်ပဲ ကျန်တော့တယ်။ သူ ခရီးမထွက်ခင်
့အသက်ကို နှုတ်ပစ်ရမယ်။

"သားရယ် ရပ်လိုက်ပါတော့ အမေတောင် မကောင်းမှန်း
ိလို့ ရပ်နိုင်သေးတာ သားစိတ်တိုင်းကျလုပ်ပြီးပြီ ကျေနပ်လိုက်
တော့"

ကျော်စွာက ဘာမှမပြော ... သူ့အလုပ် သူလုပ်ရန်
ခန်းထဲ ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သား ... အမေ ပဲအစို့ဖောက်ထားတာ နည်းနေလို့ ဈေးထဲသွားဝယ်လိုက်ဦးမယ်"

ကျော်စွာ ဘာမှပြန်မပြော ... မိခင်ဖြစ်သူလည်း သဘက်ခေါင်းပေါင်းပြီး အိမ်ပေါ်က ဆင်းသွားသည်။

အောက်ထပ်က ညနေပိုင်းမုန့်ဟင်းခါးဆိုင်များကို ပို့ပေးရမည့် ပဲကြော်များကို ကြော်နေသည်။

အယ်အိုးကြီးနှစ်အိုးမှာ ဆီအပြည့် သားအမိနှစ်ယောက် တစ်ပိုင်စီ ကကြော် တစ်ဦးက ဆယ်တင်နေသည်။

"ဝုန်း"

"ဟင် ... လာကြပါဦး ... မီး ... မီး ..."

ဆီအိုးကြီးမှောက်ကာ ... မီးတဟုန်းဟုန်း ထတောက်တော့သည်။ ဟိုဆွဲ သည်ဆွဲနှင့် နောက်တစ်အိုးပါ မှောက်သွားတော့သည်။

ဆယ်မိနစ်ပင်မကြာ အိမ်အပေါ်ထပ်များ မီးစွဲသွားတော့သည်။

အပေါ်မှာနေသော ကျော်စွာတစ်ယောက် အိမ်အောက်သို့ ပြန်မဆင်းနိုင်တော့ဘဲ မီးလောင်သည့်အထဲ ပါသွားတော့သည်။

ထိုမီးလောင်မှုကြောင့် အိမ်လေးလုံး ပြာကျသွားခဲ့သည်။ ကျော်စွာတစ်ယောက်သာ သေဆုံးခဲ့သည်။



ဦးဖိုးထွန်းပဲ ကံကောင်းသွားသည်လား ကျော်စွာပဲ ကံဆိုးသွားသည်လားမသိ။

ရိပ်သာမသွားခင် အသေသတ်ရန် အကြံလည်း ပျက်သွားခဲ့ပြီး ပညာသည်ဘဝကို မခံယူချင်၍ သားဖြစ်သူအား အကြိမ်ကြိမ်တားခဲ့သောမိခင်လည်း မီးလောင်ခြင်းမှ ကင်းလွတ်သွားခဲ့သည်။

အငြိုးကြီးသော ကဝေပညာသည် ကျော်စွာတစ်ယောက်သူပြုသောကံ ... သူခံရန် လူ့လောကထဲမှ ထွက်ခွာသွားခဲ့ပြီဖြစ်ပေ သည်။

www.burmeseclassic.com

www.burmeseclassic.com

# အပင်နဲ့ အတိုက်

ဤအဖြစ်အပျက်က ... ကျွန်တော်၏မိတ်ဆွေ ဦးအေးမြင့် ပြောပြသော သူ၏အလုပ်ခွင်မှာ ကြုံတွေ့ခဲ့ရသည့် အကြောင်းအရာများဖြစ်သည်။

သူကိုယ်တိုင် အမှန်တကယ် ကြုံတွေ့ကြားသိခဲ့ရသော တကယ့်အဖြစ်အပျက်များဖြစ်သည်။

ခန္တီးမြို့နယ်မှာ တာဝန်ထမ်းဆောင်ခဲ့ရသော လမ်းတံတား၊ လက်ထောက်အင်ဂျင်နီယာတစ်ယောက်၏ ထူးဆန်းစွာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်လည်းဖြစ်သည်။

ဆောက်လုပ်ရေး လမ်းတံတားဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးအေးမြင့်အား ... ခန္တီးမြို့နယ်အတွင်းမှာ ကျောက်ကြမ်း



ခင်းထားပြီဖြစ်သော လမ်းကြမ်းတစ်ခုကို ကျောက်ချောကတ္တရာလမ်း အဖြစ်ခင်းရန် တာဝန်ပေးခြင်း ခံရသည်။

သို့ကြောင့် ထိုလမ်းကြမ်းခင်းနေရာနှင့် မနီးမဝေးမှာ ယာယီတဲများထိုးပြီး အလုပ်သမားများကို နေရာချသည်။ ယန္တရားမောင်းသူများလည်း စက်ကြီးများနှင့်အတူ တန်းလျားမှာပင် နေထိုင်ကြသည်။

အချိန်က ၁၉၇၃-ခုနှစ် ကာလဖြစ်သည်။ လမ်းဖြစ်မြောက်ရေးအတွက် အစိုးရမှ ငွေချပေးသည်နှင့် လုပ်ငန်းစဖြစ်သည်။

လမ်းအင်ဂျင်နီယာကို အလုပ်သမားများက လမ်းဗိုလ်ကြီးဟု ခေါ်ကြသည်။ သို့ကြောင့် ဦးအေးမြင့်အား အင်ဂျင်နီယာဆိုသော သတ်မှတ်ချက်ပျောက်ပြီး လမ်းဗိုလ်ကြီးဟုသာ တွေ့သည့်လူတိုင်းက ခေါ်ဝေါ်ကြသည်။

လုပ်သားများ၏ တန်းလျားနှင့် ရပ်ကွက်ဈေးလေးက သိပ်မကွာ၊ ထိုဈေးမှာ အလုပ်သမားအတော်များများ၏ ဇနီးမယား၊ သားသမီးများ၊ ကုန်စိမ်းကုန်ခြောက်ရောင်းသူ၊ သားငါးရောင်းသူတို့ ရှိကြသည်။

ဦးအေးမြင့်၏ ဖခင်က တရုတ်၊ မိခင်က ဗမာဖြစ်၍ တရုတ်သွေးတစ်ဝက်ပါသူဖြစ်သည့်အတွက် ဝက်သားကြိုက်သည်။ ဇနီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူက ခင်ပွန်းသည်အတွက် ဝက်သားကို မကြာခဏဝယ်ပြီး အသီးအရွက်များနှင့် ရောစွတ်တစ်မျိုး အသားဟင်းပြောင်အတိုင်း ချက်သည့်အခါနှင့် တစ်ပတ်ကို လေးရက်ခန့် ချက်ပေးသည်။

ဇနီးသည် ဒေါ်စိုးတင် ဝက်သားကို မုန်းလာပြီဆိုပြီး ဖြတ်သည်လည်းမဟုတ်၊ မစားဖြစ်သည်မှာ တစ်လနီးပါးရှိပြီ။ သို့ကြောင့် ဈေးသွားဝယ်သည့်အခါတိုင်း သူနှင့်ကလေးနှစ်ယောက်အတွက် ကြက်သား သို့မဟုတ် ငါးကို ဝယ်လာလေ့ရှိသည်။

"မစိုးရေ ... ဒီနေ့ဈေးရောင်းရင်း ဝက်လက်ရမယ်ဆို၊ နှစ်ချောင်းလောက် ဝယ်ခဲ့ပါလား"

"တော်တစ်ယောက်ထဲ ဝက်လက်နှစ်ချောင်းကို ဘယ်နှစ်ရက်များထားပြီး စားမလို့လဲ"

"တစ်ယောက်ထဲတော့ ဘယ်စားမလဲ ... ကျော်တင့်တို့ အေးမောင်တို့ကို ခေါ်ကျွေးမလားလို့ ရရင် ... ပဲငပိနဲ့ ပေါင်းချက်လိုက်"

"ဒါဆို စောစောသွားလိုက်မယ်၊ ဝက်လက်မရရင် ဘယ်လိုလုပ်မလဲ"

"ဝက်လက်မရတော့လည်း သူတို့အခန်းမှာပဲ သူတို့စားပစေပေါ့။ ထမင်းထည့်မချက်နဲ့ ထမင်းက သူတို့အခန်းက သူတို့ကို





ယူလာနိုင်းမယ်"

"တော့ စေတနာကလည်း မပြတ်မသားနဲ့"

"ကိုယ်က ... ဟင်းပဲ ... ကျွေးတာ ... မိန်းမလက်ရာ ကျွေးချင်လို့"

"ဒါဆိုလည်း ကြိုပြောမထားနဲ့၊ ဝက်လက်က တစ်ချောင်းပဲရမလား၊ သူများဦးသွားလို့မရဘူးလား မသိသေးဘူး ... ချက်ပြီးမှ ခေါ်သာကျွေးလိုက်"

"အေး ... အဲဒီအကြံ ကောင်းတယ်"

"ကျွန်မတို့သားအမိတွေအတွက် ဝယ်စရာမလိုဘူး။ ကြက်ဥလေးလုံးရှိသေးတယ် ... ပန်းဂေါ်ဖီတစ်ပွင့်လည်း ရှိသေးတယ်"

"ဒါဆိုလည်း မင်းတို့အတွက် ချက်ချင်ရာချက် ကိုယ့်အတွက် ဝက်လက်ရအောင် စောစောသွားလိုက်"

မစိုးတင်လည်း ဈေးမစည်ခင်မှာပင် ဈေးသို့အရောက်သွားသည်။ ဝက်လက်က လူကြိုက်များသည်။

ထင်သည့်အတိုင်းပင် မစိုးတင်ဦးတည်သွားသော ဝက်သားဆိုင်မှာ ဝက်လက်မရှိတော့ဟု သိလိုက်သည်။ ဝက်သားဆိုင်က နှစ်ဆိုင်သာရှိသည်။

တစ်ဆိုင်မှာ ဝက်ခြေတောက်ရော၊ ဝက်လက်ပါ မရှိတော့သည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် နောက်တစ်ဆိုင်သို့ ထွက်ခဲ့သည်။

ထိုဆိုင်မှာ ဝက်သားဝယ်နေသည့် အမျိုးသမီးနှစ်ယောက် ရှိသည်။ ဝက်လက်တစ်ချောင်း ရှိနေသေးသည်ကို တွေ့လိုက်သည်။ နှစ်ချောင်းဝယ်မည့်အကြံအစည် ပျက်သွားရသည်။ ဤတစ်ချောင်းကိုလည်း ရှေ့ကဝယ်နေသော အမျိုးသမီးနှစ်ယောက် မယူပါမှ သူမ ရမည်ဖြစ်သည်။

"အစ်မကြီး ... ရှေ့က ဝက်လက် ချိန်ပေးပါ ... ကျွန်မယူမယ်"

"ရမယ် ... ရမယ် ..."

"အင်း စောစောက ကလေးမတစ်ယောက် ဈေးဆစ်ပြီး မယူဘဲထားခဲ့လို့ ကံကောင်းသွားတာ ဗိုလ်ကြီးကတော်ရေ ... ခဏလေးစောင့် ... ဒီကအစ်မကြီးနဲ့ ဒီကလေးမကို ချိန်ပေးလိုက်ဦးမယ်"

"ရပါတယ် ... ချိန်ပါ"

အမျိုးသမီးကြီးက သုံးထပ်သားလေးဆယ်သားနှင့် ကလီစာ နှစ်ဆယ်သား ချိန်ယူသည်။

နောက်တစ်ယောက်က ပေါင်သားသုံးဆယ်သားဝယ်သည်။ ထိုအချိန် ... ဆိုင်ရှေ့သို့ အသက်နှစ်ဆယ်ခန့် မိန်းကလေး





တစ်ယောက် လက်ဆွဲခြင်းအပြည့်ဆွဲ၍ ရောက်လာပြီး ...

"အစ်မရေ ... စောစောက ဝက်လက်ရှိသေးတယ် ... မဟုတ်လား ... အစ်မပြောတဲ့ဈေးနဲ့ပဲ ဝယ်တော့မယ် ချိန်လိုက်"

"မရတော့ဘူး ... ညီမ ... ဒီဗိုလ်ကတော်က ဝယ်မယ် ဆိုပြီး ဈေးတောင်မမေးဘဲ ချိန်ခိုင်းနေပြီ"

"အို ... ကျွန်မယူမယ့်ဟာ ... ဈေးတောင်မေးပြီး ... ဈေးဆစ်ခဲ့သေးတာပဲ"

"ဟုတ်တယ်လေ ... ဈေးလျှော့မပေးနိုင်ဘူးလည်းဆိုရော ... ထွက်သွားတာ မဟုတ်လား ... ဒါကြောင့် နောက်လာဝယ်တဲ့ လူကို ရောင်းလိုက်တာပေါ့"

"ပါကဲ့ပိုက်ဆံနဲ့ ဝယ်မယ့်ပစ္စည်း လောက်မလောက် ... ချိန်နေရလို့ ... ထွက်သွားတာ အခုအားလုံးဝယ်ပြီး ပိုက်ဆံပိုလို့ လာပြန်ဝယ်တာ ... ကျွန်မယူမယ်လို့ ပြောသွားတာပဲ"

"ဇီတူမက ... ဈေးမေးပြီး ထွက်သွားခဲ့တယ်မဟုတ်လား ... ဒီဗိုလ်ကြီးကတော်က ချိန်ခိုင်းနေပြီ"

"အဒေါ်က ဘာဆိုင်လို့ ဝင်ပြောရတာလဲ"

ပိုက်ဆံရှင်းပြီး ထွက်သွားတော့မည့် ဝက်သားဝယ်နေသည့် အဒေါ်ကြီးက ... မစိုးတင်ဘက်မှ ဝင်ပြောပေးခဲ့သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတွေ့ခြင်း ခံလိုက်ရသည်။

"ကဲပါ ... ညီမရယ် ... ဝက်လက်လိုချင်ရင် မနက်ဖြန် လာခဲ့၊ စောစောလေးလာ ... အစ်မချိန်ထားပေးမယ်၊ အခုတော့ မိုလ်ကြီးကတော်ကို ရောင်းလိုက်ပါရစေ"

"ပေးလိုက် ... ပေးလိုက်၊ အားရပါးရစား၊ ကောင်းကောင်း မြိန်မြိန်ယှက်ယှက်စားကြ"

"အင်း ... ဗိုလ်ကြီးကတော်ရေ ... အဲဒီမိန်းကလေး မကျေမချမ်းနဲ့ ထွက်သွားတဲ့အတွက် အိမ်ရောက်ရင် သတိထားပြီး တော့သာ စားသောက်ပေတော့"

"ဘာဖြစ်လို့လဲအစ်မ"

"အော် ဘာမှမဖြစ်ပါဘူး"

မစိုးတင်လည်း ဝက်လက်ကိုချိန်ပြီး ကျသင့်ငွေပေးချေကာ လိုအပ်သော စားသောက်ဖွယ်အချို့ကိုဝယ်ပြီး ... အလုပ်သမား တန်းလျားသို့ ပြန်ခဲ့သည်။

ထိုအချိန် ဦးအေးမြင့်က လုပ်ငန်းခွင်ဝင်နေပြီး၊ ဦးအေးမြင့် အသက်က သုံးဆယ့်တစ်နှစ် မစိုးတင်အသက်က နှစ်ဆယ့်ငါးနှစ် သာရှိသေးသည်။

နေ့ဆယ့်တစ်နာရီခွဲဆို အလုပ်သိမ်းသည်။ ပစ္စည်းများ သိမ်း





ဆည်းပြီး ဆယ်နှစ်နာရီခန့် ထမင်းစား အသီးသီး ပြန်လာကြသည်။ ညနေနှစ်နာရီ လုပ်ငန်းခွင် ပြန်ဝင်ရသည်။

ကျော်တင့်နှင့် အေးမောင်တို့က ... လမ်းကြိတ်စက်နှင့် ကျောက်သယ်ကားမောင်းသူများဖြစ်သည်။ ဦးအေးမြင့်နှင့် ရင်းနှီး ခင်မင်သည်။

သူတို့အခန်း ဟင်းကောင်းချက်သည့်အခါတိုင်း ဦးအေးမြင့် အတွက် ဟင်းတစ်ပန်းကန် ပို့ပေးနေကျဖြစ်သည်။

မစိုးတင်လည်း ကလေးနှစ်ယောက် ကျောင်းအတွက် စီစဉ် ပေးပြီး ဝက်လက်ကို ခုတ်ထစ်ကာ စတင်ချက်တော့သည်။

လင်ယောကျ်ားစားချင်သည့် ... ပဲငါးပိနှင့် ဝက်လက်ကို ပေါင်းသည်။

မီးပြင်းပြင်းနှင့် ကြာကြာလေးပေါင်းလျှင် နူးမြေ့ပြီး စား၍ အလွန်ကောင်းသည်။ ဆယ့်နှစ်နာရီ ပြန်လာလျှင် အဆင်သင့် စားနိုင်ရန် ချိန်ဆပြီး ချက်ပြုတ်နေသည်။

ထင်းမီးနှင့်ချက်သော မီးဖိုနှစ်ဖို လုပ်ထားသည့်အတွက် ကျန်မီးဖိုမှာ ထမင်းအိုးနှင့် အခြားဟင်းစရာများ တည်လိုက်သည်။

တဖြည်းဖြည်း ဝက်သားနူးအိလာသည်။

ငှန်းနှင့်အသားကို ထိုးကြည့်သည် .. ငှန်းနှင့်သာသာရေ့



www.burmeseclassic.com

www.burmeseclassic.com



မီလိုက်ရုံနှင့် အိုးပြီးစင်းသွားသည်။ ဟင်းကကျက်ပြီ … သို့ကြောင့် ရေသင့်ရုံကျန်ရန် မီးကိုချိန်ပြီး ထင်းလျှော့ထိုးလိုက်သည်။

ယခုပင် စား၍ အနေတော်ဖြစ်နေပြီ၊ မစိုးတင်က ဝက်သား မစားသော်လည်း မြင်ရုံနှင့်ပင် စားကောင်းမည်မှန်း သိသည် … ပဲငပိနှင့် ဝက်သားနံ့လေးကလည်း မွှေးအီနေသည်။

ဆယ့်တစ်နာရီလေးဆယ်ခန့် ဦးအေးမြင့် ရောက်လာသည်။

"မွှေးနေတာပဲ ဝက်သားပဲငပိမဟုတ်လား"

"တော့်အကြိုက် ဝက်လက်ပဲငပိပေါင်းပဲ၊ ကျုပ် ကိုးနာရီ လောက်ကတည်းက တည်ထားတာ"

"အလုပ်က ရေချိုးလာခဲ့တယ် … ခဏနေရင် ထမင်းစား မယ် … ဘယ်လိုလည်း နှစ်ချောင်းရလား"

"မရဘူး တစ်ချောင်းပဲရတယ် … တော်ကျွေးချင်ရင် ခေါ်လိုက်လေ သုံးယောက် ကောင်းကောင်းစားလောက်ပါတယ်"

"အေး ကျော်တင့်နဲ့ကိုယ် အတူတူပြန်လာတာ အေးမောင် ကတော့ ကားကျောက်ချပြီးတာနဲ့ ရောက်လာလိမ့်မယ်"

ထိုစဉ် ကျော်တင့် အပေါ်အင်္ကျီချွတ်ပြီး ရောက်လာသည်။

"ဘယ်လိုလဲ အာစရိ အခြေအနေကောင်းလား"

"မကောင်းတကောင်းပဲ ကျော်တင့်ရေ … ဝက်လက်





တစ်ချောင်းပဲရတော့လို့ တစ်ချောင်းပဲ ချက်ထားတယ်"

"ဒါဆို ဆရာတို့ပဲ စားတော့လေ … အိမ်မှာ ဘာချက်လဲ မသိဘူး … ဟင်းအိုးပြန်လှန်လိုက်ဦးမယ်"

"မင်း … အိမ်က ထမင်းတစ်ပန်းကန်ပဲ ပြန်ယူပြီးရင် ဒီကိုလာလိုက် … မင်းအစ်မက ဝက်သားမစားဘူး။ မင်းနဲ့ငါနဲ့ အေးမောင်နဲ့ ပဲစားမှာ"

"ဆရာ … မဝတဲ့နေဦးမယ်"

"ဝပါတယ် … မင်း … ထမင်းပဲ ပြန်ထည့်ခဲ့"

"ဒီမှာ ဟင်းအိုးလာကြည့်ပါဦးကွ၊ ဝက်လက်တစ်ချောင်း ဘယ်ကုန်မလဲ … ဟင်းအိုးချပြီး ထည့်ရုံပဲ"

"မိန်းမကလည်း ဟင်းကျက်ရင် ချထားရောပေါ့ … ဒါမှ အားရပါးရစားရမှာ အခု … အငွေ့တထောင်းထောင်းနဲ့"

"အရိုးတွေ အသားတွေ ပို့နူးအောင် … ကြာကြာတယ် ထားတာ"

မစိုးတင်က မီးဖိုပေါ်မှ ဟင်းအိုးကိုချလိုက်ပြီး …

ဟင်းပန်းကန်လုံးယူသွားကာ … ဟင်းခပ်ရန် အိုးအဖုံးကို ဖွင့်လိုက်ရာ ဟင်းအိုးထဲမှ အပူငွေ့က မျက်လုံးကိုဟပ်ခနဲ မျက်လုံးပင် မှိတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒွန်းကိုကိုင်ပြီး ... အသားတုံးခပ်ရန် ... အိုးအဖုံးကို ဖွင့်လိုက်စဉ် ...

"ဟင် ... အမယ်လေး"

"ဘာ ... ဘာဖြစ်လို့လဲ"

"ဘာတွေ့လို့လဲ အစ်မ"

အိမ်ခန်းပြန်ပြီး ထမင်းစူးမည်ဟု ခြေလှမ်းပြင်နေသော ကျော်တင့်ကလည်း ဟင်းအိုးမှောက်သည်ထင်ပြီး နောက်ပြန်လှည့် လာသည်။

"လာကြည့်ကြပါဦး မယုံနိုင်ဖွယ်ပဲ"

အငွေ့တထောင်းထောင်းနှင့် မီးဖိုပေါ်မှ ချကာစ ဟင်းရည် ပူပူများ အသားတုံးပူပူများပေါ်မှာ လောက်ကောင်များ စုပြုံတိုးတက် နေသည်။

ခွေးသေကောင်ပုပ်အား လောက်များ ထိုးနေသကဲ့သို့ စုပြုံ တိုးဝှေ့နေသည်ကို တွေ့လိုက်ကြသည်။ အသားတုံးနှင့် အရည် ထဲသို့ ဒွန်းမပါဘဲ လက်ထိုးနှစ်လိုက်လျှင် အသားများ အပူလောင်ပြီး ကျက်ပင် ကျက်သွားနိုင်ချေလည်း ယခုမြင်လိုက်ရသော လောက် များက မပူသည့်အလား တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့တက်နေ ကြသည်။ အပူတဲ့မှာ မပူသည့်အလား ရှိနေကြသည်။





"ဟာ ... ကံသိပေလို့"

"တို့ကို ဘုရားမတာပဲ ... မစားခင်တွေ့လို့ တော်သေး တယ် ... စားပြီး ဗိုက်ထဲရောက်မှ ပိုးလောက်တွေ ဖြစ်သွား ရင်တော့ ... မတွေးဝံ့စရာပဲ"

ထို့နောက် ဟင်းအိုးကိစ္စကို တန်းလျားအတွင်း နေထိုင် ကြသော ဦးအေးမြင့်၏တပည့်များလည်း သတင်းကြားပြီး လာကြည့် ကြသည်။

ဦးအေးမြင့်၏တပည့်များမှာ နယ်စုံက အလုပ် လုပ်ရန်ရောက် ရှိလာကြသလို ... နယ်ခံများလည်းရှိသည်။ နယ်ခံများကတော့ တန်းလျားမှာလာမနေ၊ မိမိအိမ်ကသာ အလုပ်သွား အလုပ်ပြန် နေကြသည်။

"ဟာ ... ဗိုလ်ကြီးတို့ အတော်ကံကောင်းတာပဲ။ အဲ့ဒါ အသေလုပ်လိုက်တာပဲ"

"ဘာဖြစ်လို့လဲ"

"ကြည့်လေ ... ဒီလောက်အပူချိန်မှာတောင် မသေဘဲ အသက်ရှင်နေတယ်ဆိုတော့ လူ့ခန္ဓာကိုယ်ထဲဝင်ရင်၊ ဒီလောက်တွေ မသေဘဲ တစ်ကိုယ်လုံးဖောက်စားကုန်မှာ ကျိန်းသေတယ်"

"ကဲ ... ပေါက်တူးရှိလား ... ပေး ဒီလောက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



နောက်ပက်မှာ ခြေတူးပြီး မြှုပ်ပစ်ရမယ်"

အားလုံး ဝိုင်းပြီးကူညီလုပ်ကိုင်သဖြင့် ခဏအတွင်းမှာပ ဟင်းအိုးထဲကဟင်းများကို မြေမြှုပ်ပြီးဖြစ်သွားသည်။

"အင်း ... ငါးပိရည်နဲ့ပဲ ... ပြီးရတော့မယ်နဲ့တူတယ်"

"ကျွန်မနဲ့ ကလေးတွေအတွက်ချက်ထားတဲ့ ကြက်သားနဲ့ ဘူးသီးဟင်း ရှိပါသေးတယ် ... တော်မတော်သေးပါဘူး"

"ကဲ ဒါဖြင့်လည်း ထည့်ပေးတော့ကွာ"

ထို့နောက် ထမင်းစားရင်း မနက်ပိုင်းက ဈေးမှာဖြစ်ပျက်ခဲ့သည်တို့ကို ပြောပြလိုက်သည်။

ထိုအခါ ... မိမိအခန်း မပြန်သေးသော ဖိုးခင်ဆိုသည့် လူရယ်က ...

"အင်း ... ဗိုလ်ကြီးတို့က၊ ကံသီလို့ ဘာမှမဖြစ်တာ ... ကျွန်တော်က ဒီမှာ လွန်ခဲ့တဲ့ငါးနှစ်လောက်ကတည်းက အလုပ်တာဝန်နဲ့ ရောက်လာခဲ့တယ်၊

"အရင် လမ်းဗိုလ်ကြီးကတည်းကဆိုပါတော့ ... ကျွန်တော် မိန်းမ မရခင်ကတည်းက အလုပ်နားတဲ့အချိန် အလုပ်ပိတ်တဲ့အချိန် အခန်းမှာ ကပ်တယ်လို့ မရှိခဲ့ဘူး၊

ရွာခံသူငယ်ချင်းတွေနောက် လျှောက်လိုက်ပြီး အပျိုလေး





တွေကို နောက်ပိုးတာပေါ့၊ ရောက်တဲ့အိမ်က ကျွေးတဲ့အစာကိုလည်း ငြင်းဘဲ အကုန်စားတာ၊

သူတို့က စေတနာပါလို့ ကျွေးတာဖြစ်ဖြစ်၊ မပါဘဲကျွေးတာ ဖြစ်ဖြစ် စားမှကြိုက်တာ၊ စားမှ သူတို့ကို ခင်တယ်ထင်တာ၊

ဒါကြောင့် စားချင်သည်ဖြစ်စေ၊ မစားချင်သည်ဖြစ်စေ၊ စားရ တော့တာပေါ့၊

အဲ့ဒါ ဘယ်အိမ်က ပညာပြလိုက်တာလဲ မသိပါဘူးဗျာ၊ တစ်ရက်တော့ ဗိုက်က မခံမရပ်နိုင်အောင် နာပြီး ဘာစားစား အစာအိမ်က လက်မခံဘဲ ပြန်ပြီး အံထွက်နေတယ်၊

အဲ့ဒါနဲ့ နောက်ဆုံး အိပ်ရာထဲ လဲတဲ့အထိ ဖြစ်လာတယ် ဆိုပါတော့ ... ဆေးမျိုးစုံ စားလည်းမရဘူး။ နောက်ဆုံး ရေတောင် ဗိုက်က လက်မခံချင်တော့ဘူး၊

ဒါနဲ့ မြို့နယ်ဆေးရုံကို ရောက်တော့တာပဲ၊ ဆေးရုံမှာ ဓာတ်မှန်ရိုက်ကြည့်တော့ အစာအိမ်ထဲမှာ တစ်ခုခုတွေ့တယ်ဆိုပြီး ခွဲစိတ်မှ ဖြစ်မယ်ဆိုပြီး ဆရာဝန်တွေက ဆေးရုံတက်ခိုင်းတယ်၊

ဒါနဲ့ ဆေးဖိုးငါးခုရှာပြီး ဆေးရုံတက်ခဲ့တော့ အစာအိမ်ထဲက ဘာတွေ့မယ်ထင်လဲ"

"အင်း ... ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ငါးလက်မလောက်ရှိတဲ့ ... ဖန်ပုလင်းလေးတစ်လုံး ... ပျက်လာတယ်၊

ဒီပုလင်းကို ဘယ်သူက အစာအိမ်ထဲရောက်အောင် မျိုချပြမလဲ ဗိုလ်ကြီးရယ် စဉ်းစားကြည့်ပါဦး၊

ဆီးသီးကြီးကြီးအရွယ်လောက် မျိုချဖို့ မလွယ်ဘူး ... ဆီးသီးစေ့လောက်ပဲ မျိုချလို့ရမှာ ဒီပုလင်းဆို ဖြစ်နိုင်ပါ့မလား စဉ်းစားသာ ကြည့်ပေတော့၊

ဒီလိုနဲ့ ဆေးရုံတက် ခွဲစိတ်ပြီး ဆေးရုံကဆင်းတော့ တစ်လလောက် အစာမစားဘဲ နေလိုက်ရသေးတယ်၊

ခွဲစိတ်ပြီးပြန်ဆင်းလာတော့ အစာပြန်စားလို့ရတဲ့နောက်ပိုင်း အခြေအနေအားလုံး ပြန်ကောင်းသွားတယ်၊

ဒါပေမဲ့ တစ်နှစ်ကျော်လောက်ရောက်တော့ အရင်ကလိုပဲ ဗိုက်ပြန်နာလာတယ် ... ဘာစားစား အစာတွေပဲ ပြန်အန်ထွက်လာတယ်၊

ဒါနဲ့ အရင်လိုပဲ ရောဂါအဖြစ်က တူတာနဲ့ ဆေးရုံကိုပဲ အားကိုးရတော့တာပေါ့၊ ဓာတ်မှန်ရိုက်ကြည့်လိုက်တော့ ပုလင်းကို တွေ့ရပြန်တယ်၊



အရင်ခွဲစိတ်ပေးတဲ့ဆရာလည်းဖြစ် ... ဒီဒေသမှာ ကျင်လည်နေတဲ့ ဆရာဝန်ဆိုတော့ ဗဟုသုတကလည်း ရှိရဲ့"

"အင်း မောင်ဖိုးခင်ရဲ့ ဝေဒနာက ဒီပုံအတိုင်းဆိုရင် ... နောက်တစ်နှစ်ကျော်ရင် ဒီအရွယ်အတိုင်း ပြန်ဖြစ်လာဦးမှာပဲ ... အပြီးလုပ်ထားတာ ဖြစ်နိုင်တယ်"

"ဘယ်လိုလုပ်ထားတာလဲဆရာ"

"အင်း ... သူတို့အခေါ်ကတော့ ... ဗူးသွင်းတယ်လို့ပဲပြောရမယ် ... အစာထဲကို သူတို့ စီမံထားတဲ့အရာဝတ္ထုကို ဗိုက်ထဲရောက်အောင် ပထမလုပ်မယ် ဗိုက်ထဲရောက်မှ ဖြစ်စေချင်တာ ဖြစ်သွားတာပဲ၊

အချို့က ဆံပင်တွေးကြီးတွေ အချို့က သံတိုသံစတွေ အချို့က ပိုးကောင်မွှားကောင်တွေ ဖြစ်စေတတ်တယ်၊

သောက်တဲ့ရေထဲ စားတဲ့ထမင်းထဲ အမှုံအမွှားပဲဖြစ်ဖြစ် ဖန်တီးပြီးထည့်ထားမယ် ... အဲ့ဒီ အစားအစာ၊ ရေ စားမိသောက်မိတယ်ဆိုရင် သူတို့ဖြစ်စေချင်တဲ့အတိုင်း ဗူးသွင်းခံရပြီပဲ၊

ပညာရှင့်တဲ့ ပညာသည်ဆိုရင် အိမ်မှာနေရင်းကပဲ ဗူးသွင်းလို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်မယ် ... တင်းအိုးထဲမှာ တွေ့တာလည်း သူ့အိမ်ကနေ စီစဉ်တာဖြစ်မယ် ... ကျွန်မဝက်လက်ကို ဝယ်နေတဲ့ အချိန်ကစပြီး သူ့လက်နဲ့တစ်ကြိမ်မှ ထိမသွားဘူး ... သူမရလို့ မကျေမနပ်နဲ့ ထွက်သွားတာပဲ"

"ကဲ ... စောစောက ပုလင်းကိုစွဆက်ပါဦး"

"ဆရာဝန်ကြီးကပြောတယ် ... ခွဲစိတ်လိုက်လို့ တစ်နှစ်ကျော်ရင် ဒီအရွယ် ပုလင်းမျိုး ပြန်ဖြစ်လာဦးမှာပဲတဲ့ ... ဒီတော့ နောက်မခွဲရအောင် ... ဆရာ တစ်ခုစီစဉ်ပေးမယ် ... ခဏလေး နေဦး၊ ဆရာ အခန်းထဲမှာ သွားရှာလိုက်ဦးမယ်"

ဆရာက ဆေးပစ္စည်းနှင့် စာရွက်စာတမ်းများ ဖိုင်များထားသော အခန်းထဲသို့ ဝင်သွားသည်။

ခဏကြာတော့ ဆရာဝန်ကြီး ပြန်ထွက်လာသည်။ လက်ထဲမှာ ပုလင်းလေးတစ်လုံး ပါလာသည်။ ဆရာက ပုလင်းကို စားပွဲပေါ် တင်လိုက်ရင်း ...

"ဒီပုလင်းကို မှတ်မိလား"

"ဟုတ်ကဲ့ ... ပြီးခဲ့တဲ့တစ်ကြိမ်က ဆရာကြီး ခွဲစိတ် ထုတ်ပေးလိုက်တဲ့ ပုလင်းမဟုတ်လားဆရာ"

"အေး ဟုတ်တယ် ... ဆရာလည်း အထူးအဆန်းမို့လို့





သေချာသိမ်းထားခဲ့တာ ... အခုတော့ အသုံးဝင်ပြီပေါ့၊ ကဲ ... ခွဲစိတ်ဖို့ ... ရက်ချိန်းပေးလိုက်မယ်"

"ကျွန်တော်ကို ပြလိုက်တဲ့ ... ဗိုက်ထဲက ထုတ်ထားတဲ့ ပုလင်းကို ခွဲလိုက်ပြီး ဖန်ကွဲသေးသေးလေးကို ပုလင်းလေးပုံစံ ဖြစ်အောင် သွေးခိုင်းလိုက်တယ်၊

ကျွန်တော့်ကို ခွဲစိတ်ပြီး ပုလင်းကို ထုတ်လို့ ... ဆရာ ပြုလုပ်ထားတဲ့ ပုလင်းသေးသေးလေး ... ဘယ်နားမှာ ချုပ်ပေး လိုက်သည် မသိဘူး၊ ဗိုက်ထဲမှာတော့ ... ထည့်ချုပ်ပေး လိုက်တယ်၊

အဲ့ဒီအချိန်ကစပြီး အခုသုံးနှစ်တောင်ကျော်ပြီ ... ရောဂါ ပြန်မဖြစ်တော့ဘူး၊

ဒီမှာ ကျွန်တော့်ဗိုက်ကို ကြည့်ပါလား ... နှစ်ကြိမ်ခွဲထားတဲ့ ချုပ်ရိုးရာ၊

နောက်ကို ဘာပဲလုပ်လုပ် ... သတိထား ပြောဆိုဆက်ဆံ ပေတော့ ဗိုလ်ကြီးကတော်ရေ"

ထို့နောက်ပိုင်းတော့ မစိုးတင်လည်း ဈေးဝယ်ရာတွင် ဈေး မဆစ်တော့ဘဲ ပြောသည့်ဈေးအတိုင်းသာဝယ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့် မည်သူနှင့်မှ ပြဿနာမဖြစ်တော့ဘဲ၊ အေးချမ်းပြေပြေ ရှိနေခဲ့သည်။

❖❖❖❖❖❖❖

ဦးအေးမြင့် ဒေါ်စိုးတင်တို့မှာ သားနှစ်ယောက်အပြင် သမီးလေးတစ်ယောက်ပါ တိုးလာခဲ့သည်။

မွေးမွေးချင်း ခုနစ်ပေါင် သုံးအောင်စရှိကာ တဖြည်းဖြည်း ဖွံ့ထွားလာသည်။ မိခင်နို့ထွက်ကောင်းသဖြင့် ကလေးက တရှိန်ထိုး တိုးတက်လာသည်။

ရှေ့လဆိုလျှင် လွတ်လပ်ရေးနေ့သို့ ရောက်မည်။ ထိုအခါ မိခင်နှင့် ကလေးအဖွဲ့ကြီးက ဦးဆောင်ပြီး ကျင်းပပေးသော ကလေးပြိုင်ပွဲရှိသည်။

ကလေးမိခင်များ ဝင်ပြိုင်ရန် စာရင်းပေးနေကြသည်။

"ဗိုလ်ကြီးကတော် ကလေးက ဖွံ့ဖွံ့ထွားထွားကြီး ပြိုင်ပွဲမှာ ဝင်ပြိုင်ရင် ပထမရမှာသေချာတယ်"

"ဟုတ်တယ် ပြိုင်ပွဲမှာ စာရင်းပေးထားတဲ့ ကလေးတွေထဲမှာ တစ်ပြေးနေတဲ့ကလေးက ဗိုလ်ကြီးကတော်ရဲ့ သမီးလေးလောက် မဖွံ့ထွားဘူး"





ကလေးမိခင် အမျိုးသမီးများ ပြောနေသည့်စကားကို အလုပ်သွားရန် ပြင်ဆင်နေသည့် ဦးအေးမြင့် ကြားနေရသည်။

"ဟဲ့ ... ကိုယ့်ကလေး ကျန်းကျန်းမာမာ ရှိနေတာကို ကြည့်ပြီး ပျော်ပျော်သာနေစမ်းပါ မိန်းမရာ ... လျှောက်ပြီး ပြိုင်မနေပါနဲ့"

ဦးအေးမြင့် မလုပ်စေချင်၍ ထိုစကားပြောပြီး အလုပ်လုပ်ရန် ထွက်သွားသည်။

ဒါပေမဲ့ ကလေးမိခင်များ၏ အဆွယ်ကောင်းမှုကြောင့် မိခင်နှင့်ကလေးအဖွဲ့မှ သားဖွားဆရာများထံသွားပြီး စာရင်းပေးကြသည်။

ဝင်ပြိုင်မည့် ကလေးများကို ကျန်းမာရေး စစ်ဆေးသည်၊ ပေါင်ချိန်ကြသည်။

ပေါင်ချိန်လိုက်သည်နှင့် စာရင်းမှတ်နေသော ဆရာမက ... မစိုးတင့်၏ ကလေးကိုကြည့်ပြီး သဘောကျနေသည်။ ထိုအခါ အနီးမှာ ဝိုင်းကြည့်နေသော ကလေးမိခင်များက ...

"အစ်မရဲ့ကလေးကတော့ ပထမရမှာ ကျိန်းသေပဲ"

"ဟုတ်တယ် ... ဟို ... ပထမရမယ်လို့ တစ်ပြေးနေတဲ့ ကလေးထက် ဗိုလ်ကြီးကတော်ရဲ့ သမီးလေးက နှစ်အောင်စ


www.burmeseclassic.com

www.burmeseclassic.com



ဝိုတယ်"

သူတို့ကတော့ ဆုမရနိုင်မှန်း သိပေမဲ့ ပြိုင်ပွဲဝင်သူ ကလေးတိုင်း အနီးပိတ်နှင့်၊ နို့မှုန့်ဘူး အလကားရမည်ဖြစ်သဖြင့် ဝင်ပြိုင်ကြခြင်းဖြစ်သည်။

ထိုနေ့က အင်္ဂါနေ့ဖြစ်သည်။ သန်ဘက်ခါ ကြာသပတေးလွတ်လပ်ရေးနေ့ဖြစ်သည်။ အိမ်သို့ပြန်ရောက်သည်နှင့် ကလေးက မျက်နှာမသာမယာဖြစ်ကာ နို့မစို့တော့ ကိုယ်ကလည်း ပူချင်သလိုလိုဖြစ်လာသည်။

ဗုဒ္ဓဟူးနေ့တစ်နေ့လုံး ကလေးက နို့တိုက်လည်း နို့မစို့တော့ ငိုလို့သာနေသည်။ ညနေပိုင်းရောက်တော့ ကလေးက အတော်လေး ချောင်ကျသွားသည်။

အလုပ်ကပြန်လာသော ဦးအေးမြင့်လည်း အခြေအနေကို သိလိုက်သည်နှင့် ...

"မင်းတို့ကွာ ဆုရတော့ ဘယ်လောက်ရမှာမို့လဲ ... ကလေးများလို့ ကုရမှာက နှစ်ဆ၊ သုံးဆ ပိုကုန်ဦးမယ်၊

ဒီနယ်ဒေသတွေမှာ ကိုယ်က ရှာခံမဟုတ်ဘူး၊ သူတို့နဲ့ ဖက်ပြီးပြိုင်ရအောင် ဘာပညာမှလည်း တတ်တာမဟုတ်ဘူး .. ဒီတော့ ညှိသည်က ညှိသည်လို နေမှကောင်းမယ်"





"ကျွန်မလည်း အများက ဝိုင်းအားပေးတာနဲ့ ကိုယ့်ကလေးအတွက် ဂုဏ်ယူပြီး ဝင်ပြိုင်မိတာပါ"

"မြှောက်ပေးရင် ကြွက်တက်အောင်ကတယ်ဆိုတဲ့ စကားလို မင်းအဖြစ်က တူနေပြီ ... ကဲ ... အချိန်ရှိတုန်း ကျန်းမာရေးမှူးဆီသွားပြီး ဝင်မပြိုင်တော့ဘူးလို့ သွားပြောလိုက်၊

သူတို့မေးရင်လည်း ကလေးနေမကောင်းလို့၊ အစားမဝင်လို့ ဝင်မပြိုင်တော့တာလို့ ရှင်းပြလိုက်"

သို့ဖြင့် မစိုးတင်လည်း ဆေးပေးခန်းသို့ အချိန်မီအရောက်သွားပြီး ကလေးကို ဆေးခန်းပြကာ စာရင်းသွင်းထားသည်ကို ပယ်ဖျက်ခိုင်းလိုက်သည်။

ကလေးကို ပြိုင်ပွဲဝင်ရမည့် အခြေအနေမှ ကောက်ကာငင်ကာ ဆေးခန်းပြရသည့် အခြေအနေသို့ ရောက်ခဲ့သည့်အတွက် ဆရာ၊ ဆရာမများကလည်း ပြိုင်ပွဲဝင်စာရင်းမှ ပယ်ဖျက်ပေးခဲ့သည်။

လွတ်လပ်ရေးနေ့ ကလေးပြိုင်ပွဲက စည်းကားစွာ ပြီးဆုံးသွားသည်။ မစိုးတင်လည်း ထိုပြိုင်ပွဲမှာ ဝင်မပြိုင်ဖြစ်ခဲ့သည့်အတွက် စိတ်ထဲမှာပေါ့သလို ခံစားရသည်။

ထူးခြားမှုကို တွေ့ရသည်။ ညနေရောက်တော့ ကလေး နို့ပြန်စို့သည်။ နောက်ပိုင်း နို့ကို ပုံမှန်ပြန်စို့သည့်အတွက် ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရောက်သည်နှင့် မူလခန္ဓာကိုယ်အရှယ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထို့နောက်ပိုင်း ဦးအေးမြင့်အား ခန္တီးမှ ရန်ကုန်သို့ အလုပ်တာဝန်နှင့် ပြောင်းရွှေ့ပေးခဲ့ရာ ရန်ကင်းမြို့နယ် အေတက်လုပ်ရေးရုံးမှ တာဝန်ချထားခြင်း ခံရသည်။

တစ်ရက် မိတ်ဆွေ ဦးအေးမြင့်နှင့် ဆုံးမိကြရင်း လက်ဖက်ရည်ဆိုင်မှာထိုင်ကာ သူ၏ ခန္တီးအတွေ့အကြုံများကို ပြောပြခဲ့သည့်အတွက် ဗဟုသုတအဖြစ် ရေးပြလိုက်ပါသည်။



# ၃၆ ဗိုက်ပူပေါ်မှာ ထြုံ့တဲ့သရဲ

တစ်ရက် အုံမြောက်ပိုင်းမြို့နယ်ရှိ ကုန်ပဒေသာမှတ်တိုင်တွင် ဦးအေးလွင်နှင့် ဆုံလိုက်သဖြင့် မှတ်တိုင်အနီးမှာ ဖွင့်ထားသည့် မဟာရန်ကုန် လက်ဖက်ရည်ဆိုင်အတွင်းသို့ နှစ်ယောက်သား ဝင်ခဲ့ကြသည်။

ဦးအေးလွင်က လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က ၃၆ ဘတ်စ်ဗိုက်ပူကားမောင်းခဲ့သည်။ ဗိုက်ပူကားများ မသိမ်းခင် ရှစ်နှစ်ခန့်က ကားချင်းပွတ်တိုက်မှု ကားလုမောင်းမှုနှင့် လိုင်စင်ပိတ်သိမ်းခြင်း ခံလိုက်ရသည်။

အမှုပြီးသည်အထိ သိမ်းထားမည်။ အမှုအကြီးအသေးပေါ်မူတည်၍ လိုင်စင်ပြန်ပေးမည်ဟု ဆိုသည်။ အမှုက ဒဏ်ငွေဖြီး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရန်အမိန့်ချပြီး လိုင်စင်ပြန်လျှောက်ရမည်ဟု ဆိုလာသည့်အတွက် လိုင်စင်ပြန်မလျှောက်တော့ဘဲ၊ ကားမောင်းခြင်းကို ထာဝရ စွန့်လွှတ်ခဲ့သည်။

သားဖြစ်သူ ဟိန်းစိုးနှင့် သမက်ဖြစ်သူ အောင်စိုးဦးတို့ကတော့ လိုင်းကားလောကထဲမှာ ဒရိုင်ဘာများအဖြစ် ဆက်လက်ရှိနေခဲ့သည်။

ဟိန်းစိုးက ၃၆ ဘတ်(စ်)ကား၊ အောင်စိုးဦးက ၃၁ ဘတ်(စ်)ကားကို မောင်းကြသည်။ ယခု ဘတ်(စ်)ကားများ သိမ်းဆည်းလိုက်ပြီး ထိုလိုင်းနေရာမှာ မေတ္တာလိုင်း(၁)က အစားဝင်လာသည်။ ဟိန်းစိုးနှင့် အောင်စိုးဦးတို့က ဘီအမ်ကားလိုင်းသို့ ပြောင်းရွှေ့မောင်းခဲ့ကြသည်။

ဦးအေးလွင်နှင့် လက်ဖက်ရည်ဆိုင်ဝင်ထိုင်ကြရင်း ပေါ့သိမ့်နှင့် ပလိန်းတစ်ခွက်စီ မှာလိုက်ကြသည်။

ယခု သူက ဆောက်လုပ်ရေးကန်ထရိုက်၏ လက်ထောက် လုပ်ငန်းကြီးကြပ်တာဝန်ခံအဖြစ် လုပ်ကိုင်နေကြောင်း ပြောပြသည်။

ဦးအေးလွင်က ကျွန်တော့်ထက် အသက်ဆယ့်ငါးနှစ်ခန့် ကြီးသည်။ ထို့ကြောင့် ကျွန်တော်က သူ့အား အစ်ကိုကြီးဟု ခေါ်ခဲ့သလို သူက ကျွန်တော့်အား ရင်းနှီးမှုရှိခဲ့သည့်အတိုင်း မင်းနှင့်





ငါဟုသာ ခေါ်ပြောဆက်ဆံခဲ့သည်။

သူနှင့်ကျွန်တော်တို့ လွန်ခဲ့သော ခြောက်နှစ်ခန့်က အိမ်နီးချင်းအဖြစ် ဆုံခဲ့ရာက ခင်မင်ခဲ့ခြင်းဖြစ်သည်။

သုံးနှစ်ခန့် လက်ဖက်ရည်ထိုင်ဖော်ထိုင်ဖက်ဖြစ်ရာက သူတို့ မိသားစု အိမ်ပြောင်းသွားသည်။

သို့ကြောင့် တစ်ဦးနှင့်တစ်ဦး မတွေ့ခဲ့သည်မှာ သုံးနှစ်နီးပါးခန့်ပင်ရှိခဲ့ပြီ။

"ငါတို့ မဆုံဖြစ်ပေမဲ့ မင်းသတင်း ကြားတယ် ... ရုပ်ပြ မရေးတော့ဘဲ၊ သရဲဇာတ်လမ်းတွေ ရေးနေတယ်ဆို ဟုတ်လား"

"ကျွန်တော် အရင်ရုပ်ပြရေးကတည်းက ဂမ္ဘီရဇာတ်လမ်းတွေ ရေးရင်း ကိုယ်တိုင်သရုပ်ဖော်ခဲ့တာ၊ အခု ဂမ္ဘီရနဲ့ ဆက်နွှယ်တဲ့ သရဲဇာတ်လမ်းတွေ ပြောင်းရေးတော့၊ အခက်အခဲသိပ်မရှိပါဘူး၊ ရုပ်ပြခေတ်ကလည်း ခေတ်မရှိသလို ဖြစ်သွားတယ်။ ကာလေး ရုပ်ပြကာတွန်းတွေလောက်ပဲ ကျန်တော့တယ်။ ဒါနဲ့ အစ်ကိုကြီး သရဲခြောက်တာ ခံရဘူးလား၊ ကြားဖူးတာရောရှိလား စဉ်းစား ကြည့်စမ်းပါလား"

"အင်း ... စဉ်းစားလိုက်ဦးမယ်"

"စဉ်းစားစမ်းပါ ... အကြောင်းအရာလေးတစ်ခုလောက်



www.burmeseclassic.com

www.burmeseclassic.com

သိရရင် တတ်တစ်ပုဒ်တော့ ရနိုင်တယ်"

"ဟာ ဟုတ်ပြီ ... သတိရပြီ ကားမောင်းစဉ်က နှစ်ကြိမ်သရဲ့ ကြုံဖူးတယ် ... ခြောက်တာလှန့်တာတော့ မဟုတ်ဘူးကွ။ ကားလိုက်စီးတာ၊ အင်း ... သတိရပြီ။ ဝို့လိုပဲ ဝို့သူငယ်ချင်းတစ်ယောက် ကားကိုလည်း ကားစီးဖူးတယ်"

"ဟာ ကောင်းတာပေါ့ ... ကဲ ... ပြောပြ"

ဦးအေးလွင်လည်း သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသော သရဲအကြောင်းကို စတင်ပြောပြပါတော့သည်။

❖❖❖❖❖❖❖

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၃)ရပ်ကွက် ဂတ်(စ်)ထည့်သည့်ဆိုင်မှာ ညနေစောစောကတည်းက ကားကိုတန်းစီထားသဖြင့် ညဆယ်နာရီမထိုးခင် ဂတ်(စ်)ဖြည့်၍ ပြီးစီးခဲ့သည်။

ဒါတိုင်း လိုင်းချိန်နောက်ဆုံးအခေါက်ပြီးမှ ဝင်ပြီး တန်းစီထားလျှင် မနက် ၃ နာရီ ၄ နာရီမှ အလှည့်ရောက်သည်။ ထိုအခါမျိုးဆိုလည်း လူစောင့်ငှားပြီး ဂတ်(စ်)ထည့်ရသည်။

ယခု ဆယ်နာရီခန့် ဂတ်(စ်)ဖြည့်ပြီးသည့်အတွက် ဂိတ်သို့ပြန်မောင်းကာ မနက်စောစောအလှည့်ကျဂိတ်မှ ထွက်နိုင်ရန် ... ၁၃၃ ရပ်ကွက်၊ (၃၆) ဘတ်(စ်) အစိမ်းဂိတ်ရင်းသို့ ပြန်မောင်းလာခဲ့





သည်။ ဦးအေးလွင်တို့အိမ်က ၁၂၅ ရပ်ကွက်မှာ ရှိသည်။ ကားဂိတ်၏ အရှေ့ဘက်ရပ်ကွက်ဖြစ်သည်။

အိမ်နှင့် ဂိတ်ကလည်း သိပ်မဝေး၊ ဂိတ်၏ အနောက်ဘက်ရပ်ကွက်က (၁၃၃) ရပ်ကွက်ဖြစ်သည်။ ညနေက စပါယ်ယာမြဝင်းအား ဂတ်(စ်)စောင့်ထုတ်ခိုင်းမည် စိတ်ကူးသည်။ မြဝင်းက (၁၅၆) ရပ်ကွက်မှာနေသည်။ သူ့ကလေး ဆေးခန်းပြစရာကိစ္စပေါ်လာသည့်အတွက် ဦးအေးလွင်ကိုယ်တိုင် ဂတ်(စ်) လာထုတ်ခြင်းဖြစ်သည်။

ကားကို ကျန်စစ်သားလမ်းအတိုင်း ပြန်မောင်းလာခဲ့ပြီးဘုန်းကြီးကျောင်းကွေ့လမ်းဆုံသို့အရောက် (၁၃၃)သို့ သွားရန်ကားခေါင်းကို တည်လိုက်သည်။

ဘုန်းကြီးကျောင်းကွေ့လမ်းဆုံမှာ လိုင်းကားအတော်များများညအိပ်ရပ်နားထားကြသည်။ လမ်းပေါ်မှာ လူဟူ၍ မရှိတော့။

လိုင်းကားများလည်း မထွက်ကြတော့၊ တက္ကစီတချို့သာသွားလာနေကြသည်။ ဦးအေးလွင် ကားကို ဆက်မောင်းလာရာတက္ကသိုလ်မုဒ်ဝရှေ့မှတ်တိုင်အနီးသို့ ရောက်လာသည်။

ထိုမှတ်တိုင်မှာ အသက်လေးဆယ်နီးပါးရှိ လူတစ်ယောက်ကားကို တားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအေးလွင်က ကားကို ရပ်ပေးလိုက်သည်။

"ဘယ်သွားမလို့လဲ"

"ရပ်ကွက်ထိပ်ကို လိုက်ချင်လို့"

"လာ ... တက်"

ရပ်ကွက်ထိပ်မှတ်တိုင်က (၁၃၃) ရပ်ကွက်အဝင် မှတ်တိုင်ကို ခေါ်ခြင်းဖြစ်သည်။

ထိုလူက ဒရိုင်ဘာနောက်ဘက် အတက်အဆင်းအပေါက် ဘေးထိုင်ခုံမှာထိုင်ပြီး သူ့လက်ထဲမှာ အသင့်ကိုင်ထားသည့် ပိုက်ဆံကို လှမ်းပေးနေသည်။

ဦးအေးလွင်က သူပေးသော နှစ်ရာတန်ပိုက်ဆံကို လှမ်းယူလိုက်သည်။

စောစောပိုင်းက ကားခပိုက်ဆံ မတောင်းတော့ဟု စိတ်ပိုင်းဖြတ်ထားသည်။ ယခု မတောင်းဘဲလှမ်းပေးနေသဖြင့် ယူလိုက်သည်။

"ဆရာကြီး ... ပြန်အမ်းဖို့ တစ်ရာမပါဘူး။ ဂတ်(စ်)ဆိုင်မှာ အကြွေတွေ ကုန်ခဲ့တယ်"

"ဟာ ဒီနှစ်ရာလုံး ယူလိုက်ပါ။ ဒီအချိန်ဆို နှစ်ရာမကတန်ပါတယ်"





နေ့ခင်းကားခက (၁၃၃)ဂိတ်ရင်းမှ ၇/၈ လမ်းဆုံ (၅၀)ကျပ်၊ ၇/၈ လမ်းဆုံမှ ဘောလီ (၅၀)ကျပ်၊ ဘောလီမှ စံပြဈေး(၅၀)ကျပ် ကျသောအချိန်ဖြစ်သည်။ ညကြီးပိုင်းရောက်လျှင် တစ်ဖြတ်ကို (၁၀၀)ကျပ် ယူသည်။ ယခု နှစ်ရာတန်ကို ပြန်အမ်းရန် ပိုက်ဆံက အိတ်ထဲမှာ ငါးရာတန် နှစ်ရွက်သာရှိသည်။

ထိုလူက ကျေကျေနပ်နပ်ပြောပြီး ပေးနေသည့်အတွက် ပိုက်ဆံအိတ်ထဲထည့်ပြီး မောင်းလာခဲ့သည်။

တစ်ဦးနှင့်တစ်ဦး အနီးကပ်မဟုတ်သဖြင့် စကားမပြောဖြစ်၊ သူပေးသောနှစ်ရာတန်ကို ကားဂိတ်ရောက်လျှင် လက်ဖက်ရည်တစ်ခွက်နှင့် စီးကရက်သုံးလိပ်ရသည်။

ဒဂုံအရှေ့ပိုင်း မီတာရုံး လွန်သည်နှင့် (၁၃၃) နားနီးလျှင် အရှေ့ပိုင်းမြို့နယ်၏ ရုံးများရှိသော စုပေါင်းရုံးမှတ်တိုင်ရှိသည်။

ကားကို ဆက်လက်မောင်းထွက်လာရာ လမ်းသစ်လမ်း မှတ်တိုင်မှာ ယောကျ်ားတစ်ယောက်၊ အမျိုးသမီးတစ်ယောက်နှင့် ကလေးမလေးတစ်ယောက်တို့ ကားမီးရောင်အောက်မှာ လက်ပြပြီး ကားကို တားနေသည်။

ထိုလမ်းသစ်လမ်းက ဒဂုံအရှေ့ပိုင်းမှ စက်မှုဇုံကိုဖြတ်ကာ ဒဂုံတောင်ပိုင်းအထိ သွားနိုင်သော လမ်းဖြစ်သည်။ ယခု [illegible]ားစု



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်က ဒဂုံတောင်ပိုင်းမြို့နယ်မှ လာသူများဟု ထင်လိုက်သည်။

ကားကို ရပ်ပေးလိုက်သည်။

"ဟာ ... ကျွန်တော့်မိတ်ဆွေတွေပဲ၊ လာ ... ကားပေါ်တက်ကြ"

ကားနောက်ဘက်အပေါက်မှ ခိုတွယ်လာကြသည် ... ရှေ့မှာထိုင်သူက နောက်ခုံများရှိရာသို့ ထသွားပြီး ...

"နောက်ကျလှချည်းလား"

"နောက်ကျဆို စားစရာလှည့်ပတ်ရှာနေလို့ အခုမှပဲ ဒီကိုပြန်ရောက်တယ်"

"ကဲ ကားပေါ်ရောက်ပြီ ကားခပေးလိုက်ကြဦး"

"အော် ဟုတ်ပါရဲ့"

ယောက်ျားဖြစ်သူက သတိပေးလိုက်မှ ဇနီးဖြစ်သူက သတိရသွားသည့်ဟန်ဖြင့် နှစ်ရာတန်တစ်ရွက်ကို ဦးအေးလွင် ထိုင်နေရာသို့လာ၍ ပေးသည့်အတွက် ယူထားလိုက်သည်။

သုံးယောက်ကို နှစ်ရာပေးစီးသည့်အတွက် အကြွေအကြောင်းပြောမနေတော့ ကားက ဆက်လက်ထွက်လာခဲ့သည်။ သူတို့အုပ်စုကားနောက်ပေါက်အနီးရှိ ထိုင်ခုံမှထိုင်ရင်း စကားတွေ ပြောနေ





ကြသည်။

အားလုံး ရပ်ကွက်ထိပ်မှာပင် ... ဆင်းကြမည် ဖြစ်သည့်အတွက် ဘာမှမမေးတော့ဘဲ ဦးအေးလွင်လည်း စိတ်အေးလက်အေးရှေ့ကိုကြည့်ပြီး မောင်းလာခဲ့သည်။

"ရှေ့မှတ်တိုင် ပါတယ်ဗျို့"

"ရပ်ပေးမယ် ... ရပ်ကွက်ထိပ်ရောက်ဖို့ နည်းနည်းလိုသေးတယ်"

သူတို့ပြောသည့်နေရာနှင့် မှတ်တိုင်က ... ကိုက်နှစ်ဆယ်လောက် လိုသေးသည့်အတွက် ... မှတ်တိုင်ကို ရောက်သည်နှင့်ရပ်ပေးလိုက်သည်။

"ဟင် ..."

ကားရပ်ပြီးပြီးချင်း နောက်ကြည့်မှန်မှ ကြည့်လိုက်သည်။ တစ်ယောက်မှမရှိတော့ စောစောက ပြောပြီးပြီးချင်း ခုန်ချလိုက်သည်လား မဖြစ်နိုင်။

မိန်းမလည်း ပါသည်။ ကလေးလည်း ပါသည်။ ကားအရှိန်မသတ်ခင် ဆင်းနိုင်မည်မဟုတ်။

ကားအပေါ်မှ မီးလုံးများ ထွန်းမထား၊ ဒရိုင်ဘာနောက်[illegible] အတက်အဆင်းမှာ ထွန်းထားသည့် မီးလုံးအလင်းရောင်သာ[illegible]ည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဦးအေးလွင် အမှတ်တမဲ့ ဖြစ်သွားသည်။

ရပ်ကွက်ထိပ်လမ်းထဲလည်း ဆင်းသွားသည်ကို မတွေ့၊ ဘေးနှစ်ဘက်ကို လျှောက်လာကြသည်ကိုလည်း မတွေ့ ... ကား့နောက်ဘက်ရှိ ကားလမ်းပေါ်မှာလည်း လူမရှိ။

"အင်း ဒီလူသုံးယောက်နဲ့ ကလေးမလေးက လူတွေမှ ဟုတ်ရဲ့လား"

ဇဝေဇဝါတွေးပြီး ကားမောင်းထွက်ခဲ့သည်။ ကျော်ကြားထိပ်ရောက်တော့ လက်ဖက်ရည်ဆိုင်အတွင်းမှ လူများ စုပြုံထွက်လာသည်ကို မြင်လိုက်သည်။

ဆိုင်အတွင်းမှာပြသော ဗီဒီယိုကား ပြီးသွားသည့်အတွက် ထွက်လာခြင်းဖြစ်သည်။

ဦးအေးလွင်သည် ဂတ်(စ်)ဆိုင်မှာ ကားစောင့်ရင်း ... ဆိုင်ထမင်း ဝယ်စားထားပြီးပြီဖြစ်သည့်အတွက် ... အိမ်မပြန်ခင် လက်ဖက်ရည် သောက်သွားရန် စိတ်ကူးနှင့် လူရှင်းသွားသည့် ဆိုင်အတွင်းသို့ ကားပေါ်မှ ဆင်းကာ ဝင်ခဲ့သည်။

ပလိန်းတစ်ခွက်နှင့် ဆေးလိပ် ချိုင်းလိုက်သည်။

ကော်ဖီမစ်ကို အမြန်ဖျော်သောက်လိုက်ပြီး ပိုက်ဆံရှင်းရန် အိတ်ကပ်ထဲမှ နှစ်ရာတန်နှစ်ရွက်ကို ထုတ်ယူလိုက်သည်။





"ဟင် ... မဟုတ်သေးပါဘူး"

လက်ထဲပါလာသည်က နှစ်ရာတန်များမဟုတ်ဘဲ သတင်းစာစက္ကူအဟောင်းပြတ်လေးနှစ်ရွက် ပါလာသည်။

သေချာအောင် အိတ်ကပ်ထဲမှာ ရှိသမျှအားလုံး ထုတ်ယူလိုက်သည်။ ဂတ်(စ်)ဆိုင်မှအပြန် ပိုငွေ ငါးရာတန်နှစ်ရွက်ထဲ ပါလာသည်။ နှစ်ရာတန်နှစ်ရွက်နှင့်တူတာဆို၍ ဘာမှပါမလာ။

"ဒီအတိုင်းဆို ငါ့ကားပေါ်မှာ ပါလာတဲ့ လေးယောက်လုံး သရဲတွေပဲဖြစ်မယ်။ ကားခကို သတင်းစာစက္ကူတွေနဲ့ ဖန်ဆင်းပြီး ပေးသွားတာပဲ။ ပေးတုန်းက နှစ်ရာတန်တွေ အခု စက္ကူတွေ ဖြစ်ကုန်ပြီ၊

ဟူး ... ငါ့မှာ ပိုက်ဆံအပိုပါလို့ တော်သေးတယ်။ သူတို့ ပိုက်ဆံကို အားကိုးပြီး ထိုင်မိလို့ကတော့ သောက်ရှက်ကွဲပြီပဲ၊

ရပ်ကွက်ထိပ်နားမှာ အကုန်ဆင်းသွားတာဆိုတော့ အဲဒီနားမှာနေတဲ့ သရဲတွေပဲဖြစ်မယ်"

ထို့နောက် သရဲအကြောင်း စဉ်းစားမနေတော့ဘဲ၊ ကားပေါ်တက်ကာ ဂိတ်ဆီသို့ ဆက်မောင်းခဲ့သည်။ ဂိတ်မှာ လာထိုးထားသော ကားငါးစီးခန့် ရှိနေသည်။

ဂတ်(စ်)အခက်အခဲကြောင့် ကားဂိတ်မှာ ကားနည်းနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မနက်ပိုင်းဆိုလျှင် ဂိတ်မှာ ကားတွေ ပြည့်နေမည်ဖြစ်သည်။ အချို့က ကားပေါ်မှာ အိပ်နေကြသည်။ အချို့ကတော့ အိမ်နီးလျှင် ပြန်အိပ်ကြသည်။

ဦးအေးလွင်လည်း ကားကို ဂိတ်ထိုးပြီး ယူစရာရှိသည်တို့ကိုယူကာ အိမ်သို့ပြန်ခဲ့သည်။ အိမ်က ကားဂိတ်နှင့် သိပ်မဝေးသော (၁၂၅) ရပ်ကွက်မှာရှိသည်။

အိမ်သို့ ဆယ်မိနစ်ပင် မလျှောက်လိုက်ရ၊ အိမ်မှာ အားလုံးအိပ်နေကြပြီ ဖြစ်သည့်အတွက် ခဏမျှထိုင်ကာ အိပ်ရာဝင်၍ အိပ်လိုက်တော့သည်။

ထို့နောက်ပိုင်း ဦးအေးလွင်က ဆက်၍ ပြောပြန်သည်။ သူကားမောင်းလိုင်စင် အသိမ်းခံရပြီး ကားမမောင်းဖြစ်သော်လည်း လိုင်းအတွင်း သားဖြစ်သူလည်းရှိ၊ မိတ်ဆွေအများလည်းရှိသည်ကြောင့် အားသည့်အချိန် ဂိတ်သို့ မကြာခဏ ရောက်ဖြစ်သည်။

သူသရဲနှင့် ကြုံခဲ့ပြီး နောက်သုံးနှစ်ခန့်အကြာ မိတ်ဆွေဖြစ်သော ဦးဘဲဥနှင့် ဆိုင်ထိုင်ကြသည်။ ညက (၇/၈) လမ်းဆုံမှ ညကိုးနာရီခန့် ကားမောင်း၍ ပြန်လာခဲ့သည်။ ကားပေါ်မှာ ခရီးသည်မပါ စပါယ်ယာသာ ပါခဲ့သည်။ ဦးဘဲဥက ကားမောင်းလာသည်။





တက္ကသိုလ်မုဒ်ဝမှတ်တိုင်လွန်ပြီး၊ မိတာရုံးမှတ်တိုင်အကျော် ဒဂုံတက္ကသိုလ်သို့သွားသည့် ရထားလမ်းဆုံအနီးမှာဗိုက်ကြီးသည် တစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက်တို့ ကားကို တားနေကြသည်။

ကားကို ရပ်လိုက်စဉ် စပါယ်ယာက မကျေမနပ်နှင့် ထအော်ပါသည်။

"အဘိုးကြီးကလည်း မိန်းမတွေကားရပ်မိုင်းရင် ရပ်တော့တာပဲ ဗိုက်ဆာပြီဗျ"

(၃၆)အဝါဂိတ်မှ လိုင်းသိမ်းပြီး မနက်ဖြန် အစိမ်းလိုင်းကို ဝင်ရမည်ဖြစ်၍ (၁၃၃)ရှိ အစိမ်းဂိတ်မှာ ဂိတ်ထိုးရန် မောင်းလာခြင်းဖြစ်သည်။ သူတို့အိမ်က (၁၂၅)ရပ်ကွက်မှာရှိသည်။

"ကဲ ... အဒေါ်ကြီးတို့ ဘယ်သွားမှာလဲ လိုင်းကားမဟုတ်ဘူးနော်"

"သိပါတယ်ကွယ် ... အရေးကြီးလို့ပါ ... အဒေါ်သမီးမွေးကာနီး ဗွားကာနီး ဆိုက်ကားလည်း မရှိ ကားလည်းရှာမရလို့ လိုင်းကားများ လာလိုလာငြား စောင့်နေတာပါ"

"သူ့ယောက်ျားက မပါဘဲ မိန်းမကြီးပဲ လာရလား၊ တက်လို့ရလား ... ရရင်တက်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... ရတယ်"

ဒါရှေ့ပိုင်းဆေးရုံအသစ်ဆောက်ထားသည်မှာ တစ်နှစ်ပင် မကြာသေး၊ ရုံးပေါင်းစုံ မှတ်တိုင်မရောက်ခင် ဆေးရုံမှတ်တိုင်ဖြစ်၍ လမ်းကြုံသည့်အတွက် တက်စီးပြီး ကားကို မောင်းထွက်ခဲ့သည်။

"ကဲ အဘိုးကြီးရေ ... ဗိုက်ကြီးသည်ပါလာတယ် ကားကို မှန်မှန်သာ မောင်းဘော့ ... တော်ကြာ ကားပေါ်မှာ မွေးနေလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

စပါယ်ယာညွန့်ဖေက ဦးဘဲဥအနီးခုံမှာ လာထိုင်ပြီး ... နေ့ခင်းက ကားနောက်မှာ တွယ်စီးသည့်လူများကြောင့် ယာဉ်ထိန်းရဲ အဖမ်းခံရသည့်အကြောင်း မကျေမနပ်နှင့် အာဘောင်အာရင်း သန်သန်ဖြင့် ပြောလာသည်။

"ဟာ အာစရိ ဆေးရုံမှတ်တိုင်ရောက်ပြီ ရပ်ဦး"

"မင်းက စကားတွေ လာပြောနေတော့ သတိမေ့သွားတယ်"

ညွန့်ဖေက ဦးဘဲဥအား ကားရပ်ခိုင်းရင်း နောက်သို့ သတိ ပေးရန် လှည့်အကြည့် ...

"ဟင်"

"ကားပေါ်မှာ ဘယ်သူမှ မရှိဘူး"

ညွန့်ဖေက ကားနောက်ဘက်အပေါ်မှာ ထွက်ရပ်ရင်း ...





"မောင်း ... ဆရာရေ ... မောင်း ... ဘယ်သူမှကို ပါမလာသလို ဘယ်သူမှလည်း အောက်မှာမရှိဘူး ပြဿနာပဲ၊

လမ်းသစ်မှတ်တိုင်မှာ ကျွန်တော် နောက်ကိုကြည့်မိတော့ သူတို့ရှိသေးတယ် ... နောက်ပိုင်း စကားကောင်းသွားတာနဲ့ သူတို့ကို သတိမပြုမိလိုက်ဘူး"

နောက်ပိုင်း ဂိတ်မှာ သတင်းကြားရတယ်။

ဆေးရုံလာတက်ပြီး ကလေးမမွေးနိုင်လို့ ကလေးမိခင် သေသွားပြီး တစ်ပတ်မကြာဘူး ... အိမ်မှာ မကျန်းမမာ ဖြစ်နေတဲ့ အမေအိုကြီးလည်း သမီးစိတ်နဲ့ သေသွားခဲ့တယ်တဲ့ သံလမ်းဆုံ နားက တဲတစ်တဲမှာ ဖြစ်သွားခဲ့တာလို့ ... တစ်ယောက်စကား တစ်ယောက်နားကြားပြီး သိခဲ့ရတယ်။

"သေသွားတဲ့ မိခင်ကြီးက သမီးသေရတာ သူကိုယ်တိုင် ဆေးရုံလိုက်ပြီး မစောင့်ရှောက်ခဲ့ရလို့ဆိုတဲ့ အစွဲနဲ့ သေသွားပါ လိမ့်မယ် ... အဲ့ဒီစိတ်နဲ့ သူသေပြီးနောက်ပိုင်း ကိုယ်ဝန်သည် သမီးကို ဆေးရုံလိုက်ပို့နေမှာပေါ့"

"အေး ... အဲ့ဒီ ငါနဲ့အတူမောင်းဖက် ကိုဘဲဥတို့ ကြုံခဲ့ ရတာ ... ဟာ ... မေ့နေလို့ နောက်ထပ်တစ်ခု ရှိသေးတယ်။ အခုမှ သတိရတယ် ... (၇၇) ကားဂိတ်နားမှာ ဝိုသားနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း သူ့ဆရာသုံးယောက် သရဲခြောက်တာ ခံလိုက်ရသေးတယ်ကွ"

ဖြစ်ပုံကဒီလို ... ညနေသုံးနာရီလောက် ဂိတ်ပြန်ရောက်ပြီး ပိတ်ဆိုးမယ်အပြု ဂိတ်မှာ ကားမရှင်းတာနဲ့ ရှေ့နားနည်းနည်း မောင်းသွားလိုက်တယ်။ အဲဒီမှာ (၇၇) အုံမြောက်ပိုင်းနဲ့ တောင်ပိုင်းသွားတဲ့ ကားလေးဂိတ်ရှိတယ် ... အဲဒီဂိတ်နားမှာ လမ်းလေးကွဆုံဖြစ်နေလို့ ကျယ်တာနဲ့ ကားသွားကွေ့လိုက်တယ် ဆိုပါတော့၊

ကားက ဘာဖြစ်သွားတယ်မသိဘူး ... ရုတ်တရက် ထိုးရပ်သွားတယ် ... ဂီယာထိုးမရတော့ဘဲ ရပ်သွားတယ်၊

သူတို့ဆရာတပည့်နှစ်ယောက်လည်း ကားပြင်တတ်တဲ့ လူတစ်ယောက်ကိုခေါ်ပြီး အရေးပေါ် ပြင်ကြတယ်။ ဂီယာအုံကို ဖြုတ်ပြီး ပြင်ကြတယ်။ ညမိုးချုပ်တဲ့အထိ ပြင်လို့မပြီးသေးဘူး (၇၇)လိုင်းကလည်း သိမ်းပြီ၊

သူတို့အနီးမှာရှိတဲ့ ဆိုင်တွေလည်း ပိတ်ကုန်ပြီ ... အချိန်က ညရှစ်နာရီကျော်လာပြီ ... ဟိန်းစိုးက သူငယ်ချင်းလိုက်သောကား ပျက်သည်ဆို၍ လာစကားပြောရင်း အရက်တစ်ပုလင်းဝယ်ပြီး သုံးယောက် ထိုင်သောက်နေကြသည်။ ကားကို မပြင်တော့ ဖြုတ်ထားသည်များကို ထိုင်စောင့်ရန်သာ ရှိတော့တယ်၊





အိမ်က ထမင်းလာပို့ထားသည့်အတွက် ထမင်းစားရန် ပြင်နေသည်။ အရက်သောက်ပြီးမှ ထမင်းချိုင့်လာပို့သည်။

"ဟိန်းစိုး ... မင်း ... စားပြီးပြီလား၊ မစားရသေးရင် ဝင်စားလိုက် စောစောကလာပို့ရင် အမြည်းလုပ်လို့ရတယ်"

"စားခဲ့ပြီးပြီ ... ဗိုက်တင်းနေလို့ အရက်တောင် နှစ်ပန်းကန် သောက်နိုင်တယ် ... ငါအမဲသားမစားဘူးကွ"

"ငါတို့အိမ်က အမဲသားသိပ်ကြိုက်ကြတာ မကြာခဏ ချက်ဖြစ်တယ်။ ငါ့ဆရာလည်း အမဲသား မစားဘူးကွ"

"ကဲ ဆရာ ... ကျွန်တော်စားနှင့်တော့မယ်"

"အေး ... စားနှင့် ငါခဏနေမှ စားမယ် ... အိမ်က ကြက်သားနဲ့ ဘူးသီးလို့ ပြောသွားတာပဲ ... စားဦးမလား ငါ့ဟင်းတွေ ယူစား၊ ဟိန်းစိုး အမဲသားမစားရင် ကြက်သားဟင်း ယူစားလေ"

"ဟာ ... ကျွန်တော့်ဗိုက်က လက်မခံတော့ဘူး"

ထမင်းစားတော့ အချိန်က ကိုးနာရီခန့်ရှိပြီ၊ အနီးမှာ မီးမရှိ၍ အနည်းငယ် မှောင်နေသည်။

ထမင်းစားနေစဉ် ... အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ခေါင်းကို ဖုံးအုပ်ထားသော ယောကျ်ားတစ်ယောက် အနီးမှာ



www.burmeseclassic.com

www.burmeseclassic.com



လာရပ်ပြီး ... လက်နှစ်ဘက် ရှေ့သို့ထုတ်၍ ထမင်းပေးရန် တောင်းနေသည်။ ထွန်းလှလည်း မိုက်ဝသလိုဖြစ်နေပြီ။

မျက်နှာကိုမမြင်ရသော်လည်း တောင်းရမ်းစားသောက်သူ တစ်ယောက်မှန်းသိသဖြင့် သတင်းစာအဟောင်းနှစ်ရွက်ကိုထပ်၍ ထမင်းပုံလိုက်ကာ ထိုအပေါ်မှ ဟင်းချိုင့်ထဲ ကျန်သမျှ ပုံထည့်ပြီး ပေးလိုက်သည်။

ဟိန်းစိုးက အတက်အဆင်းအပေါက်ကို ကျောပေးသည့် အနေအထားဖြင့် ထိုင်နေသည်မို့ ... ထိုလူအား အမှတ်တမဲ့ လှည့်ကြည့်လိုက်ပြီး အရက်လက်ကျန်ကို ဆက်သောက်နေသည်။

ထမင်းတစ်ချိုင့်နီးပါး ပိုတာအကုန်ထည့်ပေးလိုက်တယ်။

"ဒီလူကို တစ်ခါမှ မမြင်ဘူးပါဘူး"

"မင်းက သူ့မျက်နှာကို တွေ့လိုက်လို့လား"

"မတွေ့လိုက်ဘူး ... သူ့လိုပုံသဏ္ဌာန်မျိုး ဒီအနီးအနားမှာ မတွေ့ဖူးလို့ပြောတာ"

"မင်း ထမင်းချိုင့်မှာ တို့စရာကျန်သေးလား"

"ဆရာ ... စားတော့မလို့လား၊ ခရမ်းသီးပြုတ်နှစ်လုံးငဲ ကျန်တော့တယ်၊ သခွားသီးစိတ်တွေ ဒီအတိုင်း ထိုင်စားပစ်တာ"

"ရပါတယ်ကွာ၊ ကျန်တာပဲပေး ... ငါ့ချိုင့်ထဲမှာ ငါးပိရည်ပဲ





ပါတယ်၊ တို့စရာ မေ့ကျန်ခဲ့တာဖြစ်မယ်"

ဒရိုင်ဘာဦးထွန်းက ပြတင်းပေါက်အနီးမှာထိုင်ပြီး ထမင်းချိုင့် ဖွင့်ကာ စားရန်ပြင်နေသည်။

ထမင်းကို အားပါးတရ ငုံ့စားနေစဉ် ကားသေးတံခါးပေါက်မှ လူတစ်ယောက်ရပ်လာပြီး လက်နှစ်ဘက်ဖြန့်ကာ ထမင်းတောင်း နေသည်။

တောင်းသည့်လူက ထည့်စရာမပါ ... လက်ဖြန့်ကာ တောင်းနေသဖြင့် ထည့်စရာအတွက် ခေါင်းလှည့်၍ ဘေးဘီသို့ ကြည့်လိုက်သည်။ သတင်းစာခေါက်ကို တွေ့လိုက်သည်။

"ထွန်းလှ မင်းဘေးက သတင်းစာခေါက်ကို ဒီဘက်လှမ်း လိုက်ကွာ"

"သတင်းစာနှစ်ရွက် ကျွန်တော် ... ဆုတ်ပစ်လိုက်ပြီ"

"ငါလည်း ဆုတ်မလို့ပါ"

ဦးထွန်းက သတင်းစာနှစ်ရွက် ခေါက်ကာ ထမင်းပုံပြီး ဟင်းများကို လောင်းချလိုက်သည်။ ငါးပိရည်ပါ ဆမ်းပေးလိုက်ပြီး ပြတင်းပေါက်မှ လူကို ကမ်းပေးလိုက်သည်။

ထိုလူလည်း ထမင်းထုတ်ကိုယူပြီး ထွက်သွားသည်။ အချိန် က ကိုးနာရီသာသာ အလင်းရောင်ဖျော့ဖျော့သာရှိ၍ ကားအတွင်း



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ထက်အပြင်မှာ မှောင်နေသည်။

ထိုလူလှည့်ထွက်သွားမှ ဦးထွန်း တစ်ခုစဉ်းစားမိသွားသဖြင့် ကားတံခါးမှ ခေါင်းပြူ၍ အပြင်သို့ကြည့်လိုက်သည်။

"ဟင် ဘယ်လိုလဲဟ"

"အာစရိ ... ဘာဖြစ်လို့လဲ"

"ငါတို့ ... သရဲအခြောက်ခံရပြီထင်တယ်"

"ဟင် ... ဘယ်ကသရဲလဲ"

"ငါ့ထမင်းစားလို့ တစ်ချိုင့်ကုန်သွားတဲ့ အချိန်မှာပဲ ကားတံခါးပေါက်ကရပ်ပြီး "ထမင်းတောင်းလို့ သတင်းစာတောင်းပြီး ထမင်းထည့်ပေးလိုက်တာကွ"

"အာစရိ ထမင်းစားရင်း သတင်းစာဖတ်မယ်ထင်တာ ... ထမင်းတောင်းတဲ့လူကို မတွေ့ပါဘူး"

"မင်းတို့ တကာယ်မတွေ့ဘူးလား"

"မတွေ့ဘူး ... ဟိန်းစိုး ... မင်းတွေ့လား"

"မတွေ့ဘူးကွ"

"မင်းတို့သာမတွေ့သာ ဒီမှာ ကိုယ်လုံးတစ်ဝက်တောင်ပေါ်နေတာ ငါအမှတ်တမဲ့ မစဉ်းစားဘဲ ထမင်းထည့်ပေးလိုက်တယ်၊ ပြီးမှ ဒီလောက် ဗိုက်ပူရဲ့ကားတံခါးပေါက်မှာ တစ်ကိုယ်

BURMESE CLASSIC .com





လုံးပေါ်အောင် ဘာကိုခုပြီး အပေါ်တက်တောင်းတာလဲလို့ စဉ်းစားမိတာနဲ့ ... ခေါင်းပြူကြည့်လိုက်တော့ ကားဘေးမှာ ခုခံစရာ ခုံဆိုလို့ ဘာမှမရှိဘူး၊ ထမင်းထုတ်ယူသွားတဲ့ လူကိုလည်း မတွေ့တော့ဘူး"

"ဦးထွန်း ပြောတဲ့အတိုင်းဆို သူ့အရပ်က ခုနစ်ပေ၊ ရှစ်ပေလောက် ရှိမှာပေါ့၊

ဒါဆို စောစောက မင်းထမင်းစားတုန်း လာတောင်းတာလည်း အဲဒီသရဲပဲဖြစ်မယ်၊ သူ့မျက်နှာကို မမြင်ရအောင် ဖုံးအုပ်ထားတယ်"

"ငါ့ဆီမှာတောင်းတဲ့ သရဲလည်း မျက်နှာဖုံးထားတာပဲ ... ဒါဆို ဒီမလေးရှားပိတောက်ပင်မှာနေတဲ့ သရဲပဲဖြစ်မယ်"

သူတို့ကားအနီးမှာ အုပ်အုပ်ဆိုင်းဆိုင်းနှင့် မလေးရှားပိတောက်ပင်ကြီးကို တွေ့သည့်အတွက် ထိုအပင်ကသရဲ ထမင်းလာတောင်းသည်ဟု အားလုံးက ယုံကြည်လိုက်သည်။

"ဝုန်း ... ဂုန်း ... ဝုန်း ..."

"ကားကို ... ဆွဲလှုပ်နေတာကွ"

"ဟော့ ... ငါတို့ကျွေးတာစားပြီး ငါတို့ကို မခြောက်ကွ ... ငါတို့နဲ့ ဝေးရာမှာနေ"



www.burmeseclassic.com

www.burmeseclassic.com

"ဝုန်း ... ဝုန်း ... ဝုန်း ..."

"ဟော့ ... ကောင်တွေ ... ငါတော့ မနေတော့ဘူး ... အိမ်ပြန်တော့မယ်"

ဦးထွန်းက ထမင်းချိုင့်ကိုပင် မယူဘဲ ကားပေါ်က ခုန်ဆင်းပြီး (၁၂၅)ရပ်ကွက်ဘက်ဝင်သော လမ်းဆီ ထွက်ပြေးသဖြင့် ဟိန်းစိုးနှင့် ထွန်းလှတို့လည်း ကားပေါ်မှ ခုန်ဆင်းပြီး (၃၆)ဂိတ်ဘက်သို့ ပြေးသွားတော့သည်။

ကားကို တစ်ညလုံး ပစ်ထားပြီး မနက်လင်းမှ ဦးထွန်း ကားဆီ ရောက်သွားသည်။ ကားပေါ်မှာ ဘာပစ္စည်းမှ မပျောက် ထမင်းချိုင့်များလည်း ထားခဲ့သည့်အတိုင်း ရှိနေသည်။

မနက်မိုးလင်းတော့ သားဖြစ်သူ ဟိန်းစိုးလည်း ဦးအေးလွင် အား ညက ဦးထွန်းတို့ဆရာတပည့် ကားစောင့်ရင်း ထမင်း စားစဉ် သရဲရောက်လာပြီး ထမင်းတောင်းစားသည့်အကြောင်းနှင့် ကားကို ... သရဲတွန်းလှုပ်၍ ထွက်ပြေးကြသည့်အကြောင်းကို ပြောပြသည်။

"ပြီးခဲ့သည့်နှစ်က ... ငါ့သမက်မောင်းတဲ့ လိုင်းမှာလည်း ဗိုက်ကြီးသည် သရဲမသတင်း ဟိုးလေးကျော်ဖြစ်ခဲ့တယ်"

ခရီးသည်တွေ မှတ်တိုင်မှာ ကားစောင့်နေတဲ့အချိန် လိုင်းကား





နှစ်စီး မှတ်တိုင်လုဝင်ကာ ကားရပ်နေတဲ့ ခရီးသည်လေးယောက် ကို ပွတ်တိုက်မိသွားတယ် ... ခရီးသည်သုံးယောက်က သာမန် ဒဏ်ရာရသွားပေမဲ့ ဗိုက်ကြီးသည်တစ်ယောက်က ကလေးပျက်ကျ သွားပြီး ဆေးရုံအပို့ လမ်းမှာ ဆုံးသွားခဲ့တယ်။

အဲဒီဗိုက်ကြီးသည်က ကားစောင့်ရင်း ကားတိုက်ခံရပြီး သေဆုံးသွားတဲ့အတွက် မကျွတ်မလွတ်ဘဲ ညပိုင်း ကားအတော် များများနဲ့ ဆုံကြတယ်။

တစ်ရက် မြို့ထဲက နောက်ဆုံးအခေါက်အဖြစ် အောင်စိုးဦး ကားမောင်းပြန်ခဲ့သည်။ ညရှစ်နာရီဝန်းကျင်မှာ ဗိုက်ကြီးသည် ... သေဆုံးသွားသည့် မှတ်တိုင်အနီးသို့အရောက် မှတ်တိုင်မှာ ... ဗိုက်ကြီးသည်နှင့် ယောကျ်ားတစ်ယောက် ရပ်ပြီး ကားစောင့် နေသည်ကို တွေ့လိုက်သည်။

"အင်း ... ဗိုက်ကြီးသည်ကတော့ စောင့်နေပြန်ပြီ"

ကားကို အနီးမှာ ရပ်လိုက်တော့ ဗိုက်ကြီးသည်က ဝေါ်း ပျောက်ကွယ်သွားသည်။ ခရီးသည်တစ်ယောက်တည်း တက်လာ သည်။

"ဦးလေး ... မှတ်တိုင်မှာရပ်နေတာ ... တစ်ယောက် တည်းလား"



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ တစ်ယောက်တည်းမို့ တစ်ယောက်ထဲ တက်လာတာပေါ့ကွ"

"ကျွန်တော်က နှစ်ယောက်ရှိတယ် ထင်လိုက်လို့"

အောင်စိုးဦးက ... ကားပေါ်တက်လာသည့် ခရီးသည်ကို မေးနေစဉ် ကားပေါ်ပါလာသည့် ခရီးသည်တချို့က သူတို့လည်း မြင်လိုက်သည်ဟု ဆိုလာသည်။

အချို့က မမြင်ဟု ... ဆိုကြသည်။ ကားပေါ်ပါလာသည့် စပယ်ယာက မမြင်ဟုဆိုသည်။

ထို့နောက်ပိုင်း မိုက်ကြီးသည်ဝိညာဉ်၏ သတင်းကြီးလာသည့်အတွက် ထိုမှတ်တိုင်မှာ မိသားစုနှင့် အနီးနားလူများ စုပေါင်းပြီး ဘုန်းကြီးပင့် ပရိတ်နာခြင်း ပြုလုပ်ကြသည်။

"အဲဒီနောက်ပိုင်း မိုက်ကြီးသည်ဝိညာဉ်သရဲမနဲ့ ဆုံကြတယ်ဆိုတဲ့ သတင်းစကား မကြားတော့ဘူးလို့ ... ဦးသမက် အောင်စိုးဦးက ပြောတယ်၊

သရဲဝိညာဉ်ဆိုတာကလည်း လူတိုင်းမြင်ကြတာ မဟုတ်ဘူး ... သူမြင်စေချင်တဲ့ လူ ... ကံနိမ့်တဲ့လူ ... လိပ်ပြာလှတဲ့ လူတွေပဲ မြင်နိုင်တယ်လို့ ကြားဖူးတယ်"





"ကဲ ... စကားပြောလို့တော့ ကောင်းပါတယ်၊ ငါ ... တပင်ရွှေထီးလမ်းထဲ သွားစရာရှိသေးတယ်၊ ငါ့ အခုမြင်သာမှာ နေတယ် ... သမီး တို့နဲ့ အတူနေတယ် ... ကဲ ... ငါ ... ရှင်းလိုက်မယ်"

"ဟာ ... သွားစရာရှိတာသွားပါ။ ကျွန်တော် ရှင်းမှာပေါ့၊ ကျွန်တော့်ကို သရဲဇာတ်လမ်းပြောပြတဲ့အတွက် ကျေးဇူးတင်တဲ့ အနေနဲ့ တိုက်ချင်လို့ပါ"

"ကဲ ... ဒါဆိုလည်း နောက်တစ်ခါမှ ငါ ... မင်းကို တိုက်တော့မယ်"

ပြောပြောဆိုဆို ထသွားသည့်အတွက် ကျွန်တော်လည်း ပိုက်ဆံရှင်းပြီး ကားမှတ်တိုင်သို့ ထွက်လာခဲ့သည်။

ဧကာန်မင်း

BURMESE CLASSIC .com
www.burmeseclassic.com



www.burmeseclassic.com
မဖဲဝါနှင့်
တစ္ဆေမျောက်များ
ဘောနီမင်း
BURMESE CLASSIC .com
ဖြန့်ချိရေး
မိတ်ဆွေစာပေ
(၆၀)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်
၀၉ ၂၅၀၆၆၀၃၀၃၊ ၀၉ ၇၉၆၇၈၈၃၉၇
www.burmeseclassic.com